# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၆ ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ စနေနေ့ အတွဲ (၅၇)၊ အမှတ် (၃၄၈)


# မိမိတို့နိုင်ငံ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ နိုင်ငံသားများရဲ့ လူ့အခွင့်အရေးနဲ့ တရားဥပဒေ စိုးမိုးရေးအတွက် ဒီမိုကရေစီမျိုးစေ့ အမြစ်တွယ် ရှင်သန်ဖွံ့ဖြိုးဖို့ အားလုံး တက်ညီလက်ညီကြိုးစား

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်

**လေးစားအပ်ပါသော ပြည်သူများခင်ဗျား -**

ဒီကနေ့ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ပေါင်းစည်းညီညွတ်မှုနဲ့အတူ ဒီမိုကရေစီရဲ့ အနှစ်သာရများကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ကြပါစေ၊ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အလေ့အထကောင်းများ ထွန်းကားရှင်သန်နိုင်ပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိတဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံများကို ဂုဏ်ပြုဖို့၊ ဒီမိုကရေစီကျင့်စဉ်များကို အားပေးမြှင့်တင်နိုင်ဖို့၊ ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ် အစဉ်ရှင်သန်နေစေဖို့နဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများကို အနာဂတ်ကာလတွင်ပါ အစဉ်အမြဲလုပ်ဆောင်စေဖို့ စသည်တို့ကို ရည်ရွယ်ပြီး နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အဖြစ် သတ်မှတ်ပြီး နိုင်ငံအလိုက် အထိမ်းအမှတ်အခမ်းအနားများ ပြုလုပ်ကြဖို့ ၂၀၀၇ ခုနှစ် (၆၂) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို မြန်မာနိုင်ငံမှာ ကျင်းပပြုလုပ်


*စာမျက်နှာ ၃ ကော်လံ ၁* ✤


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နန်နင်းမြို့မှ ကူမင်းမြို့သို့ ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ဒုတိယသမ္မတနှင့်အဖွဲ့အား ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး H.E. Mr. Huang Shiyong၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Chen Jie၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကူမင်းလေဆိပ်၌ ကြိုဆို**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကူမင်းမြို့သို့ ရောက်ရှိကြရာ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wang Wei၊ ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**နေ့လယ်စာစားပွဲ တက်ရောက်**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Zhang Guohua က တည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။


*စာမျက်နှာ ၃ ကော်လံ ၅* ❍




ဒုတိယသမ္မတ ဦးမြင့်ဆွေအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ သတင်းစဉ်




မြန်မာ့အလင်း

# ဒီရေတောဂေဟာစနစ်

ဒီရေတောတို့သည် ပင်လယ်ကမ်းရိုးတန်းရှိသော နိုင်ငံတို့အတွက် သဘာဝက ပေးအပ်ထားသည့် ရတနာတစ်ပါး ဖြစ်ပါသည်။ ဒီရေတောတို့သည် သစ်ပင်မျိုးစုံနှင့် တိရစ္ဆာန်မျိုးစုံတို့ ပေါက်ပွားရာနေရာ ဖြစ်ပါသည်။ ငှက်အတော်များများသည် ဒီရေတော၌ အိပ်တန်းတက်သကဲ့သို့ အသိုက်များလည်း တည်ဆောက်ကြပါသည်။ ငါး၊ လိပ်နှင့် မျောက်မျိုးကွဲတချို့သည်လည်း ဒီရေတော၌ ကျက်စားကြပါသည်။ ဒီရေတောတို့သည် ငါး၊ ပုစွန်နှင့်ကဏန်းတို့အတွက် အစားအစာရရှိရာ ရင်းမြစ်ဒေသ ဖြစ်ပါသည်။ ဒီရေတောတစ်ဟက်တာသည် တစ်နှစ်လျှင် ကာဗွန် (၁၇) မက်ထရစ်တန်ကို စုပ်ယူထိန်းသိမ်းထားနိုင်သည်ဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် များစွာအသုံးဝင်သော သစ်တောမျိုး ဖြစ်ပါသည်။ တစ်ဖန် ဒီရေတောတို့က မြစ်ချောင်းတို့မှ သယ်ဆောင်လာသော နုန်းတို့ကို ဖမ်းယူထိန်းသိမ်းထားနိုင်ခြင်းသည်လည်း ကမ်းရိုးတန်းကုန်းတွင်းနယ်မြေတို့ကို ကျယ်ပြန့်စေပါသည်။ ပုံမှန်အားဖြင့် သစ်ပင်တို့သည် မြေကြီးကို အမှီပြု၍ ပေါက်ပွားရှင်သန်ကြရပါသည်။ သို့သော် ဒီရေတောတို့ကမူ ကုန်းမြေတို့ကို ပွားများ ကျယ်ပြန့်စေပါသည်။

ဤမျှအသုံးဝင်သော ဒီရေတောဂေဟာစနစ်ကို ပြန်လည်ထိန်းသိမ်းပျိုးထောင်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပျိုးပင် ၁၀ သိန်းစိုက်ပျိုးသွားမည် ဖြစ်ပါသည်။ ထိုကဲ့သို့ စိုက်ပျိုးသွားမည့်စီမံကိန်းအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီမှုရယူလျက် **Worldview International Foundation** နှင့် လက်တွဲအကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ ပင်လယ်ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်းစီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤစီမံကိန်းကာလအတွင်း ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှ ကော့မှူးမြို့နယ်၊ သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ခရမ်းမြို့နယ်များတွင် ဒီရေတောများကို ထိန်းသိမ်းစိုက်ပျိုးသွားမည် ဖြစ်ပါသည်။

နာဂစ်မုန်တိုင်းကာလအတွင်း ဒီရေတောတို့က လက်ခုပ်ကုန်းကျေးရွာအား မုန်တိုင်း၏ပျက်စီးမှုဒဏ်မှ ကာကွယ်ပေးခဲ့ပုံသည် ဒီရေတောတို့၏ အကျိုးများပုံကို ရှင်းလင်းစွာ ဖော်ပြနေပါသည်။ ၂၀၀၄ ခုနှစ် ဆူနာမီအပေါ် အကြောင်းပြု၍ ဖြစ်ပေါ်လာသော ရေကြောင်းပြောင်းလဲမှုကြောင့် လက်ခုပ်ကုန်းကျေးရွာဝန်းကျင်တွင် နုန်းများစုစည်းလာပြီး ဒီရေတောများ ပေါက်ပွားရှင်သန်လာပါသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း လက်ခုပ်ကုန်းကျေးရွာဝန်းကျင်၌ ကျယ်ပြန့်သည့် ဒီရေတောတို့ ဖြစ်ထွန်းတည်ရှိလာခဲ့ပါသည်။ အဆိုပါဒီရေတောတို့က လက်ခုပ်ကုန်းကျေးရွာအား နာဂစ်မုန်တိုင်းဒဏ်မှ ကာကွယ်ပေးခဲ့ပါသည်။ နိဂုံးချုပ်အားဖြင့် ပြည်သူလူထုနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် ဒီရေတောဂေဟာစနစ် ထိန်းသိမ်းရေးလုပ်ငန်းစဉ်တို့အား လေးနက်စွာကြိုဆိုပါကြောင်း တင်ပြအပ်ပါသည်။ ။

# ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲကျိုးပေါ့မှုကြောင့် လျှပ်စစ်ဓာတ်အားပိတ်ထားရသည့် ဒေသများအား ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ပို့လွှတ်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲကျိုးပေါ့မှုကြောင့် ဓာတ်အားလိုင်း၊ အိမ်သုံးမီတာ၊ ပါဝါမီတာနှင့် စီတီမီတာများ ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းငွေကျပ် ၇၈ ဒသမ ၅၅သန်းခန့်ပျက်စီးခဲ့ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဓာတ်အားပိတ်ထားရသည့် ဒေသများကိုလည်း ပုံမှန်အတိုင်း ဓာတ်အားပြန်လည် ပေးထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရေတာရှည်မြို့နယ်ရှိ ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲ ရေတိုက်စားမှုကြောင့် ဩဂုတ် ၂၉ ရက်က ဓာတ်အားပို့လွှတ်မှု ခေတ္တပိတ်ထားခဲ့ရသော ဆွာမြို့ရှိ ခင်တန်းလေးကျေးရွာ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ဓာတ်အားစနစ်သုံးစွဲသူ ၁၅၇ ဦးကို စက်တင်ဘာ ၁ ရက်တွင် ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ခဲ့ပြီး ဆွာမြို့တစ်မြို့လုံးကို ပုံမှန်အတိုင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကာ အိမ်သုံးမီတာ ၂၅လုံး၊ ပါဝါမီတာတစ်လုံးနှင့် စီတီမီတာတစ်လုံးပျက်စီးခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၁ ဒသမ ၅သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ယမန်နေ့ နံနက်က ပြုလုပ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအခမ်းအနားမှ သိရသည်။

ဆွာမြို့နှင့် ရေတာရှည်မြို့ကြား ၃၃ကေဗွီဓာတ်အားလိုင်းရှိ ရထားသံလမ်း H Pole တိုင် ၁၉ တိုင် လဲကျပျက်စီးကာ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင် ပျက်စီးသွားမှုကြောင့် ရေတာရှည်မြို့နယ်၌ ဩဂုတ် ၂၉ ရက်တွင် ဓာတ်အားပြတ်တောက်ခဲ့သဖြင့် ၂၃၀/၃၃/၁၁ ကေဗွီ ဟင်းငုတ်ပင် ပင်မဓာတ်အားခွဲရုံမှ ကေတုမတီမြို့သို့ ဓာတ်အားပေးထားသော ၃၃ကေဗွီ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် (တ.ပ.ခ ဖီဒါ) ဓာတ်အားလိုင်းမှတစ်ဆင့် ရေတာရှည်မြို့သို့ ဓာတ်အားရယူကာ ဩဂုတ် ၃၁ ရက်က ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးထံမှ သိရသည်။

ရေတာရှည်မြို့နယ်တွင် ဓာတ်အားလိုင်းပျက်စီးမှုကြောင့် စုစုပေါင်း ငွေကျပ် ၇၅ ဒသမ ၇၃ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး အိမ်သုံးမီတာ သုံးလုံးနှင့် စီတီမီတာ နှစ်လုံးပျက်စီးခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၀ ဒသမ ၉သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ပျက်စီးသွားသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းကို လိုင်းဟောင်းဖျက်သိမ်းခြင်း၊ တိုင်အသစ်စိုက်ထူခြင်း၊ ကြိုးဆွဲခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ကေတုမတီမြို့နယ်အတွင်းရှိ ရွာတန်းရှည်ကျေးရွာအား ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၃၁ရက်တွင် ဓာတ်အားပိတ်ထားခဲ့ရပြီး စက်တင်ဘာ ၃ ရက်တွင် ထရန်စဖော်မာအားလုံး ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် စစ်တောင်း မြစ်ရေမြင့်တက်မှုကြောင့် ဩဂုတ် ၃၀ ရက်က တောင်ငူမြို့တွင် ထရန်စဖော်မာ ၁၂လုံး၊ ဩဂုတ် ၃၁ ရက်တွင် အုတ်တွင်းမြို့နယ်အတွင်းရှိ ထရန်စဖော်မာ ခုနစ်လုံးနှင့် ထန်းတပင်မြို့တွင် ခုနစ်လုံးတို့အား ဓာတ်အားပိတ်ထားခဲ့ရပြီး စက်တင်ဘာ ၃ ရက်တွင် ထရန်စဖော်မာအားလုံး ပုံမှန်အတိုင်း ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

*ကျောဖုံးမှ*

ပိုမိုအကျိုးဖြစ်ထွန်းမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မျိုး၊ နည်း၊ မြေ၊ ရေဆိုသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေးနှင့် ရေလုံလောက်စွာရရှိရေးတို့သည် အရေးကြီးကြောင်း၊ မျိုးရွေးချယ်ရာတွင် ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ဝင်သည့် မျိုး ဖြစ်ရန်လိုအပ်ကြောင်း၊ လက်တွေ့စိုက်ပျိုးထုတ်လုပ်နေသူများ၏ တင်ပြချက်များအရ အာလူးတစ်ကေလျှင် မျိုးပိဿာချိန် ၁၀၀၀ ခန့် သုံးစွဲရသည်ဟု သိရကြောင်း၊ တစ်ကေ၌ ၎င်းထက် ပိုမိုဝင်ဆံ့အောင်စိုက်ပျိုးနိုင်ပါက အထွက်နှုန်း ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဟု အကြံပြုလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြေကို အကျိုးရှိရှိ အသုံးချနိုင်ရန်အတွက် ဓာတ်မြေဩဇာများ အသုံးပြုနေသည့်အစား သဘာဝဓာတ်မြေဩဇာကို ပိုမိုသုံးစွဲစေလိုကြောင်း၊ ထိုသို့သုံးစွဲနိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းကိုပါ ပူးတွဲလုပ်ဆောင်ခြင်းဖြင့် သဘာဝဓာတ်မြေဩဇာရရှိရေးအတွက် အထောက်အကူရရှိစေမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများ၏ အာလူးစားသုံးမှုနှင့်ယှဉ်ပါက ပြည်တွင်း၌ အာလူးစားသုံးမှုနည်းပါးနေသဖြင့် ဈေးကွက်ပြန့်ပွားရေး၊ စားသုံးမှုများပြားရေး ပညာပေးဆောင်ရွက်သွားပါက အာလူးသည် မြန်မာ့အဓိက ထွက်ကုန်တစ်မျိုးပင်ဖြစ်လာနိုင်မည်ဟုယုံကြည်ကြောင်း၊ စနစ်တကျစိုက်ပျိုးပါက ယခင်ကပြည်ပသို့ တင်ပို့ခဲ့သည့်နည်းတူ ပြည်ပပို့ကုန်အဖြစ် မျှော်မှန်းဆောင်ရွက်စေလိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အာလူးစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် "တစ်မူးရှိလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တုနိုင်ရိုးလား" ဆိုသည့်အတိုင်း ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဒေသထွက်အာလူးများကို ကြည့်ရှုပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသည့် အာလူးစိုက်တောင်သူများအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

# ရေတာရှည်နှင့် ဆွာဘူတာအကြား ရထားလမ်းပိုင်းပြင်နေသော်လည်း ရန်ကုန်မှ မန္တလေးအထိ အမြန်ရထား အစုန်နှစ်စင်း၊ အဆန်နှစ်စင်း ပြေးဆွဲလျက်ရှိ

ရေတာရှည် စက်တင်ဘာ ၁၄

**ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲ ကွန်ကရစ်နံရံကျိုးပေါက်ရာမှ ဆွာချောင်းတစ်လျှောက် ရေကြီးရေလျှံမှုဖြစ်ပွားကာ ရထားလမ်းပိုင်းပျက်စီးခဲ့သည့်အတွက် ပြန်လည်ပြင်ဆင်ရေး လုပ်ဆောင်နေချိန်တွင် မြန်မာ့မီးရထားက ရန်ကုန်မှ မန္တလေးအထိ အစုန်၊ အဆန် ပုံမှန်ပြေးဆွဲလျက်ရှိသော ရထားများ ခေတ္တရပ်နားထားရပြီး အစုန်နှစ်စင်း၊ အဆန်နှစ်စင်းသာ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။**

ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ဩဂုတ် ၃၀ ရက် တစ်ရက်တည်းသာ ခရီးစဉ်ရပ်နားထားကာ ဩဂုတ် ၃၁ ရက်မှစ၍ ရန်ကုန်-မန္တလေး အဆန်ရထားခရီးစဉ်အမှတ်(၁၁)နှင့် မန္တလေး-ရန်ကုန် အစုန်ရထားခရီးစဉ်အမှတ်(၁၂)ကို လည်းကောင်း၊ စက်တင်ဘာ ၃ ရက်မှစ၍ ရန်ကုန်-မန္တလေး အဆန်ရထားခရီးစဉ်အမှတ်(၃)နှင့် မန္တလေး-ရန်ကုန် အစုန်ရထားခရီးစဉ်အမှတ်(၄)ကို လည်းကောင်း ပြေးဆွဲပေးလျက်ရှိပြီး ရေတာရှည်ဘူတာနှင့် ဆွာဘူတာအကြား၌ ရထားလမ်းရေတိုက်စားကာ ပျက်စီးထား၍ ပြုပြင်လျက်ရှိသောကြောင့် ခရီးသည်များ အဆင်ပြေစွာသွားလာနိုင်ရန် ရေတာရှည်ဘူတာနှင့် ဆွာဘူတာအား တပ်မတော်မှ City Bus မော်တော်ယာဉ် ၁၆ စီးဖြင့် တပ်မတော်သားများနှင့် မြန်မာ့မီးရထားဝန်ထမ်းများက သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမန်နေဂျာ သွားလာရေးတိုင်း ၅ တောင်ငူမှ ရုံပိုင်ကြီး (အထူးတန်း) ဦးကျော်မိုးလွင်၏ ပြောကြားချက်အရ သိရသည်။

**ရေတာရှည်လမ်း**

အဆိုပါ အစုန်ရထားနှစ်စင်းနှင့် အဆန်ရထားနှစ်စင်းသည် ရေတာရှည်နှင့် ဆွာဘူတာများသို့ ရန်ကုန်-မန္တလေး အဆန်ရထား ခရီးစဉ်အမှတ် (၁၁)နှင့် မန္တလေး-ရန်ကုန် အစုန်ရထားခရီးစဉ်အမှတ် (၁၂)တို့သည် ရန်ကုန်နှင့် မန္တလေးဘူတာတို့မှ နံနက် ၆ နာရီတွင် ထွက်ခွာခဲ့ပြီး ရေတာရှည်ဘူတာနှင့် ဆွာဘူတာသို့ မွန်းလွဲ ၂ နာရီခန့်တွင် ဆိုက်ရောက်ကာ ညနေ ၄ နာရီတွင် ပြန်လည်ထွက်ခွာ၍ လည်းကောင်း၊ ရန်ကုန်-မန္တလေးအဆန်ရထား ခရီးစဉ်အမှတ်(၃)နှင့် မန္တလေး-ရန်ကုန် အစုန်ရထားခရီးစဉ်အမှတ်(၄)တို့သည် ရန်ကုန်ဘူတာနှင့်မန္တလေးဘူတာတို့မှ ည ၁၀ နာရီတွင် ထွက်ခွာပြီး ရေတာရှည်ဘူတာနှင့် ဆွာဘူတာများသို့ နံနက် ၆ နာရီခန့်တွင် ဆိုက်ရောက်ကာ နံနက် ၈ နာရီခန့်တွင် ပြန်လည်ထွက်ခွာ၍ လည်းကောင်း ပြေးဆွဲလျက်ရှိပြီး စက်တင်ဘာ ၁၈ ရက်တွင် ရထားလမ်းပိုင်းပြုပြင်ပြီးစီးကာ ပုံမှန်ရထားလမ်းများ ပြန်လည်ပြေးဆွဲနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းသည် ၃၈၅ ဒသမ ၅ မိုင် ရှည်လျားပြီး ယခင်က အမြန်ရထား ၁၆ စင်း ပြေးဆွဲကာ ယခုအခါ အခြားခရီးစဉ်အမှတ် ရထားများရပ်နားနေပြီး အဆိုပါ အစုန်၊ အဆန် ရထားလေးစင်းအပြင် ရန်ကုန်-တောင်ငူ အထူးအဆန်၊ အစုန် အမြန်ရထားနှင့် မန္တလေး-ပျဉ်းမနား အထူး အစုန်၊ အဆန် အမြန်ရထား ခရီးစဉ်လည်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။



ရန်ကုန်-မန္တလေး ရထားစီးမည့် ခရီးသည်များအား ရေတာရှည်နှင့် ဆွာဘူတာအကြား တပ်မတော်မှ City Bus ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးစဉ်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

*ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးမှ ရန်ကုန်အသင်းကို တစ်မှတ်အကွာဖြင့် ဆက်လက်ဖိအားပေးနေပြီး ချန်ပီယံဆုအတွက် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည် ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အသင်းခေါင်းဆောင် သီဟစည်သူအပါအဝင် ခရစ္စတိုဖာ၊ လီဟန်ကွတ်၊ ရန်နိုင်ဦးတို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး ရခိုင်အသင်းမှာလည်း နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို လေးမိနစ်တွင် ဇီလျံ၏ ခေါင်းတိုက်ဂိုးကြောင့် အဖွင့်ဂိုးစောစီးစွာရခဲ့ရာ ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးရပြီးနောက်ပိုင်းတွင် ဆက်လက်ဖိကစားနိုင်သော်လည်း တိုက်စစ်တွင် အချိတ်အဆက်လွဲချော်နေ၍ ဂိုးထပ်မရခဲ့ဘဲ ရခိုင်အသင်းမှာလည်း တိုက်စစ်မှူး ဆန်းဒေးနှင့် ကွင်းလယ်ကစားသမား အချိတ်အဆက်မမိသောကြောင့် ချေပဂိုးပြန်သွင်းနိုင်ခြင်းမရှိခဲ့ပေ။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးထပ်ရရန် တိုက်စစ်အားမြှင့်ခဲ့ပြီး ၆၇ မိနစ်တွင် ကွင်းလယ်လူ လီဟန်ကွတ်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ ဒုတိယဂိုးရယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက မြဝတီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် တိုက်စစ်မှူး ဆယ်လာ၏ ဟက်ထရစ်ဖြင့် နိုင်ပွဲပြန်ရကာ ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် ဂိုးများကို ၂၊ ၄၊ ၇၄ မိနစ်တွင် ဆယ်လာက သွင်းယူခဲ့ပြီး ၆ မိနစ်တွင် ရရှိသည့် တတိယဂိုးမှာ မြဝတီအသင်းမှ အောင်ကျော်သူ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းအတွက် ချေပဂိုးကို ၄၁ မိနစ်တွင် ရဲဝေယံစိုးက သွင်းယူခဲ့သည်။ ပဲခူးကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီနှင့် ရတနာပုံအသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။ ရတနာပုံအသင်းအတွက် ၂၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ရဲကိုဦး၊ ၆၃ မိနစ်တွင် ဝင်းနိုင်စိုးတို့က ဦးဆောင်ဂိုးများ နှစ်ကြိမ်တိုင်သွင်းယူခဲ့ပြီး ဟံသာဝတီအသင်းအတွက် ချေပဂိုးများကို ဂျိုးဇက်က ၄၄၊ ၉၀+၈ မိနစ်တွင် သွင်းယူခဲ့ကာ ဒုတိယဂိုးမှာ ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

✤ *ရှေ့ဖုံးမှ*

## " ဒီမိုကရေစီစနစ်မှာ နိုင်ငံသားတစ်ဦးချင်းရဲ့ အခြေခံရပိုင်ခွင့်၊ လွတ်လပ်ခွင့်များနဲ့ လူနည်းစုရဲ့ အခွင့်အရေးတွေကိုလည်း လေးစားဂရုထားရသလို၊ နိုင်ငံရဲ့ အရေးအရာကိစ္စတွေမှာလည်း ပြည်သူအများစုကို ကိုယ်စားပြုသူ ပြည်သူ့ကိုယ်စားလှယ်များရဲ့ စုပေါင်းအားနဲ့ အဖြေရှာပြီး အများဆန္ဒနဲ့အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရပါတယ် "

ခဲ့တာ ယခုနှစ်ဆိုရင် (၈) ကြိမ်တိတိ ရှိခဲ့ပြီဖြစ်ပါတယ်။ တစ်နည်းပြောရရင် မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းပြီး တည်ဆောက်ခဲ့တဲ့ သက်တမ်းသည်လည်း (၈) နှစ်တာခရီးသို့ ရောက်ရှိခဲ့ပြီလို့ ဆိုနိုင်မှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်သူများခင်ဗျား -**

ဒီနှစ်ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့မှာ နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union-IPU) က သတ်မှတ်ပေးတဲ့ ဆောင်ပုဒ်က "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး (Oversight)" ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတစ်ခုမှာ အစိုးရဆိုတာ အခြားနိုင်ငံရေးပါတီများ၊ အခြားအရပ်ဘက်အဖွဲ့အစည်းများ၊ အခြားအသင်းအဖွဲ့များ၊ မီဒီယာများ စသည်တို့နဲ့ အတူယှဉ်တွဲနေတဲ့ လူမှုအသိုက်အဝန်းထဲက အခြေခံကျတဲ့ အဖွဲ့တစ်ခုသာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခြားနိုင်ငံရေးပါတီများ၊ အခြားအရပ်ဘက်အဖွဲ့အစည်းများ၊ အခြား အသင်းအဖွဲ့များကလည်း ဒီမိုကရေစီ ရှင်သန်ခိုင်မြဲအောင် ဝိုင်းဝန်းကြပ်မတ်ထိန်းညှိပေးကြရမယ့်တာဝန်လည်း ရှိပါတယ်။ အဲဒီတာဝန်ကို မိမိတို့အားလုံးက ဝိုင်းဝန်းထမ်းရွက်ကြမယ်ဆိုရင် "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" ဆိုတဲ့ ဆောင်ပုဒ်ဟာ အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီဝါဒမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားများပါရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီဝါဒဟာ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူနိုင်ငံသားများ ကြွယ်ဝချမ်းသာရေးကိုလည်း ဦးတည်စေပါတယ်။ ဒါ့အပြင် ဒီမိုကရေစီဝါဒမှာ နိုင်ငံသူ နိုင်ငံသားတွေရဲ့ အသက်ရှင်ပိုင်ခွင့်၊ လွတ်လပ်ခွင့်နဲ့ ဝမ်းမြောက်ပျော်ရွှင်ခွင့်တို့ပါ အာမခံချက်တွေ ပေးရပါတယ်။

နိုင်ငံသူ နိုင်ငံသားများအနေနဲ့ မိမိတို့ရဲ့ကာယ ဉာဏ လုပ်အားစွမ်းအားအလိုက် အခြေအနေ သာတူညီမျှမှု၊ အခွင့်အလမ်း သာတူညီမျှမှု၊ တရားဥပဒေအရာမှာ ညီမျှမှု၊ စီးပွားရေးအလုပ်အကိုင်အရာမှာ ညီမျှမှု ဒါတွေဟာလည်း ဒီမိုကရေစီရဲ့တန်ဖိုးတွေ ဖြစ်ပါတယ်။ ဂျာမန်အကျော်ဒေးယျ ဒဿနပညာရှင်ကြီး အီမာနူးကန့်က "ကမ္ဘာ့နိုင်ငံအားလုံး ဒီမိုကရေစီသာဖြစ်ကြမယ်ဆိုရင် ထာဝရငြိမ်းချမ်းတဲ့ ခေတ်ကြီးတစ်ခုကို တည်ထောင်နိုင်လိမ့်မယ်" လို့ မိန့်မှာခဲ့ပါတယ်။ ဒီမိုကရေစီဟာ ငြိမ်းချမ်းရေးရဲ့ ရေသောက်မြစ် ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီမိုကရေစီဟာ အဖိုးအနဂ္ဃ ထိုက်တန်လှပါတယ်။

ဒါ့ကြောင့် မိမိတို့နိုင်ငံကို နိုင်ငံသားများအားလုံး ရည်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရာမှာ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားများအားလုံးရဲ့ စုပေါင်းအင်အားနဲ့ တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်ရေးဟာ အလွန်အရေးကြီးလှပါတယ်။ မိမိတို့နိုင်ငံမှာလည်း နိုင်ငံသားအားလုံး မျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို နိုင်ငံသားများအားလုံးရဲ့ **"စုပေါင်းအင်အား"** နဲ့ တည်ဆောက် အကောင်အထည်ဖော်နေချိန်ဖြစ်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ တကယ်တော့ ဒီမိုကရေစီဆိုတာ ပြည်သူ့အင်အား၊ ပြည်သူ့အာဏာကို မဏ္ဍိုင်ပြုတဲ့ နိုင်ငံရေးစနစ်ဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ခံစားချက်နဲ့ မျှော်လင့်ချက်တွေကို ဦးထိပ်ထားကာ လုပ်ကိုင်ဆောင်ရွက်ရခြင်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ နိုင်ငံသားတစ်ဦးချင်းရဲ့ အခြေခံရပိုင်ခွင့်၊ လွတ်လပ်ခွင့်များနဲ့ လူနည်းစုရဲ့ အခွင့်အရေးတွေကိုလည်း လေးစားဂရုထားရသလို၊ နိုင်ငံရဲ့အရေးအရာကိစ္စတွေမှာလည်း ပြည်သူအများစုကို ကိုယ်စားပြုသူ ပြည်သူ့ကိုယ်စားလှယ်များရဲ့ စုပေါင်းအားနဲ့ အဖြေရှာပြီး အများဆန္ဒနဲ့အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရပါတယ်။

တစ်ချိန်တည်းမှာပဲ မိမိတို့အားလုံးဟာ ဒီမိုကရေစီရဲ့ အတုအယောင်များနဲ့ အန္တရာယ်များကိုလည်း မျက်ခြည်မပြတ် ဂရုစိုက်ဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီရဲ့ အန္တရာယ်များဆိုတာ ဒီမိုကရေစီ မလိုလားသူများ၊ ဒီမိုကရေစီ ကဖျက်ယဖျက်သမားများ၊ ဒီမိုကရေစီကို မယုံကြည်သူများ၊ ဒီမိုကရေစီကို ယုံကြည်သော်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အားမလိုအားမရဖြစ်ပြီး မိမိသဘောနဲ့မိမိ လုပ်ချင်ရာလုပ်သည့်အတွက် အာဏာရှင်စနစ်ဆီသို့ ပြန်ပြီးအသက်သွင်းပေးသလို ဖြစ်သွားသူများ၊ ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အာဏာရှင်စနစ် တည်မြဲရေးအတွက် ဒီမိုကရေစီကို အလွဲသုံးစားလုပ်သူများ၊ ဒီမိုကရေစီကျင့်စဉ်နဲ့ မညီညွတ်တဲ့ နည်းလမ်းနဲ့ ပြည်သူ့အာဏာကို ရယူဖို့ကြိုးစားသူများဟာ ဒီမိုကရေစီရဲ့အန္တရာယ်များ ဖြစ်ပါတယ်။ ဒီအန္တရာယ်တွေကို အထူးအလေးအနက်ထား သတိပြုဖို့လိုပါတယ်။

**လေးစားအပ်ပါသော ပြည်သူများခင်ဗျား -**

မိမိတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးစုအများအပြား ပေါင်းစည်းနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနဲ့ ယုံကြည်ကိုးကွယ်မှု အမျိုးမျိုးတို့လည်း ဒွန်တွဲတည်ရှိနေပါတယ်။ အဲဒီလို မတူကွဲပြားမှုတွေအကြားမှာ လိုက်လျောညီထွေ သဟဇာတဖြစ်ရေးနဲ့ ညီညွတ်စွာ ပေါင်းစည်းနိုင်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒါမှသာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ဖို့၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ရပ် ပေါ်ထွန်းလာဖို့၊ ပြည်သူအများစုရဲ့ လူနေမှုဘဝ တိုးတက်မြင့်မားဖို့ စတဲ့ ရည်မှန်းချက်တွေ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ဒီရည်မှန်းချက်တွေ အောင်မြင်ဖို့ဆိုရင် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးဟာ အခြေခံအုတ်မြစ် ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးတိုးတက်ရေးကို မထိန်းသိမ်းနိုင်ပါဘူး။ ဒါကြောင့်မို့ နိုင်ငံကောင်းဖို့၊ လူမျိုးတိုးတက်ဖို့အတွက် အားလုံးက ကျရာနေရာကနေ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် ထမ်းဆောင်ဖို့ လိုအပ်ပါကြောင်း အလေးအနက်ထားပြောကြားလိုပါတယ်။

မိမိတို့နိုင်ငံမှာ လွတ်လပ်မှု၊ တန်းတူညီမှု၊ တရားမျှတမှုဆိုတဲ့ ဒီမိုကရေစီအခွင့်အရေးများ ရရှိရေးအတွက် ပြည်သူများ တောင်းဆိုလှုပ်ရှား ဆောင်ရွက်ခဲ့တဲ့အတွက် ယခုဆိုရင် မိမိတို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းအစပေါ်မှာ စတင်ခြေချလျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီလမ်းမပေါ်မှာ ခြေချခါစ အခြေအနေ အချိန်အခါဟာ အင်မတန်အရေးကြီးလှပြီး လမ်းလျှောက်တတ်ခါစကလေးကို ဂရုစိုက်သလို ပြိုလဲမသွားအောင်၊ လဲပြိုကျမသွားအောင် ဟန်ချက်ညီညီနဲ့ သတိတရားဆင်ခြင်ပြီးတော့ ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ဒီမိုကရေစီကို ရှင်သန်စေလိုတယ်ဆိုရင် ဥပဒေကို လေးစားရမှာဖြစ်သလို သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်။ ထို့အတူပင် တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်တွေကိုလည်း လေ့ကျင့်ကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မျှတတဲ့ သဘောထားတွေကိုလည်း အခြေခံဖို့လည်း လိုအပ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်မှာ အပေးအယူ၊ စေ့စပ်ညှိနှိုင်းခြင်း၊ ညှိနှိုင်းဆွေးနွေးဖြေရှင်းခြင်းတို့ဟာ အင်မတန်အနှစ်သာရ ရှိပါတယ်။ ဒါတွေဟာ ဒီမိုကရေစီရှင်သန်ဖို့အတွက် လိုအပ်တဲ့ အကြောင်းအရာများ ဖြစ်ပါတယ်။

တကယ်တော့ မိမိတို့နိုင်ငံသမိုင်းကို ပြန်ကြည့်မယ်ဆိုရင်လည်း မိမိတို့နိုင်ငံဟာ လွတ်လပ်ရေးမရခင်ကတည်းက လွတ်လပ်ရေးရတဲ့အခါ ဘယ်လိုနိုင်ငံတော်မျိုး ထူထောင်သွားမယ်၊ ပြည်သူတွေရဲ့ အခွင့်အရေးတွေက ဘယ်လိုဖြစ်ရမယ်ဆိုတာတွေကို အဲဒီတုန်းကတည်းက နိုင်ငံခေါင်းဆောင်ကြီးတွေက ရည်မှန်းထားခဲ့ပြီး ဖြစ်ပါတယ်။ မိမိတို့ရဲ့ နိုင်ငံတော်သီချင်းမှာလည်း တရားမျှတမှုနဲ့ လွတ်လပ်မှုရှိတဲ့နိုင်ငံ၊ များလူခပ်သိမ်း ငြိမ်းချမ်းပြီး ခွင့်တူညီမျှရရှိစေတဲ့နိုင်ငံ၊ ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံဖြစ်စေဖို့ အစရှိတဲ့ ဒီမိုကရေစီစနစ်ရဲ့ ဂုဏ်အင်္ဂါရပ်တွေကို ဖော်ညွှန်းထားတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့အနေနဲ့ နိုင်ငံတော်သီချင်းပါ အခွင့်အရေးများ ပြည့်ဝစွာရရှိနိုင်တဲ့ နိုင်ငံတော်ကြီးဖြစ်အောင် ပြည်သူအားလုံးက တစိုက်မတ်မတ်နဲ့ ကြိုးပမ်းဆောင်ရွက်ဖို့လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြီးခဲ့တဲ့လအတွင်း စင်ကာပူနိုင်ငံမှာ "မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ရာမှာ "ပြည်သူများ၏ ပါဝင်မှုသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတစ်ရပ်၏ အကြီးမားဆုံးစွမ်းအားဖြစ်သကဲ့သို့ အကြီးမားဆုံးစိန်ခေါ်မှုလည်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဆန်းကြယ်လှပသည့် မတူကွဲပြား ခြားနားမှုများကို ထင်ရှားပေါ်လွင်စေရန်အတွက် သန်းချီသော ပြည်သူများ၏ ဆန္ဒနှင့် ရည်မှန်းချက်များကို တစုတစည်းတည်းဖြစ်အောင် လုပ်ဆောင်နိုင်ရန်မှာ အလွန်ကြီးကျယ်ခက်ခဲသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူများမှာ ထိုစိန်ခေါ်မှုကို ကျော်လွှားပြီး အသွင်ကူးပြောင်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်စွမ်းရှိသည်ဟု မိမိယုံကြည်ကြောင်း" ပြောကြားခဲ့ပါတယ်။ ဒါဟာ မိမိတို့ ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် ပြည်သူများရဲ့ အခန်းကဏ္ဍဟာ ဘယ်လောက်ထိ အရေးပါသလဲဆိုတာ ဖော်ညွှန်းနေခြင်းပဲ ဖြစ်ပါတယ်။

"ဒီမိုကရေစီအစိုးရဟာ ပြည်သူလူထုကို အလုပ်အကျွေးပြုရန် တည်ရှိနေခြင်းဖြစ်ပြီး ပြည်သူလူထုသည် အစိုးရကို အလုပ်အကျွေးပြုရန် တည်ရှိနေခြင်းမဟုတ်" ဆိုတဲ့ သဘောတရားအပေါ်မှာ ဒီမိုကရေစီစနစ်ဟာ အခြေပြုနေပါတယ်။ ဒီမိုကရေစီရှင်သန်ရေးအတွက် မိမိတို့ကိုယ်တိုင်ကလည်း အမှားကင်းအောင် အထူးကြိုးစားကြဖို့ လိုအပ်ပြီး မိမိတို့နိုင်ငံ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ နိုင်ငံသားများရဲ့ လူ့အခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဒီမိုကရေစီမျိုးစေ့ကို အမြစ်တွယ်ရှင်သန်ဖွံ့ဖြိုးဖို့ အားလုံး တက်ညီလက်ညီကြိုးစားကြဖို့ လိုပါတယ်။ ဒီမိုကရေစီစနစ်မှာ ပြည်သူလူထုတွေဟာ မျက်စိပွင့်၊ နားစွင့်၊ ပါးစပ်ဖွင့်ခွင့်များ ရရှိကြတဲ့အပြင် မိမိတို့နိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်များမှာလည်း ပြည်သူလူထုတွေ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းများလည်း ရှိနေကြတာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်သူများခင်ဗျား-**

ဒါ့ကြောင့် ဒီနေ့ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့မှာ တိုင်းရင်းသားပြည်သူများအားလုံး တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ယုံကြည်မှု၊ ချစ်ခင်မှုများနှင့် အတူ ညီညွတ်တဲ့ လူ့အဖွဲ့အစည်းကို ပြည်သူများအပါအဝင်အားလုံးရဲ့ **"စုပေါင်းအင်အား"** ဖြင့် ဝိုင်းဝန်းပါဝင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပါစေ၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။



❍ *ရှေ့ဖုံးမှ*

### ပြန်လည်ရောက်ရှိ

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကူမင်းမြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### ပြန်လည်လိုက်ပါလာ

ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ ပြန်လည်လိုက်ပါလာကြသည်။

**သတင်းစဉ်**

**ဒုတိယသမ္မတ ဦးမြင့်ဆွေအား နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီအတွင်းရေးမှူး H.E. Mr. Huang Shiyong က ပို့ဆောင်နှုတ်ဆက်စဉ်။**

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း NDI အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် National Democratic Institute (NDI) အဖွဲ့၏ Country Director , Ms. Kenza Aqertit နှင့်အဖွဲ့အား ယမန်နေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံမှုရှိစေရန် ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲကို နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လာရောက်လေ့လာနိုင်ရေး ဖိတ်ကြားထားမှုနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အကြံပြုချက်များအပေါ်သုံးသပ်၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ တစ်ဆင့်ထက်တစ်ဆင့် ပိုမိုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

NDI အဖွဲ့မှ Senior Program Manager ဖြစ်သူ Mr. Mario Mitre က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းများ၌ ပံ့ပိုးဆောင်ရွက်မှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များ၌ လူမှုအဖွဲ့အစည်းများအား ဆက်လက်ပံ့ပိုးကူညီပေးသွားမည့် အစီအစဉ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေတို့အား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ၂၀၂၀ ပြည့်နှစ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း National Democratic Institute (NDI) အဖွဲ့၏ Country Director, Ms. Kenza Aqertit နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

အထွေထွေရွေးကောက်ပွဲအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်တို့အား ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၄**

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# နယ်စပ်ရေးရာဝန်ကြီးဌာနက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာနက ပဲခူးတိုင်းဒေသကြီးနှင့် ဆွာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ထောက်ပံ့ငွေများပေးအပ်ရာ ဝန်ကြီးချုပ်က လက်ခံရယူပြီး (ဝဲပုံ) ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် ငွေကျပ် ၃၀၀၀၀၀၀၀ နှင့် ဆွာရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၅၀၀၀၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်အထက် တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း အီဂျစ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Khaled Mohamed Abdelrahman Abdelsalam အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈ ခုနှစ်)ပြဋ္ဌာန်း

**ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်**
**ဥပဒေ(၂၀၁၈ ခုနှစ်)**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅ ။)**
**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတွင်ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ဇ ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ နှစ်တစ်နှစ်၏ အောက်တိုဘာလ ၁ ရက်တွင်စ၍ နောက်နှစ် စက်တင်ဘာလ ၃၀ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကို ဆိုသည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်အား တာဝန်မှရပ်စဲ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၃/ ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)**

**ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်အား တာဝန်မှရပ်စဲခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၈ နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၂၉ တို့ပါ ပြဋ္ဌာန်းချက်များအရ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး အား တာဝန်မှ ရပ်စဲလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး အိန္ဒိယနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ပူနေးမြို့၌ ကျင်းပမည့် BIMSTEC Army Chiefs' Conclave အစည်းအဝေးများ တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ရန်အတွက် စက်တင်ဘာ ၁၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အိန္ဒိယနိုင်ငံ ဘန်ဂလိုအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ ပူနေးလေဆိပ်သို့ ယနေ့ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၂၅ မိနစ်တွင် ရောက်ရှိရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့အား အိန္ဒိယကြည်းတပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဆက်သွယ်ရေးအရာရှိချုပ် Major General Jalaj Bhola နှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် သိန်းဇော်နှင့် ဇနီးတို့နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ပူနေးမြို့လေဆိပ်မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ခေတ္တအခြေပြုတည်းခိုမည့် ပူနေးမြို့ရှိ Conrad Hotel သို့ ရောက်ရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း The Global New Light of Myanmar သတင်းစာတိုက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်းမ၌ အဆိုပါသတင်းစာတိုက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် သတင်းစာ အရည်အသွေး ကောင်းမွန်စေရေးနှင့် အမှားကင်းစင်ရေးကို အဓိကထား ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းခွင် ပျော်ရွှင်စေရေးနှင့် လုပ်ငန်းလိုအပ်ချက်များရှိပါက အကြံပြုဆွေးနွေးကြစေလိုကြောင်း၊ မိမိအနေဖြင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် The Global New Light of Myanmar သတင်းစာတိုက်မှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် The Global New Light of Myanmar သတင်းစာတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# (၄၇) ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့် ဆုအသီးသီးဆွတ်ခူးရရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU)တို့၏ ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်အဖြစ် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အသက်(၁၅)နှစ်နှင့်အောက်လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့စာပို့တိုက်သမဂ္ဂမှ "Imagine you are a letter travelling through time. What message do you wish to convey to your readers?" ဟူသော ခေါင်းစဉ်ပေးပို့လာပြီး မြန်မာနိုင်ငံအနေဖြင့် (ပြည်တွင်းအဆင့်) အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးပြိုင်ပွဲကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန နှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၇ ရက်က မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၈၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

(၄၇) ကြိမ်မြောက် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ပထမဆုကို ရောဝတီတိုင်းဒေသကြီး၊ အ-ထ-က(၁) မြောင်းမြမြို့ အဋ္ဌမတန်းမှ မဆုနှင်းထွဋ်က လည်းကောင်း၊ ဒုတိယဆုကို နေပြည်တော်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းမှ မအေးချမ်းမိုးက လည်းကောင်း၊ တတိယဆုကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အ-ထ-က(၁) (ဗထူး) ရပ်စောက်မြို့ နဝမတန်းမှ မောင်ရဲရင့်ဖုန်းတို့ကလည်းကောင်း အသီးသီးဆွတ်ခူးရရှိကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၉ ရက် ကမ္ဘာ့စာပို့တိုက်နေ့တွင်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂)၊ စုပေါင်းခန်းမတွင် ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

(၄၇) ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (၂၀၁၈)



**ပထမ**
အမည် - မဆုနှင်းထွဋ်
အဘအမည် - ဦးရဲမင်းထွဋ်
အတန်း - အဋ္ဌမတန်း
ကျောင်းအမည် - အ-ထ-က(၁) မြောင်းမြမြို့ ရောဝတီတိုင်းဒေသကြီး




**ဒုတိယ**
အမည် - မအေးချမ်းမိုး
အဘအမည် - ဦးမြင့်ဇော်
အတန်း - နဝမတန်း
ကျောင်းအမည် - CAE ကိုယ်ပိုင် အထက်တန်းကျောင်း နေပြည်တော်



**တတိယ**
အမည် - မောင်ရဲရင့်ဖုန်း
အဘအမည် - ဦးလှဝင်း
အတန်း - နဝမတန်း
ကျောင်းအမည် - အ-ထ-က(၁) (ဗထူး) ရပ်စောက်မြို့ ရှမ်းပြည်နယ် (တောင်ပိုင်း)

# အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လွှမ်းမိုးသော အကြောင်းခြင်းရာများ

**ဒေါက်တာ မြတ်မိုး**

**အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂအဖွဲ့ IPU က ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဒီမိုကရေစီကြေညာစာတမ်းတစ်ခုကို ထုတ်ပြန်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ၎င်းနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ဖြစ်တည်လာခဲ့သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကို မြန်မာ့လွှတ်တော်ကလည်း နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ဆိုလျှင် (၈) ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။**

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရခြင်းရည်ရွယ်ချက်ကြေညာစာတမ်း၏အနှစ်သာရသည် ဒီမိုကရေစီ၏အခြေခံမူများ၊ သဘောတရားများနှင့် ဒီမိုကရေစီအစိုးရများ၏ ကျင့်သုံးပုံစနစ်များကို အပြည်ပြည်ဆိုင်ရာအတိုင်းအတာတစ်ခုအနေဖြင့် ခိုင်ခိုင်မာမာရပ်တည်ပေးရန်ဖြစ်ပါသည်။ ကမ္ဘာ့ပါလီမန်များအားလုံးသည် ဒီမိုကရေစီနေ့တွင် အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြရန် IPU က တိုက်တွန်းနှိုးဆော်ထားရာ မြန်မာနိုင်ငံတွင်လည်း တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှုနှင့် ပွင့်လင်းမြင်သာသော အပေါင်းလက္ခဏာ ဒီမိုကရေစီတန်ဖိုးများ ဆက်လက်ထိန်းသိမ်းရန်၊ ဒီမိုကရေစီကျင့်သုံးနေမှုအပေါ် ပြန်လည်သုံးသပ်နိုင်ရန်နှင့် ဒီမိုကရေစီကျင့်စဉ်များ ပြည်သူလူထုမှ ပိုမိုသိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် အခွင့်အရေးကောင်းတစ်ရပ်အဖြစ်မှတ်ယူ၍ ကျင်းပသွားမည်ဖြစ်ပါသည်။

**ဒီမိုကရေစီဆိုသည်မှာ**

ဒီမိုကရေစီဟူသည် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသား ပြည်သူများထံမှ ဆင်းသက်၍ ပြည်သူ့ဆန္ဒမဲမှတစ်ဆင့် ယှဉ်ပြိုင်မှုဖြင့် ရွေးကောက်တင်မြှောက်ခံရသူများက ဥပဒေနှင့်အညီ စီမံအုပ်ချုပ်သော ပြည်သူ့အုပ်ချုပ်ရေးစနစ်ပင်ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ပိုင်မဟုတ်ဘဲ ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်ရန်အတွက် ပြည်သူအများ ပိုင်ဆိုင်သောအရာတစ်ခုဖြစ်ပါသည်။ အများသဘောတူဆုံးဖြတ်ထားသော လုပ်ငန်းတစ်ခုအတွက် တာဝန်ယူတာဝန်ခံမှုရှိရမည့်အပြင် အများသဘောတူသော ကိစ္စရပ်တစ်ခုသည် တည်ဆဲပြဋ္ဌာန်းထားသော ဥပဒေများနှင့်လည်း ကိုက်ညီရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်သည် လူအများက နှစ်သက်သော စနစ်တစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ဒီမိုကရေစီကျင့်စဉ်၏ အခြေခံမူများတွင် တရားမျှတလွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်းနှင့် ရွေးကောက်ပွဲရလဒ်ကို လက်ခံခြင်း၊ တာဝန်ခံမှုရှိခြင်း၊ ဥပဒေများတင်သွင်းအတည်ပြုခြင်း၊ နိုင်ငံသားများက တက်ကြွစွာပါဝင်ခြင်း၊ အာဏာကို အလွန်အကျွံသုံးစွဲခြင်းကို ထိန်းချုပ်ခြင်း၊ စီးပွားရေးကို လွတ်လပ်စွာ လုပ်ကိုင်ပိုင်ခွင့်ရှိခြင်း၊ တန်းတူညီမျှမှု၊ လူ့အခွင့်အရေး၊ မျှတသောတရားစီရင်မှု၊ နိုင်ငံရေးအရအာမခံချက်ရှိမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပွင့်လင်းမြင်သာရှိမှု သဘောတရားများ ပါဝင်သောကြောင့်ဖြစ်ပါသည်။

**ဒီမိုကရေစီနေ့ဆောင်ပုဒ်နှင့် လွှတ်တော်များ၏အခန်းကဏ္ဍ**

၂၀၁၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ဆောင်ပုဒ်မှာ 'ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး (Oversight)'ဟူ၍ ဖြစ်ပါသည်။ နိုင်ငံ၏ဒီမိုကရေစီလမ်းကြောင်းနှင့် ကိုက်ညီဆီလျော်မှုရှိသောဆောင်ပုဒ်လည်း ဖြစ်ပါသည်။ ဒီမိုကရေစီလမ်းကြောင်းလွဲချော်မသွားရန်အတွက် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူတို့ကိုယ်စား စောင့်ကြည့်တည့်မတ်ပေးသွားရန် တာဝန်ရှိပုံကို ဖော်ညွှန်းပါသည်။ လွှတ်တော်များ၏အဓိကလုပ်ငန်းတာဝန်များဖြစ်သော မဲဆန္ဒနယ်ကို ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းများ နည်းတူထိန်းညှိကြီးကြပ်ခြင်း တာဝန်သည်လည်း လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်ကို သတ်မှတ်ဖော်ပြရာရောက်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၀၈ ခုနှစ်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများက ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွှတ်တော်အသီးသီးသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး (၃) ရပ်သည် အခြေခံဥပဒေ၏အပ်နှင်းထားချက်များအရ တာဝန်များကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီး အချင်းချင်းအပြန်အလှန် ထိန်းကျောင်းလျက်ရှိပါသည်။ ခိုင်မာသော Institution တစ်ခု ဖြစ်သည့် လွှတ်တော်များတွင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား၍ လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဥပဒေများပြဋ္ဌာန်းခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းအတည်ပြုခြင်း၊ မှန်ကန်စွာ အဆုံးအဖြတ်ပေးခြင်းများဖြင့် ထိန်းညှိကြီးကြပ်၍ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုလျက်ရှိပါသည်။ မဏ္ဍိုင်များအကြား ကြီးကြပ်ထိန်းညှိမှု (သို့) စောင့်ကြည့်ထိန်းကျောင်းမှုများသည် သက်ဆိုင်ရာမဏ္ဍိုင်၏ ပြည်သူအပေါ်တာဝန်ခံမှုကိုလည်း ဖော်ညွှန်းရာရောက်ပါသည်။

မဏ္ဍိုင်များ၏ ဆောင်ရွက်ချက်များအပေါ် အပြန်အလှန်ထိန်းညှိနိုင်မှုဆိုရာတွင် ပြန်လည်စိစစ်ခြင်း၊ သုံးသပ်ဆန်းစစ်ခြင်းများနှင့်အတူ အားနည်းချက်များအပေါ် အပြောင်းအလဲပြုလုပ်ရန်၊ ပြုပြင်ရန် တွန်းအားပေးနိုင်ခြင်းများအထိ စွမ်းဆောင်နိုင်မှသာ ဒီမိုကရေစီလမ်းခရီးသည်လည်း ဖြောင့်ဖြူးသာယာမည်ဖြစ်ပါသည်။ ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ ခြုံငုံဆန်းစစ်မှုနှင့် စိစစ်မှုအရည်အသွေးများဖြင့် အားထုတ်ဆောင်ရွက်ချက်များသည်သာ ထိရောက်သည့် ရလဒ်ကောင်းများ ရရှိနိုင်သည်ကို ဖော်ပြရာ ရောက်ပါသည်။

> **"မတူကွဲပြားမှုများကို တွန်းအားအဖြစ်၊ အခွင့်အလမ်းကောင်းအဖြစ် အသုံးမချနိုင်လျှင်သော်လည်းကောင်း၊ ဘုံရည်မှန်းချက်မတူညီမှုနှင့် တန်ဖိုးများကို နားလည်လက်ခံမှုအားနည်းလျှင်သော်လည်းကောင်း၊ ပေးအပ်ထားသော အခွင့်အရေးကို အချိန်ကိုက်အသုံးမပြုတတ်လျှင်သော်လည်းကောင်း ဒီမိုကရေစီခရီးလမ်း မဖြောင့်ဖြူးနိုင်ပါ။ မယုံကြည်မှုများ၊ သံသယများ၊ စိတ်ဝမ်းကွဲပြားမှုများကို ဖြေဖျောက်၍ စည်းလုံးညီညွတ်စွာဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မှသာ ကောင်းမွန်ကြည်မြသော မြန်မာ့ဒီမိုကရေစီ ပုံရိပ်ကို ပြသနိုင်မည်"**

**အသွင်ကူးပြောင်းစ မြန်မာ့ဒီမိုကရေစီ**

ညင်သာစွာကူးပြောင်းနိုင်ခဲ့သည့် မြန်မာ့ဒီမိုကရေစီသည် အခြားသော အသွင်ကူးပြောင်းစ ဒီမိုကရေစီနိုင်ငံများကဲ့သို့ ရင့်ကျက်တည်ငြိမ်မှုကို ပုံဖော်နိုင်ရန်၊ ခိုင်မာအားကောင်းရန် အားစိုက်ဆောင်ရွက်ဖြစ်ပေါ်တိုးတက်ဆဲ အခြေအနေတစ်ရပ်မှာပင် ရှိနေပါသေးသည်။ ဒီမိုကရေစီသက်တမ်းနုနယ်သေးသည့် အလျောက် အားနည်းချက်များ၊ စိန်ခေါ်မှုများ၊ ပွတ်တိုက်မှုများ များစွာရှိနေပါသေးသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အတွက် ကြိုးစားရုန်းကန်နေရဆဲ ဖြစ်ပါသည်။ ဒီမိုကရေစီကို ပြည်သူအများစုက ကြိုက်နှစ်သက်သော်လည်း အထူးသဖြင့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးစားပေးအာရုံစိုက် ဆောင်ရွက်နေရသည့် နိုင်ငံတစ်နိုင်ငံအတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အခက်အခဲရှိနိုင်မည်ဆိုသည်မှာ အငြင်းပွားဖွယ်ရာမရှိပါ။ အသွင်ကူးပြောင်းမှုတစ်ခုတွင် ပုံသေအစီအစဉ်မရှိသည်ကို ကမ္ဘာ့နိုင်ငံအချို့၏ အခင်းအကျင်းများကလည်း ပြသနေသည့်အပြင် ဒီမိုကရေစီအားလျော့ကျဆုံးနေသော နိုင်ငံအချို့၏ဥပမာများကိုလည်း ထင်ထင်ရှားရှား မြင်တွေ့နိုင်ပါသည်။

**လက်တွေ့ဘဝနှင့် ကိုက်ညီရန်လိုအပ်**

ဒီမိုကရေစီကျင့်စဉ်တစ်ခုဖြင့် ချမှတ်ကျင့်သုံးအုပ်ချုပ်မှုသည် နိုင်ငံ၏နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် အံဝင်ခွင်ကျဖြစ်ပြီး လက်တွေ့ဘဝနှင့်ကိုက်ညီရန်လိုအပ်သည်ဆိုသည့် အချက်ကို သတိထားရမည်ဖြစ်ပါသည်။ မတူကွဲပြားမှုများကို တွန်းအားအဖြစ်၊ အခွင့်အလမ်းကောင်းအဖြစ် အသုံးမချနိုင်လျှင်သော်လည်းကောင်း၊ ဘုံရည်မှန်းချက်မတူညီမှုနှင့် တန်ဖိုးများကို နားလည်လက်ခံမှု အားနည်းလျှင်သော်လည်းကောင်း၊ ပေးအပ်ထားသောအခွင့်အရေးကို အချိန်ကိုက်အသုံးမပြုတတ်လျှင်သော်လည်းကောင်း ဒီမိုကရေစီခရီးလမ်း မဖြောင့်ဖြူးနိုင်ပါ။ မယုံကြည်မှုများ၊ သံသယများ၊ စိတ်ဝမ်းကွဲပြားမှုများကို ဖြေဖျောက်၍ စည်းလုံးညီညွတ်စွာဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မှသာ ကောင်းမွန်ကြည်မြသော မြန်မာ့ဒီမိုကရေစီ ပုံရိပ်ကို ပြသနိုင်မည်လည်းဖြစ်ပါသည်။

မငြိမ်းချမ်းသော ဝန်းကျင်သည် ဒီမိုကရေစီကို နှောင့်နှေးစေပြီး ငြိမ်းချမ်းတည်ငြိမ်ပြီးသင့်မြတ်မှုရှိမှသာ ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် အသုံးချ၍ တစ်မူထူးခြားသော ချဉ်းကပ်နည်းများဖြင့် ဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ ငြိမ်းချမ်းသောဒီမိုကရေစီကိုအာမခံနိုင်မည်ဖြစ်ပါသည်။ ဒီမိုကရေစီ အလေ့အကျင့်တစ်ခုတွင် အများစု၏ရပ်တည်ချက်နှင့် လိုလားတောင့်တချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့်နည်းတူ အနည်းစု၏ဆန္ဒသဘောထားအရေးကိစ္စကိုလည်း တန်ဖိုးထားလေးစား၍ ထည့်သွင်းစဉ်းစားရမည်လည်း ဖြစ်ပါသည်။

**စိတ်နေစိတ်ထားရင့်ကျက်မှုနှင့် ပူးပေါင်းပါဝင်မှုကို ပညာရေးမှ အခြေပြုသင့်**

ဒီမိုကရေစီအခြေခံသဘောတရားများနှင့်ကျင့်စဉ်များ၊ ခရီးရောက်နိုင်မှုအတိုင်းအတာကို လူထု၏နားလည်သဘောပေါက် လက်ခံမှုသည်လည်း အရေးကြီးပါသည်။ တစ်ဦးချင်းစီ၏ စိတ်နေစိတ်ထားနှင့် ရင့်ကျက်မှု၊ အတွေးအခေါ် မြင့်မားမှု၊ စည်းကမ်းရှိမှုနှင့် ကိုယ်ပိုင်အသိအမြင်နှင့် ခံယူချက်ကောင်းမွန်မှုများသည် ဒီမိုကရေစီနှင့် ကိုက်ညီသော ယဉ်ကျေးမှုတစ်ရပ်သို့ ပို့ဆောင်ပြီး ဒီမိုကရေစီခရီးလမ်းတွင် နိုင်ငံသားများ၏တက်ကြွစွာ ပူးပေါင်းပါဝင်မှုကို လှုံ့ဆော်မှုပေးပါသည်။ ဒီမိုကရေစီကျင့်စဉ်များ အရှိန်ရစေရန်အတွက် ပညာရေးအခြေပြုနှင့် ဒီမိုကရေစီပညာပေးလုပ်ငန်းများ ကျယ်ပြန့်စွာ ပေါ်ထွက်လာရန်လည်း အရေးကြီးပါသည်။

မတူညီသော သဘောထားအယူအဆများကို သည်းခံနားလည်မှုအပြည့်ဖြင့် အသိအမှတ်ပြုပြီး သဘောထား ကြီးကြီးဖြင့်ခွင့်လွှတ်ကာ အပေးအယူအလျှော့အတင်းများပြုပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်တတ်သည့် အလေ့အထ၊ အစုအဖွဲ့အသင်းအပင်းနှင့် လုပ်ဆောင်တတ်သည့် အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးရပါမည်။ ဖက်ဒရယ်စနစ်ကျင့်သုံးမည့် နိုင်ငံတစ်နိုင်ငံအတွက် ဒီမိုကရေစီအရင်းအမြစ်ကို ပညာရေးမှ စတင်အခြေပြုသင့်ပါသည်။ အကျင့်ပျက်ခြစားမှုမရှိသော၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး စည်းကမ်းလိုက်နာသော လူ့အရင်းအမြစ်ကသာ အမြော်အမြင်ကြီးမားပြီး လက်တွေ့ကျသောခေါင်းဆောင်မှုနှင့် ဒီမိုကရေစီကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းသော လူ့ဘောင်ကို တည်ဆောက်နိုင်ပါလိမ့်မည်။

**တရားဥပဒေစိုးမိုးမှု**

မျှတသောတရားဥပဒေများနှင့် ဥပဒေစိုးမိုးမှုအောက်တွင်သာ လူအများအပေါ် နိုင်ငံရေးအာဏာဖြင့် အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်ကာကွယ်နိုင်မည်ဖြစ်ပြီး လူတိုင်းအတွက် တန်းတူညီမျှသော အခွင့်အရေးကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ထိလွယ်ရှလွယ်သော အခြေအနေများနှင့် ဝန်းကျင်တွင် ဥပဒေစိုးမိုးမှုအားနည်းပါက အစွန်းရောက်အကြမ်းဖက်မှုများကို ဖိတ်ခေါ်သကဲ့သို့ဖြစ်ပြီး ဒီမိုကရေစီကို စောင့်ရှောက်ကာကွယ်မှု အားနည်းသွားကာ ရှုပ်ထွေးသော အခြေအနေတစ်ရပ်ဆီသို့ မရည်ရွယ်ဘဲ ရောက်ရှိသွားနိုင်သည်ကို သတိချပ်ရပါမည်။ ဥပဒေအရအကာအကွယ်ပေးမှု၊ ဥပဒေကို လိုက်နာစောင့်ထိန်းမှု၊ ဥပဒေကို အလွန်အကျွံသုံးစွဲခြင်းမှ ကန့်သတ်ထားရှိမှု၊ ကျား/မ၊ လူမျိုး၊ ဘာသာအရ ခွဲခြားဆက်ဆံမှုများမှ ကင်းဝေးစေမှုစသည့် တရားဥပဒေစိုးမိုးမှု အချက်များကသာ ကောင်းမွန်သော ဒီမိုကရေစီတစ်ခုကို ဖြစ်ထွန်းစေပါသည်။

**ဒီမိုကရေစီ၏အင်အားတစ်ရပ်ဖြစ်သော လူ့ဘောင်တစ်ခုဖြစ်ထွန်းရန်**

ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲကြီးမားပြီး စည်းကမ်းနှင့်မလျော်ညီသော ဒီမိုကရေစီကို ထိခိုက်နိုင်သောအပြောအဆိုအပြုအမူများသည် အစိုးရနှင့်ပြည်သူအကြား၊ မဏ္ဍိုင်များအကြား ယုံကြည်မှုနားလည်ပေးမှုများကို ထိခိုက်နိုင်ပါသည်။ ဒီမိုကရေစီကို ကျင့်သုံးသောနိုင်ငံတိုင်းတွင် ဒီမိုကရေစီကို အားပေးအထောက်အကူပြုမည့် လူ့ဘောင်ဝန်းကျင်တစ်ခုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အစိုးရနှင့်အတူ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် မီဒီယာ၏အခန်းကဏ္ဍများသည် အရေးပါ ပါသည်။ မဏ္ဍိုင်များအကြား အပြန်အလှန်ထိန်းညှိရာတွင် ပြည်သူလူထု၏ နေ့စဉ်ဘဝနှင့် နီးစပ်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အမြင်နှင့့တင်ပြမှုများ၊ စာနယ်ဇင်းကျင့်ဝတ်မီဒီယာဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးသော မီဒီယာများ၏ကဏ္ဍကိုလည်း အားပေးမြှင့်တင်ရပါမည်။ ပြည်သူနှင့်အစိုးရအကြား ကြားခံအဖြစ်ရှိနေသော ၎င်းကဏ္ဍများကို ဒီမိုကရေစီ၏ အင်အားတစ်ရပ်အဖြစ် ပုံဖော်နိုင်ပါက နိုင်ငံတော်အစိုးရ၏ အားနည်းချက်အားသာချက်များကို ဖြေရှင်းပြုပြင်နိုင်ရန် သော်လည်းကောင်း၊ လူအများ၏ စိတ်နေစိတ်ထားပြောင်းလဲလာပြီး ပြည်သူများ ပူးပေါင်းပါဝင်လာနိုင်ရန်တွင်လည်းကောင်း များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။

ရည်မှန်းချက်မတူညီကြသော ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးရေစီးကြောင်း ပြောင်းလဲလာမှုများ၊ နိုင်ငံအများစုတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလာပြီး လူမှုစီးပွားဘဝမတည်ငြိမ်မှုများ၊ အဂတိတရားများနှင့် အကြမ်းဖက်စစ်ပွဲများသည် ဒီမိုကရေစီအသွင်ပြောင်းစနိုင်ငံတစ်နိုင်ငံအပေါ် ဂယက်များစွာ ရိုက်ခတ်နိုင်ပါသည်။

အချုပ်အားဖြင့် မြန်မာ့ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းရန်မှာ နိုင်ငံသားတိုင်း၊ ပါတီတိုင်း၊ အဖွဲ့အစည်းတိုင်းတွင် တာဝန်ရှိပါသည်။ အတိတ်ကို လျစ်လျူရှုရန်မဟုတ်သော်လည်း ယခုပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ဖွံ့ဖြိုးမှုအမြင်ဖြင့် ပိုမိုရှေးရှုကြရန် လိုအပ်ပါသည်။ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ဟန်ချက်ညီညီဖော်ဆောင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံ၏အလုံးစုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဒီမိုကရေစီထွန်းကားမှုသည် တိုင်းတာသောပေတံ တစ်ရပ်ဖြစ်ပါသည်။ ပြည်သူများနှင့် Institution များ၏ စိုးရိမ်မှုများကို အသိအမှတ်ပြု၍ ဒီမိုကရေစီခရီးလမ်းကို ဆက်လက်လျှောက်လှမ်းနေကြရမည်သာ ဖြစ်ပါသည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်ဆိုသည့် အနာဂတ်ပန်းတိုင် ပိုမိုပီပြင်ရုပ်လုံးပေါ်လာရေးအတွက် ပါဝင်ပတ်သက်သော အဖွဲ့အစည်းလူပုဂ္ဂိုလ်များသည် ဒီမိုကရေစီယဉ်ကျေးမှုသဘောတရားများနှင့်အညီ အကြိမ်ပေါင်းများစွာ တွေ့ဆုံညှိနှိုင်းကြခြင်းဖြင့်သာ ဒီမိုကရေစီကို အထောက်အကူပြုသော ငြိမ်းချမ်းရေးရရှိမည် ဖြစ်ပါသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဆောင်ပုဒ်အဖြစ် သတ်မှတ်သော **'ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး'** ဆောင်ပုဒ်ကို လမ်းညွှန်မှုအဖြစ်ခံယူ၍ မှန်မှန်ကန်ကန် စွမ်းဆောင်ရည်ရှိရှိ အပြန်အလှန်ထိန်းညှိကြီးကြပ်မှု လုပ်ငန်းစဉ်နှင့်အညီ မရည်ရွယ်ဘဲ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် တာဝန်ခံမှုပြည့်ဝစွာဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



## နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ် ရန်ပုံငွေမှ ကျပ် ၁၁၀၄၉ ဒသမ ၁၃၅ သန်း ခွဲဝေ သုံးစွဲခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် အရေးပေါ်ရန်ပုံငွေမှ ကျပ် ၁၁၀၄၉ ဒသမ ၁၃၅ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ နျူကလီးယားလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ၊ အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ချေးငွေရယူရန်ကိစ္စတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ကျပ် ၁၁၀၄၉ ဒသမ ၁၃၅ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မြောင်းမြမြို့နှင့် လပွတ္တာမြို့ရှိ ဒေသခံပြည်သူလူထုတို့၏ လိုလားချက်များအရ မြောင်းမြကြိုးတံတားဟောင်း၏ ရေစုန်ဘက်ခြမ်း ၄၆ ပေ အကွာအဝေးတွင် မူလတံတားဟောင်းနှင့် ယှဉ်ပြီး တံတားခံနိုင်ဝန် တန် ၆၀ ရှိသော နှစ်လမ်းသွား သံကူကွန်ကရစ် တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်၍ သုံးနှစ်တာ ကာလအတွင်း အပြီးတည်ဆောက်ရန် စီမံချက်ရေးဆွဲခဲ့ပြီး တံတားအသစ် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ် မေလ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

မြောင်းမြတံတားအသစ်သည် အရှည် ၂၇၂၃ ပေရှိပြီး စီမံကိန်းခန့်မှန်းတန်ဖိုးမှာ ၂၅ ဒသမ ၂၅ ဘီလီယံ ဖြစ်ပါကြောင်း၊ ၂၀၁၇ - ၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေငွေကျပ် ၂ ဒသမ၄ ဘီလီယံ၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လရန်ပုံငွေတွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံတို့ ရရှိခဲ့ပြီး လက်ရှိအခြေအနေအရ တည်ဆောက်ရေးလုပ်ငန်းများ အရှိန်ဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ အရေးပေါ် ရန်ပုံငွေကျပ် ၆ ဘီလီယံအား တင်ပြတောင်းခံခဲ့ရခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် ထပ်မံလိုအပ်သည့် ရန်ပုံငွေကျပ် ၁၅ ဒသမ ၃၅ဘီလီယံကိုလည်း ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံထားပြီး တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ၂၀၁၉ခုနှစ် မတ်လကုန်တွင် အပြီးတည်ဆောက်ပေးသွားမည် ဖြစ်ပါသဖြင့် ပြည်သူများကောင်းမွန်ချောမွေ့စွာ အမြန်ဆုံး သွားလာနိုင်စေရေး လပွတ္တာ-မြောင်းမြ - အိမ်မဲ - ကျောင်းကုန်း - ကျုံပျော်လမ်းပေါ်ရှိမြောင်းမြတံတားအသစ် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုပေးထားသော အရေးပေါ်ရန်ပုံငွေကျပ် ၆ဘီလီယံအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အရေးပေါ်ရန်ပုံငွေခွဲဝေသုံးစွဲသည့်ကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းတစ်ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းတစ်ခုနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုင်ရာ လုပ်ငန်းတစ်ခုတို့အတွက် စုစုပေါင်းငွေကျပ် ၁၁၀၄၉ ဒသမ ၁၃၅ သန်း ခွဲဝေသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူ

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

## နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နျူကလီးယားလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ဆွေးနွေး

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နျူကလီးယားလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦးက မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ဒေသတွင်းနိုင်ငံများက ဖွဲ့စည်းထားသည့် အဖွဲ့များတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အခြားသောအဖွဲ့ဝင်နိုင်ငံများနည်းတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ ဝင်ရောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းသဘောတူစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာ၊ ဒေသတွင်းနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးများတိုးချဲ့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံရေးအရ တိုးတက်ဖြစ်ပေါ်မှုများကို ကမ္ဘာက လက်ခံအသိအမှတ်ပြုခြင်းခံနေရပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအပေါ်တွင် နျူကလီးယားဆောင်ရွက်မှုများနှင့် ပတ်သက်၍ နိုင်ငံတချို့က မဟုတ်မမှန် စွပ်စွဲပြောဆိုမှုများ ရှိခဲ့ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးမည်ဆိုပါက နိုင်ငံ၊ တပ်မတော်အပေါ်တွင် ယခင်ကာလက စွပ်စွဲပြောဆိုချက်များအပေါ် သံသယကင်းရှင်းသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏အနာဂတ် နျူကလီးယားဆောင်ရွက်မှု လုပ်ငန်းစဉ်များကိုလည်း ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရေးအတွက် အကျိုးရှိမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်၍ စဉ်းစားသုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စည်သူ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျော်သောင်း၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခေါ်) ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် နျူကလီးယားလက်နက်များသည် ယနေ့ကမ္ဘာတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားများ၏ ရေရှည်တည်တံ့ရေးအတွက် အကြီးမားဆုံးသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေဆဲဖြစ်ပါကြောင်း၊ ယနေ့တွင် နျူကလီးယားလက်နက်ပိုင် နိုင်ငံများအကြား အင်အားပြိုင်ဆိုင်မှု၊ တင်းမာမှုများသည်လည်း တိုးမြင့်ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ထို့ကြောင့် နျူကလီးယားလက်နက်ပိုင်နိုင်ငံများအကြား တစ်နိုင်ငံနှင့်တစ်နိုင်ငံ နားလည်မှု လွဲမှားမှုကြောင့် နျူကလီးယား ပဋိပက္ခဖြစ်ပေါ်လာနိုင်ခြင်း၊ မြေငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် နျူကလီးယားမတော်တဆဖြစ်မှုများ၊ စွမ်းအားကြီးလက်နက်များ မသမာသူအကြမ်းဖက်သမားများလက်သို့ ရောက်ရှိခြင်းများ ဖြစ်ပေါ်လာပါက နျူကလီးယားဘေးအန္တရာယ်ဖြင့် မလွဲမသွေရင်ဆိုင်ကြရမည့် အန္တရာယ်ရှိနေပါကြောင်း။

အဆိုပါ စာချုပ်သည် နျူကလီးယားလက်နက်များ တားဆီးပိတ်ပင်ရေးအတွက် ကမ္ဘာ့သမိုင်းတွင် ဥပဒေအရ တားဆီးချည်နှောင်မှုရှိမည့် ပထမဆုံးသော စာချုပ်တစ်ရပ်လည်း ဖြစ်ပါကြောင်း၊ အဆိုပါ စာချုပ်ကို ကုလသမဂ္ဂမှ ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းတွင် နိုင်ငံပေါင်း ၁၂၂ နိုင်ငံမှ အများစု၏ ထောက်ခံမဲဖြင့် အတည်ပြုချမှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးသွားရန်အတွက် ခွင့်ပြုပါရန် ထပ်မံထောက်ခံအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်းချေးငွေ ရယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးက ပြည်ပချေးငွေများကို ရယူရာတွင် ကာလတိုငါးနှစ်စီမံကိန်း သို့မဟုတ် အမျိုးသားစီမံကိန်းများတွင်ပါဝင်သော ကိစ္စရပ်များအတွက်သာ ဦးစားပေး စဉ်းစားစေလိုပါကြောင်း၊ ၂၀၁၈ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုခဲ့သောအမျိုးသားစီမံကိန်း ဥပဒေပါ ပုဒ်မ ၁၂အရ ၂၀၁၈ - ၂၀၁၉ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း၊ စီးပွားရေးတွက်ခြေကိုက်မှုနှင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု၊ မပြု စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ငါးနှစ်စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှသာ နှစ်စဉ်အမျိုးသား စီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဆိုင်းငံ့ကာလ ၈ နှစ်၊ ပြန်ဆပ်ကာလ ၂၄ နှစ် စုစုပေါင်း ၃၂ နှစ်နှင့် ဆိုင်းငံ့ကာလအတွင်း အတိုး ၁ ရာခိုင်နှုန်း၊ ပြန်ဆပ်ကာလအတွင်း တစ်နှစ် ၁ ဒသမ၅ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် ချေးယူမည့် အာရှဖွံ့ဖြိုးရေးဘဏ် ADB ထံမှအမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ချေးယူရန်ကိစ္စအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က ချေးငွေနှင့် ဆောင်ရွက်မည့် လုပ်ငန်းပေါင်း ၆၀ အတွင်းမှ ရေးမြို့နယ်သို့ ဖြတ်ကျော်သွယ်တန်းမည့် မော်လမြိုင်-ရေး-ထားဝယ် Transmission Line နှင့် ၂၃၀ ကေဗွီ Substation တို့ ပါဝင်ပါကြောင်း၊ ယခုချေးငွေသည် တိုင်းဒေသကြီး လေးခုနှင့် ပြည်နယ်တစ်ခုမှ လျှပ်စစ်ကဏ္ဍကို အားဖြည့်ပေးနိုင်မည်ဖြစ်သောကြောင့် ကြိုဆိုပါကြောင်း၊ အထူးသဖြင့် မြန်မာပြည်၏အောက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးသည်လည်း နိုင်ငံ၏ လျှပ်စစ်ကွန်ရက်ထဲတွင် ပါဝင်လာနိုင်တော့မည် ဖြစ်ပါကြောင်း၊ နိုင်ငံ၏စီးပွားရေးတိုးတက်ရန်အတွက် ပိုမိုအထောက်အကူပေးနိုင်တော့မည်ဖြစ်သောကြောင့် ချေးယူရန် ခွင့်ပြုပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)မှ ဦးဥက္ကာမင်း၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးစောယွားဖောင်အွာ၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၅)မှ ဒေါ်မြတ်သီတာထွန်း၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၊ မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးနှင့် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီတို့က ဆက်လက်ဆွေးနွေးကြသည်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

---

## အနောက်တောင်မုတ်သုံလေ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

---

❍ *ကျောဖုံးမှ*

စင်ကာပူနှင့် နှစ်ပွဲစလုံးအနိုင်ရပြီး မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အာရှ ယူ-၁၆ ခြေစစ်ပွဲယှဉ်ပြိုင်ရန် စက်တင်ဘာ ၁၇ ရက်တွင် ရန်ကုန်မြို့မှ နီပေါနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ၂၀၁၉ အာရှ ယူ-၁၆ ခြေစစ်ပွဲတွင် အုပ်စု (c)တွင် မလေးရှား၊ ဖိလစ်ပိုင်၊ နီပေါတို့နှင့် တစ်အုပ်စုတည်းကျရောက်နေကာ စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဒီအစည်းအဝေးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ပါဝင်ဆွေးနွေးခဲ့တယ်၊ ကျွန်တော်တို့နိုင်ငံအနေနဲ့ တတိယစက်မှုတော်လှန်ရေးကာလကို အပြည့်အဝအသုံးမချနိုင်ခဲ့လို့ ဖွံ့ဖြိုးမှုနောက်ကျခဲ့ပေမယ့် ကျွန်တော်တို့မှာ အခွင့်အလမ်းက ဘာရှိသလဲဆိုတော့ အခုနောက်ပိုင်းမှာ ခုန်ပျံကျော်လွှားတဲ့နည်းနဲ့ နောက်ကျတဲ့လူတွေအတွက် နောက်ဆုံးပေါ်စက်မှုနည်းပညာတွေကို တန်းပြီးသုံးလို့ရတယ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

**ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ခရီးစဉ်နှင့်စပ်လျဉ်း၍ မေးမြန်း ဖြေကြားခဲ့သည်များကို ပြန်လည်တင်ပြလိုက်ပါသည်။**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

**မေး ။ အခုခရီးစဉ်နဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ် ခင်ဗျာ။**

ဖြေ ။ ဒီခရီးစဉ်ကတော့ အဓိကအားဖြင့် အာဆီယံဒေသအတွက် ကျင်းပတဲ့ စီးပွားရေးဖိုရမ်မှာ ပါဝင်တက်ရောက်ဆွေးနွေးတာပါ။ အာဆီယံနိုင်ငံတွေအတွက် အဓိကထားဆွေးနွေးတဲ့ အကြောင်းအရာကတော့ အခုရေပန်းစားနေတဲ့ စတုတ္ထစက်မှုတော်လှန်ရေး အသွင်ကူးပြောင်းဆဲကာလမှာ အာဆီယံနိုင်ငံတွေအနေနဲ့ အနာဂတ်ကာလမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာကို ဆွေးနွေးကြတာဖြစ်ပါတယ်။

ဒါနဲ့ ပတ်သက်ပြီး ပြည်သူတွေသိအောင် စတုတ္ထစက်မှုတော်လှန်ရေးဆိုတာဘာလဲလို့ ပြောရမယ်ဆိုရင် ပထမဦးဆုံး (၁၈)ရာစုခေတ်လောက်မှာ ရေနွေးငွေ့ စွမ်းအင်ကို စတင်တည်ထောင်ခဲ့တဲ့ကာလဟာ ပထမ စက်မှုတော်လှန်ရေးဖြစ်တယ်။ (၁၉)ရာစုလောက်မှာကျတော့ လျှပ်စစ်စွမ်းအင်ကိုတွေ့တယ်။ စွမ်းအင်နဲ့ပတ်သက်ပြီး စက်ရုံတွေက ထုတ်လုပ်လာနိုင်ခဲ့တယ်။ ဒါကတော့ ဒုတိယစက်မှုတော်လှန်ရေးကာလဖြစ်တယ်။

တတိယစက်မှုတော်လှန်ရေးကတော့ ကွန်ပျူတာတွေ၊ အင်တာနက်တွေပေါ် လာတယ်။ အခု ကျွန်တော်တို့ ရင်ဆိုင်နေရတာကတော့ စက်ရုပ်တွေပေါ်လာတယ်။ အဲဒါတွေ ပေါ်လာတဲ့အခါကျတော့ ထုတ်လုပ်ရေးပိုင်းမှာ အလုပ်သမားတွေလိုအပ်မှု လျော့နည်းလာတယ်။ စက်ရုပ်တွေ သုံးလာတဲ့အခါကျတော့ အသွင်ကူးပြောင်းမှုတစ်ခုဖြစ်လာတယ်။ ထုတ်လုပ်ရေးပိုင်းတွေမှာ သုံးလာတဲ့အခါကျတော့ စီးပွားရေးမှာ ပြောင်းလဲမှုတွေ ရင်ဆိုင်နေရတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အာဆီယံနိုင်ငံတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာကို ဆွေးနွေးကြတယ်။

ဒီအစည်းအဝေးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ပါဝင်ဆွေးနွေးခဲ့တယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ တတိယစက်မှုတော်လှန်ရေးကာလကို အပြည့်အဝ အသုံးမချနိုင်ခဲ့လို့ ဖွံ့ဖြိုးမှုနောက်ကျခဲ့ပေမယ့် ကျွန်တော်တို့မှာ အခွင့်အလမ်းက ဘာရှိသလဲဆိုတော့ အခုနောက်ပိုင်းမှာ ခုန်ပျံကျော်လွှားတဲ့နည်းနဲ့ နောက်ကျတဲ့ လူတွေအတွက် နောက်ဆုံးပေါ် စက်မှုနည်းပညာတွေကို တန်းပြီးသုံးလို့ရတယ်။

ကျွန်တော်တို့ နိုင်ငံမှာ လွန်ခဲ့တဲ့ (၅)နှစ်ကျော်တုန်းက တယ်လီဖုန်းအသုံးပြုမှုမှာ အလွန့်အလွန်နည်းခဲ့တဲ့ အနေအထားကနေ အခုတစ်နိုင်ငံလုံး သုံးလာနိုင်တဲ့ အနေအထားကို ကျယ်ပြန့်လာတယ်။ ကျွန်တော်တို့အနေနဲ့ လိုင်းဖုန်းကနေပြီးတော့ (4G) လို့ခေါ်တဲ့ စနစ်ကို တန်းပြီးတော့ သုံးနိုင်တဲ့ အနေအထားမျိုးဖြစ်လာတယ်။ နောက်ပြီးတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဘာပြောသလဲဆိုတော့ လူငယ်တွေမှာ လေ့လာနိုင်တဲ့ စွမ်းရည်စွမ်းအားတွေရှိတယ်။ စတုတ္ထစက်မှုကူးပြောင်းရေးကာလမှာ ကျွန်တော်တို့အနေနဲ့ လူသားနဲ့ ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုကို အလေးထားရမှာဖြစ်ပါတယ်။ လူငယ်တွေရဲ့ တီထွင်မှုစွမ်းရည်၊ ဦးဆောင်မှုကို ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြုစုပျိုးထောင်ပေးရမယ်။ စတုတ္ထစက်မှုအသွင်ကူးပြောင်းရေးကာလမှာ ပြောင်းလဲမှုတွေလုပ်တဲ့အခါ စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းရရှိရေးကိုသာ အာရုံမစိုက်ဘဲ ကောင်းမွန်တဲ့ ကမ္ဘာကြီးဖြစ်အောင် ကြိုးစားကြဖို့ အလေးထားပြောကြားခဲ့ပါတယ်။

အာဆီယံနိုင်ငံတွေအနေနဲ့လည်း တီထွင်ဆန်းသစ်မှုမှာ ရှေ့တန်းကရောက်နေတဲ့ နိုင်ငံတွေဖြစ်တယ်။ ဖွံ့ဖြိုးမှုကွာခြားသော်လည်း အာဆီယံနိုင်ငံတွေ ပူးပေါင်းပြီး စက်မှုအသွင်ကူးပြောင်းရေးကာလကို အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်နိုင်အောင် နည်းလမ်းတွေ ဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ပါဝင်ဆွေးနွေးတာကတော့ မဲခေါင်ဒေသ နိုင်ငံများအကြားမှာ ပေါင်းစည်းရေးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇွန်လအတွင်းမှာလည်း ဧရာဝတီ- ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့ Master Plan တစ်ခု ချမှတ်ခဲ့ပါတယ်။ မဲခေါင်ဒေသ ငါးနိုင်ငံဟာ လူ့စွမ်းအားတွေလည်း ရှိတယ်။ သဘာဝအရင်းအမြစ်တွေလည်း ပေါများတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း မြန်တယ်။ တည်နေရာအနေအထားကလည်း တရုတ်ပြည်နဲ့ အိန္ဒိယတို့လို ဈေးကွက်တွေကြားမှာရှိလို့ ပူးပေါင်းပြီးဆောင်ရွက်မယ်ဆိုရင် တိုးတက်ဖို့ အလားအလာများစွာ ရှိတယ်ဆိုတဲ့ ရှေ့အလားအလာ ဆွေးနွေးကြတာဖြစ်ပါတယ်။

အဲဒီ ငါးနိုင်ငံဟာ ပြိုင်ဘက်တွေမဟုတ်ဘူး။ ကုန်ထုတ်လုပ်မှုတွေ တူသော်လည်း အပြန်အလှန်အကျိုးပြုနိုင်တယ်။ လာအိုဆိုရင် စွမ်းအင်တွေကို အိမ်နီးချင်းနိုင်ငံတွေကို ရောင်းချသလို မြန်မာနိုင်ငံဆိုရင် ထိုင်းနိုင်ငံကို သဘာဝဓာတ်ငွေ့တွေ ရောင်းချတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ လိုအပ်ချက်တွေ ဖြည့်ဆည်းပြီး အကျိုးပြုနိုင်တယ်။ ဒါကြောင့် ပေါင်းစည်းဆောင်ရွက်ဖို့အတွက် နည်းလမ်းတွေကို ဆွေးနွေးခဲ့ကြတယ်။ မဲခေါင်ဒေသနိုင်ငံတွေ ဆက်သွယ်မှု တိုးမြှင့်ဖို့ကိစ္စ၊ ပြည်သူအချင်းချင်း ထိတွေ့ရေးကိစ္စ၊ ကုန်သွယ်ရေးမူဝါဒတွေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုကိစ္စတွေကို ဆွေးနွေးခဲ့ကြတယ်။

အကျိုးရလဒ်အနေနဲ့ကတော့ ယဉ်ကျေးမှုချင်း၊ တန်ဖိုးထားမှုချင်းတို့ပါ တူညီတဲ့ နိုင်ငံတွေဖြစ်လို့၊ ပေါင်းစည်းဆောင်ရွက်ရေးတွေနဲ့ ပတ်သက်လို့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ နောက်တစ်ခု ပါဝင်ဆွေးနွေးခဲ့တာကတော့ ကမ္ဘာ့စီးပွားရေးဖိုရမ်ဥက္ကဋ္ဌနဲ့ အပြန်အလှန်တွေ့ဆုံမေးမြန်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ခြင်းဖြင့် ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို နိုင်ငံတော်ရဲ့သဘောထားနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားခွင့် ရရှိခဲ့ပါတယ်။

**မေး ။ အခြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးခဲ့တာတွေနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ အခမ်းအနား (၃) ခုမှာ ပါဝင်တက်ရောက်ခဲ့ပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ဂျပန်မှာ မကြာမီလုပ်မယ့် မဲခေါင်ထိပ်သီးအစည်းအဝေး ကျင်းပမယ့်ကိစ္စနဲ့ ရခိုင်ပြည်နယ်အရေးကိစ္စမှာ ဂျပန်နဲ့ မြန်မာနိုင်ငံ ပူးပေါင်းပြီး အပြုသဘောဆောင်တဲ့ ဆောင်ရွက်ချက်တွေ လုပ်ဆောင်နိုင်ဖို့ ဆွေးနွေးနိုင်ခဲ့လို့ အကျိုးရှိတဲ့ တွေ့ဆုံမှုပဲ ဖြစ်ပါတယ်။

ဗီယက်နမ်သမ္မတကြီးနဲ့လည်း သွားရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံ ဆက်ဆံရေးကိုလည်း မိတ်ဖက်အဆင့်ကို မြှင့်တင်ခဲ့တဲ့အနေအထားရှိပါတယ်။ ကမ္ဘာလှည့်ခရီးသွားမြှင့်တင်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီခရီးစဉ်ကလည်း နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ပေးမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်သုံးသပ်မိပါတယ်။

**မေး ။ အခုခရီးစဉ်မှာ အခြား အကျိုးကျေးဇူးဖြစ်ထွန်းခဲ့တာတွေရှိရင်လည်း သိချင်ပါတယ်။**

ဖြေ ။ ဒီခရီးစဉ်မှာ နောက်ထပ်ရရှိတဲ့ အကျိုးကျေးဇူးတစ်ရပ်ကတော့ မြန်မာကိုယ်စားလှယ်အဖွဲ့မှာ လိုက်ပါလာတဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးဆက်အောင်တို့အနေနဲ့လည်း ဒီအစည်းအဝေးကို တက်ရောက်လာတဲ့ ဒေသအတွင်းကရော၊ နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံပြီးတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံတာတွေနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးပြောကြားခွင့်ရခဲ့ပါတယ်။ နောက်ပြီး ဒီအစည်းအဝေးကို မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင် (၃၇)ဦးလောက် တက်ရောက်ခဲ့ပါတယ်။ သူတို့နဲ့လည်း သီးခြားတွေ့ဆုံပြီးတော့ နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနဲ့ သူတို့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ဆွေးနွေးနိုင်ခဲ့ပါတယ်။

ပြည်ပက စီးပွားရေးလုပ်ငန်းရှင်တွေကို မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ရှင်းပြနိုင်ခဲ့တဲ့အပြင် ပြည်တွင်းမှာ လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အခွင့်အလမ်းတွေနဲ့ စိန်ခေါ်မှုတွေနဲ့ ပတ်သက်ပြီး ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ပါတယ်။ ဒီကမ္ဘာ့စီးပွားရေးဖိုရမ်ဆိုတာကတော့ အာဆီယံခေါင်းဆောင်တွေဘက်က သီးခြားလည်း အလုပ်ရုံဆွေးနွေးပွဲတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေ အများကြီးရှိပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေ အချင်းချင်း ချိတ်ဆက်တွေ့ဆုံနိုင်ပြီးတော့ စီးပွားရေး အခွင့်အလမ်းတွေ ဆွေးနွေးနိုင်ဖို့ အခွင့်အလမ်းတွေရရှိတဲ့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေအတွက် အကျိုးရှိမယ့် အစည်းအဝေးပဲဖြစ်ပါတယ်။

**ကျေးဇူးတင်ပါတယ် ခင်ဗျာ။**

**(သတင်းအဖွဲ့)**

# မောင်တောဒေသ၌ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များအား စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ထောက်ပံ့ကြေးငွေပေးအပ်

**မောင်တော စက်တင်ဘာ ၁၄**

မောင်တောဒေသ၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက် ကလေးငယ်များအား အာဟာရဖွံ့ဖြိုးစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ထောက်ပံ့ကြေးငွေ ပေးအပ်ခြင်းကို ယနေ့မှစတင်၍ မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ရခိုင်တိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင် ကိုယ်ဝန်ဆောင် မိခင်များ၊ နှစ်နှစ်အောက် ကလေးငယ်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်နှစ်အောက် ကလေးငယ်များအတွက် တစ်ဦးလျှင် ခြောက်လစာ ကျပ် ၉၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ကြေးငွေများ ပေးအပ်ခဲ့ပြီး အစာအာဟာရနှင့် ဦးနှောက်စွမ်းရည်ဖွံ့ဖြိုးစေရန် အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်ရာတွင် မောင်တောမြို့နယ် မြို့မအနောက်ရပ်ကွက်၌ ၂၅ ဦး၊ မြို့မမြောက်ရပ်ကွက်၌ ၅၁ ဦး၊ မြို့မအရှေ့ရပ်ကွက်၌ ၁၆၆ ဦးတို့အား ပေးအပ်ခဲ့ပြီး စက်တင်ဘာ ၁၇ ရက်အတွင်း ကိုယ်ဝန်ဆောင် မိခင်နှင့် နှစ်နှစ်အောက် ကလေးငယ် ၁၂၆၄ ဦးအတွက် စုစုပေါင်း ငွေကျပ် ၁၁၃၇၆၀၀၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက် ကလေးငယ်များအတွက် ထောက်ပံ့ကြေးငွေပေးအပ်မှုများကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စသည့်ဒေသများတွင် ထောက်ပံ့ပေးအပ်လျက်ရှိကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အစီအစဉ်ရေးဆွဲပြီး လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်တွင် ဘဝတစ်လျှောက်လုံး ကိုယ်ဝန်ဆောင်မိခင်ဘဝမှအစ သက်ကြီးရွယ်အိုအထိ လူ့ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အေးမင်းသူ(ကြေးမုံ)**
**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# ပဲခူးတိုင်းဒေသကြီးရှိ ဆည်တမံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်သည် စက်တင်ဘာ ၈ ရက် မှ ၉ ရက်အထိ မကွေးခရိုင်အတွင်းရှိ ဆည်တမံများဖြစ်သည့် နတ်မောက်၊ စွန်၊ ဆဒ္ဒန် ရေလှောင်တမံများနှင့် ဆည်ရေသောက်စနစ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ကျဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)ရှိ မြောက်နဝင်း၊ တောင် နဝင်း၊ ဝဲကြီး၊ တောင်ညိုဆည်များ၏ ဆည်ရေသောက်စနစ် မြှင့်တင်ဆောင်ရွက်နေမှုများ၊ တူးမြောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ၊ ဘော်ဘင်ရေလှောင်တမံနှင့် ဂမုန်းရေလှောင်တမံတို့မှ တမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်များ၏ ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆည်မြောင်းဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရေလှောင်တမံ ကြံ့ခိုင်မှုကို ၂၄ နာရီ ကြည့်ရှုစစ်ဆေးကြရန်၊ ရေလှောင်တမံအနီးရှိ မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြုစုမှတ်သားထားရှိ၍ လိုအပ်မှုရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မွှေး**



# ပဋိပက္ခဖြစ်စဉ်များလျှော့ချနိုင်ရန်အတွက် ပဋိပက္ခဖြစ်ပွားခဲ့သည့်ဒေသများမှ နှစ်ဖက်ခေါင်းဆောင်များတွေ့ဆုံနိုင်ရန် စီစဉ်



**ရန်ကုန် စက်တင်ဘာ ၁၄**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ (၁၈)ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ပြီး ယခုအစည်းအဝေးတွင် ပဋိပက္ခဖြစ်စဉ်များ လျှော့ချနိုင်ရန်အတွက် အဆိုပါဒေသများမှ ခေါင်းဆောင်များတွေ့ဆုံနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ယခုအစည်းအဝေးတွင် (၁၇)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေများအား တင်ပြခြင်း၊ အောက်တိုဘာ ၁ ရက်မှ နေ၍ တစ်နှစ်တာ ဆက်လက်ဆောင်ရွက်မည့် JMC လုပ်ငန်းများနှင့် ပတ်သက်သည့် အကြောင်းအရာငွေကြေးကိစ္စ ရှင်းလင်းခြင်း၊ နော်ဝေနိုင်ငံ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုဆိုင်ရာ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ တင်ပြခြင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေရရှိရေး ဆောင်ရွက်မှုအခြေအနေများအား တင်ပြခြင်း၊ JMC-U ၏ (၁၇) ကြိမ်မြောက်နှင့် (၁၈)ကြိမ်မြောက် အစည်းအဝေး ကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများအား ဆွေးနွေးခြင်း၊ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များနှင့် ပတ်သက်သည့် လုပ်ငန်းအကောင်အထည်ဖော်မှုများအား တင်ပြခြင်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးအပြီးတွင် JMC-U ၏ ပြောရေးဆိုခွင့်ရှိသူများဖြစ်သည့် အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရ်နှင့် အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့က သတင်းမီဒီယာများနှင့် တွေ့ဆုံကာ JMC-U အစည်းအဝေး သုံးရက်တာကာလအတွင်း ဆွေးနွေးခဲ့သည်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို သတင်းမီဒီယာများအား ရှင်းလင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

**ဆုံးဖြတ်ချက် ၁၅ ခုနဲ့ ပြီးခဲ့**

သုံးရက်တာ ဆွေးနွေးမှုနှင့် ပတ်သက်၍ ဒေါက်တာရွှေခါးရ်က "အရေးကြီးတဲ့ကိစ္စဖြစ်တဲ့ ဒေသခံအရပ်သား စောင့်ကြည့်သူ (LCM) များ နဲ့ ပတ်သက်ပြီးဆွေးနွေးဖြစ်တယ်။ အဲ့ဒီကိစ္စက ညှိနှိုင်းခဲ့တာ တော်တော်ကြာပါပြီ။ လောလောဆယ် ရှေ့ပြေးအစီအစဉ်အနေနဲ့ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်မှာ လုပ်ဖို့ စီစဉ်ထားတော့ LCM နဲ့ ပတ်သက်ပြီး လိုအပ်တဲ့ စွမ်းရည်၊ ဆောင်ရွက်ချက်တွေကိုဆွေးနွေးခဲ့ကြတယ်။ နော်ဝေခရီးစဉ်၊ အရပ်သားကိုယ်စားလှယ်များအနေနဲ့ ပညာရှင် စကားဝိုင်းလုပ်တာမျိုးရှိတော့ အတွေ့အကြုံဖလှယ်မှုတွေ လုပ်ခဲ့ပါတယ်။ သုံးရက်တာ ကျွန်တော်တို့ အစည်းအဝေးက ဆုံးဖြတ်ချက် ၁၅ ခုနဲ့ ပြီးခဲ့ပါတယ်။ အရပ်သားတွေ့ဆုံမှုဘက်က ထွက်လာ တဲ့မှုတွေအရ JMC ဘက်မှာ ချမှတ်ရမယ့် မူတွေလည်း ထွက်လာပါတယ်။ အဲ့ဒီကိစ္စလည်း ဆွေးနွေးခဲ့ပါတယ်"ဟု ပြောသည်။

နယ်မြေတည်ဆောက်ခြင်း၊ အင်အားတည်ဆောက်ခြင်းများ ဆောင်ရွက်ခြင်းမပြုရန် အဖွင့်မိန့်ခွန်းတွင် JMC-U ဥက္ကဋ္ဌ ပြောခဲ့သည့် အကြောင်းအရာနှင့်ပတ်သက်၍ မည့်သည့်အဖွဲ့အစည်းများ လုပ်ဆောင်နေခြင်းဖြစ်ပြီး မည့်သည့်အဖွဲ့အစည်းများကို ရည်ညွှန်းသည်ဆိုသည့်အချက်နှင့် ပတ်သက်၍ ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ယခုကဲ့သို့ ပြောကြားသည်။

**ပဋိပက္ခဖြစ်စဉ်လေးတွေရှိ**

ဗိုလ်မှူးကြီး ဝဏ္ဏအောင်က "အခုက က JMC မှာ စောင့်ကြည့်ရေးကော်မတီအနေနဲ့ ပဋိပက္ခတွေကို စောင့်ကြည့်တာပါ။ အချို့နေရာတွေမှာ ပဋိပက္ခဖြစ်စဉ်လေးတွေ ရှိပါတယ်။ အဲ့ဒီလိုရှိတဲ့အပေါ်မှာ အခြေခံပြီးတော့ နယ်မြေဝင်ရောက်ကျော်လွန်မှုဆိုတဲ့ အနေအထားမျိုးတွေ ရှိနေပါတယ်။ အဲ့ဒီပဋိပက္ခတွေကို လျှော့ချနိုင်ဖို့ဆိုရင်တော့ ထိပ်တိုက်ရင်ဆိုင်မှုမဖြစ်ဖို့ အင်အားတိုးချဲ့တည်ဆောက်မှုတွေ၊ နယ်မြေကျော်လွန်သွားလာမှုတွေကို ပြောတာပါ"ဟု ပြောသည်။

JMC-S တနင်္သာရီတွင် မွန်ပြည်သစ်ပါတီ ပါဝင်လာနိုင်ရေး တောင်းဆိုထားသည့်ကိစ္စနှင့်ပတ်သက်၍ ဒေါက်တာရွှေခါးရ်က "ဒီကိစ္စနဲ့ ပတ်သက်ပြီး အစိုးရရဲ့ဆုံးဖြတ်ချက်တွေကိုလည်း တင်ပြလာပါတယ်။ JMC က အားလုံးသိတဲ့အတိုင်းပဲ၊ ကျွန်တော်တို့လုပ်နိုင်တဲ့ ဘောင်အတွင်းမှာ လုပ်ရတာ ဖြစ်ပါတယ်။ JMC အဆင့်မှာ နှစ်ဖက်ညှိနှိုင်းပြီး ဆုံးဖြတ်ချက်မရနိုင်တာကြောင့် JICM (တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး)အဆင့်မှာ ထပ်ပြီးတော့ ဆွေးနွေးပါဆိုပြီး တင်ပြထားပါတယ်"ဟု ပြောသည်။

**အမြန်ဆုံးပြန်လွှတ်ပေးနိုင်ရန်ဆွေးနွေး**

ယခုအစည်းအဝေးတွင် JMC-U ၏(၁၇)ကြိမ်မြောက်နှင့် (၁၈)ကြိမ်မြောက်အစည်းအဝေး ကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများကို ဆွေးနွေးခဲ့ရာတွင် အစည်းအဝေးဆုံးဖြတ်ချက်အရ ကြားကာလအတွင်း RCSS (ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ရှမ်းပြည်တပ်မတော်) အနေဖြင့် တပ်သားသစ်စုဆောင်းမှုကို JMC-S ရှမ်းက ကန့်ကွက်ခဲ့သည်များ ရှိကြောင်း၊ NRPC အနေဖြင့်လည်း အဆိုပါစုဆောင်းခံရမှုကိစ္စရပ်တွင် NLD လူငယ်များပါဝင်၍ JMC-U တွင် ဖြေရှင်းသွားရန် အကြောင်းကြားစာများပေးပို့ခဲ့ကြောင်း၊ လူသစ်စုဆောင်း၍ ခေါ်ဆောင်သွားခဲ့သူများကို အမြန်ဆုံး ပြန်လွှတ်ပေးနိုင်ရန် ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါကိစ္စရပ်ကို JMC အနေဖြင့် စိစစ်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မီဒီယာများအား ရှင်းလင်းပွဲမှသိရသည်။

ဒေါက်တာရွှေခါးရ်က "RCSS နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ တော်တော်လေးဆွေးနွေးခဲ့ပါတယ်။ လောလောဆယ်မှာ နှစ်ခု စီစဉ်ထားပါတယ်။ လောလောဆယ် နှစ်ဖက်ဆုံးဖြတ်ချက်ချနိုင်မယ့် တပ်မှူးကိစ္စ အရေးကြီးပါတယ်။ အဲဒါကို နှစ်ဖက်လုံးက လက်ခံထားပါတယ်။ လောလောဆယ် ထိုင်းနိုင်ငံ ချင်းမိုင်မှာ ငြိမ်းချမ်းရေးကော်မရှင် (P.C) ဘက်က တွေ့ဆုံခဲ့တာရှိပါတယ်။ အဲဒီကိစ္စကို ရှင်းလင်းခဲ့ကြပြီး လောလောဆယ် RCSS က ခေါင်းဆောင်တွေနဲ့ တွေ့ဆုံနိုင်ဖို့ ကျွန်တော်တို့ဘက်ကလည်း စာရေးသားပြီး ဖြစ်ပါတယ်။ မကြာခင်တွေ့ဆုံနိုင်မယ်လို့ ယူဆရပါတယ် ၊ ဒုတိယအနေနဲ့ နှစ်ဖက်မြေပြင်တပ်မှူးတွေ အချင်းချင်း တွေ့ဆုံဖို့ ဆွေးနွေးတယ်။ အခြားနေရာမှာ ပစ်ခတ်တိုက်ခိုက်မှုတွေ မရှိသလောက်ဆိုတော့ ရှမ်းပြည်နယ်မှာလည်း RCSS နဲ့ အစိုးရတပ်မတော်ကြား မြေပြင်တပ်မှူးတွေ တွေ့ဆုံနိုင်ဖို့ လုပ်ထားတယ်။ ကျွန်တော့်အမြင်ကတော့ နှစ်ဖက်ဆုံတွေ့နိုင်ရင် ပြေလည်မယ်လို့ ယူဆပါတယ်။ မကြာခင်မှာ တွေ့ဆုံဖို့ ယူဆပါတယ်" ဟုပြောသည်။

ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များကို ရှေ့ပြေးအဖြစ် JMC-S မွန်နှင့် JMC-S ကရင်တို့တွင် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ယနေ့ရှင်းလင်းပွဲမှ သိရသည်။

**ရှေ့ပြေးအနေနဲ့ ဆောင်ရွက်**

"JMC-S မွန်မှာဆို ကျိုက်မရောမြို့နယ် လမုခွံရွာကို အကြမ်းဖျင်းရွေးထားပါတယ်။ ကရင်မှာတော့ ကော့ကရိတ်မြို့နယ်က လောင်းကိုင်နဲ့ လောင်ဒဘွဲပေ့ါ။ အထူးသဖြင့် ပဋိပက္ခဖြစ်နိုင်တဲ့နေရာတွေမှာ ရှေ့ပြေးအနေနဲ့ ဆောင်ရွက်သွားဖို့ ရွေးချယ်ထားပါတယ်။ JMC-S မှာ LCM ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်၊ အရေးပါမှုတွေကို သွားရောက်ရှင်းလင်းပါတယ်။ အဲဒီကိစ္စတွေကို ကျွန်တော်တို့ ဆွေးနွေးဖြစ်ကြပါတယ်"ဟု ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပြောသည်။

လာမည့်နှစ်တွင် JMC သည် အစီအစဉ်တစ်ခုအနေဖြင့် ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များအတွက် ပိုမိုဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ အဆိုပါ ဒေသခံအရပ်သားစောင့်ကြည့်သူ (LCM) များ၏ ဆောင်ရွက်ချက်များ ပိုမိုလုပ်ကိုင်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁ သန်းခန့် အကုန်အကျခံ ဆောင်ရွက်သွားနိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။

(၁၈)ကြိမ်မြောက် JMC-U အစည်းအဝေးသို့ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုး (KNU) နှင့် ဒုတိယဥက္ကဋ္ဌ(၂) စိုင်းမျိုးသန့်တို့ အပါအဝင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်သားကိုယ်စားလှယ်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့သည်။ **ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ရန်ကုန်တိုင်းဒေသကြီး ၁၆ မြို့နယ်သို့ ကုက္ကိုဝမြစ်ရေတင် ရေသန့်စင်စီမံကိန်းမှ ရေချိုဖြန့်ဝေနိုင်ရန် ဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်သော ကုက္ကိုဝမြစ်ရေတင်ရေသန့်စင်စီမံကိန်းမှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်သို့ ရေချိုများဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားသည်။

**ချိတ်ဆက်၍ ရေဖြန့်ဝေပေး**

"ယမန်နေ့ကကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးဦးဝင်းမောင် မေးမြန်းသည့် လှိုင်သာယာမြို့နယ်အတွင်း နေထိုင်ကြသော ပြည်သူများသောက်သုံးရေရရှိရေးအတွက် ရန်ကုန်မြို့တော်ရေပေးဝေရေးစနစ်နှင့် ချိတ်ဆက်၍ သောက်သုံးရေဖြန့်ဝေပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့် ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားရာတွင် မြို့တော်ဝန် ဦးမောင်မောင်စိုးက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

**မြေအောက်ရေထုတ်ယူသုံးစွဲနေ**

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်က မေးမြန်းရာတွင် "လှိုင်သာယာမြို့နယ်မှာ ရပ်ကွက် ၂၀ နဲ့ ကျေးရွာအုပ်စုကိုးအုပ်စုရှိပါတယ်။ အဲဒီထဲမှာ စက်မှုဇုန်တွေ၊ ဒဂုံရောအဝေးပြေး၊ ထိန်ပင်သုသာန်၊ အမှတ်(၉) ရဲတပ်ရင်းတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရေများပေးဝေလျက်ရှိပါတယ်။ ဒါပေမယ့် မြို့နယ်အတွင်းနေထိုင်ကြတဲ့ ပြည်သူများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေပေးဝေမှုမှာ နဝဒေးအိမ်ရာတစ်ခုတည်းသာဖြစ်ပြီး ကျန်ရပ်ကွက်၊ ကျေးရွာတွေမှာ ဖြန့်ဝေပေးခြင်းမရှိသေးသောကြောင့် မြို့နယ်တွင်းရှိ ပြည်သူများမှာမိမိအစီအစဉ်ဖြင့် အဝီစိတွင်းများတူးကာ မြေအောက်ရေကိုထုတ်ယူသုံးစွဲနေကြရပါတယ်။ မြို့ပြဒေသဖွံ့ဖြိုးတိုးတက်ရန်သော်လည်းကောင်း၊ ပြည်သူများ၏ ကျန်းမာရေးအပါအဝင် ဘဝနေထိုင်မှုအတွက် အရေးကြီးသော ရေကောင်းရေသန့်ရရှိမှုဟာ အလွန်ပဲအရေးကြီးပါတယ်။ ထိန်ပင်အမှိုက်ပုံနဲ့ နီးတဲ့ရပ်ကွက်၊ ကျေးရွာတွေမှာ မြေအောက်ရေသုံးစွဲနေကြရသော ပြည်သူတွေအတွက် လွန်စွာစိုးရိမ်ဖွယ် ကောင်းလှပါတယ်။ ပြည်သူများသုံးစွဲနေတဲ့ မြေအောက်ရေမှာ အာဆင်းနစ်ဓာတ်အပါအဝင်၊ ခဲဓာတ်များစွာပါဝင်နေသည်ကိုလည်းသိရပါတယ်။ ဒါကြောင့် ပြည်သူများက မြို့တော်စည်ပင်သာယာရေးကော်မတီက ဖြန့်ဝေပေးမယ့် ရေကောင်း၊ ရေသန့်များကိုလွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်သူတွေ့ဆုံတိုင်းမှာတင်ပြကြပါတယ်။ ဒါ့ကြောင့် လှိုင်သာယာမြို့နယ်အတွင်းနေထိုင်တဲ့ ပြည်သူများ သောက်သုံးရေရရှိရန်အတွက် ရန်ကုန်မြို့တော်ရေပေးဝေရေးအဖွဲ့နှင့်ချိတ်ဆက်၍ သောက်သုံးရေဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ အစီအစဉ်ရှိပါက မည်သည့်ဒေသတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း" မေးမြန်းခဲ့သည်။

**နိုင်ငံတကာတင်ဒါတွေဖိတ်ခေါ်ခဲ့**

မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြန်လည်ဖြေကြားရာတွင် "လှိုင်သာယာမြို့နယ်ဟာ လူနေထူထပ်တဲ့ မြို့နယ်ကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ပြည်သူများရဲ့ရေလိုအပ်မှုမှာရေကောင်း၊ ရေသန့်ရရှိမှုကအရေးကြီးပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကုက္ကိုဝမြစ်ရေတင် ရေသန့်စင်ပေးဝေရေးစီမံကိန်းကို ဂျပန်နိုင်ငံအစိုးရရဲ့ ချေးငွေနဲ့ဆောင်ရွက်ဖို့ ပြည်ထောင်စုလွှတ်တော်က နေ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာက အတည်ပြုပေးခဲ့ပါတယ်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး (JICA)လုပ်ထုံးလုပ်နည်းနဲ့အညီ ကျွန်တော်တို့ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စတဲ့ ဝန်ကြီးဌာနတွေနဲ့ ဆက်စပ်ဆောင်ရွက်ပြီး စီမံကိန်းအတွက် လိုအပ်တဲ့ ချေးငွေသဘောတူစာချုပ် ၂၀၁၇ ခုနှစ် မတ်လမှာ နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ လုပ်ငန်းအတည်ပြုမှုကိုလည်း ၂၀၁၇ခုနှစ် ဧပြီလမှာ နိုင်ငံတကာ တင်ဒါတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဒါ့အပြင် ယှဉ်ပြိုင်တင်သွင်းလာတဲ့ တင်ဒါတွေကို စိစစ်ရွေးချယ်ဖို့ကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြနိုင်ရန် ဖွဲ့စည်းခဲ့ပါတယ်။ အသေးစိတ် ဒီဇိုင်းပုံစံကို ပြီးခဲ့တဲ့ ဇွန်လမှာ လက်မှတ်ရေးထိုးပြီး မြေပြင်ပြုပြင်မှု လုပ်ငန်းတွေကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

**အပြီးဆောင်ရွက်ရန်လျာထား**

ကုက္ကိုဝမြစ်ရေတင်စီမံကိန်း လုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြေပြုပြင်ရေးလုပ်ငန်းတွေ စတင်ပြီး လာမည့် ၂၀၂၅ ခုတွင် တည်ဆောက်ရေးလုပ်ငန်းများကို အပြီးဆောင်ရွက်ရန် လျာထားလျက်ရှိသည်။ အဆိုပါ စီမံကိန်းကို ပြည်ထောင်စုလွှတ်တော် သဘောတူညီချက်ရယူပြီး တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ကာ လာမည့် ၂၀၂၅ ခုနှစ် လုပ်ငန်းများ အချောသပ်ပြီးစီးလျှင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ကမာရွတ်၊ လမ်းမတော်၊ လသာ၊ အလုံ၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ ဗဟန်း၊ စမ်းချောင်းနဲ့ ဆိပ်ကမ်းမြို့နယ်များအား ရေပေးဝေဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာမှ တောင်သူများအား မြေဩဇာနှင့်ပိုးသတ်ဆေးများ ထောက်ပံ့



**ရှာင် စက်တင်ဘာ ၁၄**

စက်တင်ဘာ ၁၄ ရက် နံနက်က ရှာင်မြို့နယ် မြင်းကျဒိုးကျေးရွာအုပ်စု ရွှေလှ ဘက်စုံအဆင့်မြင့်စံပြကျေးရွာမှ တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနမှ မြေဩဇာထောက်ပံ့ပေးအပ်ပွဲ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးသန့်က ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်များဖြင့် စိုက်ပျိုးထုတ်လုပ်ရေး၊ ဂျီအေပီ အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် ဆောင်ရွက်ရေးနှင့် မြေဩဇာထောက်ပံ့ပေးအပ်ရခြင်းနှင့် ကြဲပက်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့်တာဝန်ရှိသူများက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအတွက် တောင်သူများအား မြေဩဇာအိတ် ၁၄၀နှင့် ပိုးသတ်ဆေးများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်သူ ဦးဘသောင်း၏ စပါးစိုက်ခင်းအတွင်း တောင်သူများနှင့်အတူ စုပေါင်းမြေဩဇာကြဲပက်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# အောက်တိုဘာလအထိ မဲစာရင်းပြုစုတာ၊ အောက်တိုဘာလ ပြင်ပြီးရင်တော့ ဖိုင်နယ်မဲစာရင်းဖြစ်သွားပြီ၊ ဒါတွေကို ပြည်သူတွေကိုလည်း သိစေချင်တယ်

ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)

## မှန်ကန်ပြည့်စုံသည့် မဲစာရင်းဖြစ်ပေါ်လာစေရန် မဲစာရင်းပြုစုခြင်းနှင့် စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လာမည့်နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည် ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် မှန်ကန်ပြည့်စုံသည့် မဲစာရင်း ဖြစ်ပေါ်လာစေရန် မဲစာရင်းပြုစုခြင်းနှင့် စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်မြတ်ဆန်းထွန်း၊ ဦးစီးအရာရှိ ဒေါ်ခိုင်သန္တာမျိုးနှင့် ဒေါ်ဝင်းသော်သော်လှိုင်တို့က ပါဝင်ဆွေးနွေးကြသည်။**



ဦးမြင့်နိုင်



ဒေါ်ခိုင်သန္တာမျိုး



ဒေါ်ဝင်းသော်သော်လှိုင်

အဆိုပါစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်။

***ယမန်နေ့မှ အဆက်***

**ဦးမြင့်နိုင်။** ။မဲစာရင်းပြုစုရာမှာ တစ်ခုရှိသေးတယ်။ ရက်ပေါင်း ၁၈၀ ကျော်ပြီး မိမိရဲ့ မဲဆန္ဒနယ်ကနေ တခြားမဲဆန္ဒနယ်ကို ရောက်ရှိနေတဲ့သူတွေအတွက် ဘယ်လိုပြဋ္ဌာန်းထားသလဲ။

**ဒေါ်ခိုင်သန္တာမျိုး။** ။မဲဆန္ဒရှင်တစ်ဦးဟာ ရက်ပေါင်း ၁၈၀ ကျော်ပြီး ကိုယ့်ရဲ့ မဲဆန္ဒနယ်ကနေ တခြားမဲဆန္ဒနယ်ကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေမယ်။ တစ်နည်းအားဖြင့် ခြောက်လကျော်ပြီး ရောက်နေမယ်။ ပြီးတော့ ရွေးကောက်ပွဲကျင်းပခါနီးမှာ ကိုယ့်ရဲ့ မဲဆန္ဒနယ်ကို ပြန်ပြီး မဲမပေးချင်ဘူး။ ရောက်နေတဲ့ ဒေသမှာ မဲပေးချင်တယ်ဆိုရင် မဲပေးခွင့်ရှိတယ်။ ဒီအတွက် မဲဆန္ဒရှင်ဟာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို သွားရောက်ပြီးတော့ ပုံစံ ၃ (က) နဲ့ လျှောက်ထားနိုင်ပါတယ်။ အကယ်၍ မဲဆန္ဒရှင်က ဝန်ထမ်းဖြစ်မယ်ဆိုရင် သက်ဆိုင်ရာ ဝန်ထမ်းအကြီးအကဲရဲ့ ထောက်ခံချက်၊ အလုပ်သမားဖြစ်မယ်ဆိုရင် အလုပ်ရှင် ဒါမှမဟုတ် အလုပ်ရှင်က ကိုယ်စားလှယ်လွှဲထားတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ ထောက်ခံချက်၊ တခြားပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်ဆိုရင် ဥပမာ ကိုယ်က အလုပ် မလုပ်ဘူး။ အိမ်မှာပဲ နေသူဖြစ်မယ်ဆိုရင်လည်း ကိုယ်တိုင်ကတိခံဝန်ချက်ကို တင်ပြရပါမယ်။ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်ကိုပါ ပူးတွဲတင်ပြရပါမယ်။ ဒါပေမယ့် ဒီထောက်ခံချက်တွေအတွက် မဲဆန္ဒရှင်တွေအနေနဲ့ သီးသန့်ရေးသားစရာ မလိုပါဘူး။ ပုံစံ ၃ (က) ရဲ့ နောက်ကျောဘက်စာမျက်နှာမှာ ပူးတွဲဖော်ပြထားပြီးသား ဖြစ်ပါတယ်။

**ဦးမြင့်နိုင်။** ။အခု ကြားဖြတ်ရွေးကောက်ပွဲက ၁၃ နေရာမှာ ကျင်းပမှာ ဖြစ်ပါတယ်။ ဒီ ၁၃ နေရာမှာပဲ ကျင်းပမှာဖြစ်တဲ့အတွက် ရက်ပေါင်း ၁၈၀ ကျော်ပြီး မဲဆန္ဒနယ်ပြင်ပကို ရောက်ရှိနေတဲ့ မဲဆန္ဒရှင်တွေအနေနဲ့ သတိပြုရမယ့် အချက်တွေရှိတယ်။ ဒါတွေကို ဆွေးနွေးပေးပါ။

**ဒေါ်ခိုင်သန္တာမျိုး။** ။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ လစ်လပ်မဲဆန္ဒနယ် ၁၃ နယ်ရှိပါတယ်။ ပြည်သူ့လွှတ်တော်အတွက် ၄ နေရာ၊ အမျိုးသားလွှတ်တော်အတွက် ၁ နေရာ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အတွက် ၈ နေရာ စုစုပေါင်း ၁၃ နေရာဖြစ်ပါတယ်။ ဥပမာ အနေနဲ့ ကျွန်မက လဲချားမဲဆန္ဒနယ်မှာ နေတယ်။ အခုက ကန်ပက်လက်မဲဆန္ဒနယ်ကို ရောက်နေတယ်။ ခြောက်လလည်း ကျော်သွားပြီ၊ လဲချားကို မပြန်ဘဲ ကန်ပက်လက်မှာပဲ မဲပေးချင်တယ်ဆိုရင် မဲပေးလို့ရပါတယ်။ လဲချားမှာက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်ပါ။ ကန်ပက်လက်မှာလည်း ပြည်သူ့လွှတ်တော်ပဲ ဖြစ်ပါတယ်။ လွှတ်တော်တူတဲ့အတွက် ပုံစံ ၃ (က) နဲ့ လျှောက်ထားပြီး မဲပေးပိုင်ခွင့်ကို တောင်းဆိုလို့ရပါတယ်။

**ဦးမြင့်နိုင်။** ။ နောက်တစ်ခုအနေနဲ့ လဲချားမှာ အမြဲနေတဲ့ မဲဆန္ဒရှင်က ကန်ပက်လက်မှာ ရောက်နေတယ်။ လဲချားက မဲစာရင်းထဲမှာ သူ့နာမည်ပါတယ်။ အဲဒီ မဲဆန္ဒရှင်က ကန်ပက်လက်မှာ ရောက်နေတာ ရက်ပေါင်း ၁၈၀ ကျော်နေတယ်။ လဲချားနဲ့ ကန်ပက်လက်နှစ်ခုလုံးမှာက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲရှိတယ်ဆိုရင် မဲဆန္ဒရှင်အနေနဲ့ လဲချားမှာပြန်ပြီးမဲပေးလို့ရတယ်။ လဲချားကို ပြန်ပြီးမဲပေးဖို့ အခက်အခဲရှိရင် ကန်ပက်လက်မှာပဲ ဆန္ဒမဲပေးလို့လည်းရတယ်။ ကန်ပက်လက်မှာ ဆန္ဒမဲပေးမယ်ဆိုရင်တော့ ပုံစံ ၃ (က)နဲ့ လျှောက်ထားရမှာပါ။

နောက်ထပ်ဆွေးနွေးလိုတာက ဥပမာ စမ်းချောင်းမြို့နယ်မှာ နေတဲ့သူတွေ၊ ကန်ပက်လက်မှာ ရက်ပေါင်း ၁၈၀ ကျော်ပြီး ရောက်နေတယ်။ သူတို့က မဲပေးပါရစေ၊ သူတို့ ရက်ပေါင်း ၁၈၀ ကျော်ပါပြီဆိုပြီး တောင်းဆိုတဲ့ အခြေအနေမျိုးဆိုရင် မဲပေးပိုင်ခွင့်ရှိ မရှိကိုလည်း ဆွေးနွေးပေးပါဦး။

**ဒေါ်ခိုင်သန္တာမျိုး။** ။အဲဒီလိုမျိုးဆိုရင် မဲပေးလို့ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စမ်းချောင်းက ကြားဖြတ်ရွေးကောက်ပွဲမှာ လစ်လပ်မဲဆန္ဒနယ်ထဲ မပါပါဘူး။ ဒါကြောင့် လစ်လပ်မဲဆန္ဒနယ်ထဲ မပါတဲ့သူတွေက မဲပေးပိုင်ခွင့်မရှိပါဘူး။

**ဦးမြင့်နိုင်။** ။ဒါက အရေးကြီးပါတယ်။ ဒါမျိုးကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က သိရှိပြီးတော့ တိတိကျကျလိုက်နာဖို့ လိုအပ်ပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ယောက်က လက်ရှိနေထိုင်တဲ့ မဲဆန္ဒနယ်ကနေ တခြားမဲဆန္ဒနယ်ကို အပြီးပြောင်းရွှေ့ချင်တယ်။ ပြောင်းမယ့်နေရာရဲ့ မဲစာရင်းမှာပါအောင် ဘယ်လိုဆောင်ရွက်မလဲ။

**ဒေါ်ခိုင်သန္တာမျိုး။** ။ဒီလို တခြားမဲဆန္ဒနယ်ကို အပြီး ပြောင်းရွှေ့မယ်ဆိုရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှာ ပုံစံ ၄ (က) နဲ့ လျှောက်ထားလို့ရပါတယ်။ ပုံစံ ၄ (က) ဆိုတာ လက်ရှိမဲစာရင်းကနေ ဖျက်ပြီးတော့ တခြားမဲစာရင်းကို ရွှေ့ပေးဖို့ တောင်းဆိုတဲ့ပုံစံ ဖြစ်ပါတယ်။ ဒီလိုတောင်းဆိုတဲ့အခါ လူဝင်မှုကြီးကြပ်ရေးနဲ့ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ထုတ်ပေးတဲ့ ပုံစံ ၁၀ ကိုပါ ပူးတွဲတင်ပြဖို့ လိုအပ်ပါတယ်။ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စိစစ်ပြီးတော့မှ အထောက်အထား မှန်ကန်တယ်ဆိုရင် ပုံစံ ၄(ခ) ကို ထုတ်ပေးမှာ ဖြစ်ပါတယ်။ ဒီပုံစံ ၄(ခ)ရယ်၊ အိမ်ထောင်စုဇယားရယ်၊ မဲစာရင်းထဲမှာ ထည့်ပေးဖို့ တောင်းဆိုတဲ့ ပုံစံ ၃ ရယ် ပူးတွဲပြီး မဲစာရင်းထဲမှာ ထည့်ပေးဖို့ တောင်းဆိုလို့ ရပါတယ်။

**ဦးမြင့်နိုင်။** ။ မဲဆန္ဒရှင်အားလုံး မကျန်ဘဲ မဲပေးနိုင်အောင် ဥပဒေက ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထားတယ်။ ဒါတွေကိုတော့ မဲဆန္ဒရှင်တွေက သိဖို့တော့ လိုတာပေါ့။ ဒီပုံစံတွေက ဘယ်နရက်အတွင်းမှာ ဆောင်ရွက်လို့ရတယ်ဆိုတာလည်း ဆွေးနွေးပေးပါဦး။

**ဒေါ်ဝင်းသော်သော်လှိုင်။** ။တောင်းဆိုတာ၊ ပြင်ဆင်တာ၊ ကန့်ကွက်တာတွေကို ၁၄ ရက်အတွင်းမှာ တောင်းဆိုနိုင်ပါတယ်။ ၁၄ ရက်အတွင်းမှာ တောင်းဆိုပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ၇ ရက်အတွင်း အဆုံးအဖြတ်ပေးမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ခဲ့ဘူးဆိုရင် အယူခံဝင်လို့ရပါတယ်။ ၃ ရက်အတွင်းမှာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အယူခံဝင်လို့ရပါတယ်။ အယူခံဝင်တဲ့ အခါမှာလည်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဆောလျင်စွာ ဆုံးဖြတ်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ကျွန်မအနေနဲ့ မရှင်းလင်းတာလေးရှိပါတယ်။ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ အဆုံးအဖြတ်က သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး အပြီးအပြတ်ဖြစ်စေရမယ်လို့ ဖော်ပြထားပါတယ်။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဆရာကြီးအနေနဲ့ ရှင်းပြပေးစေလိုပါတယ်။

**ဦးမြင့်နိုင်။** ။ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ ကတော့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ခွဲ အဆင့်ဆင့်တွေရဲ့ ဆောင်ရွက်ချက်တွေကို တောင်းယူပြီးတော့မှ ပြင်ဆင်နိုင်တယ်လို့ ပြဋ္ဌာန်းထားတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အခွင့်အာဏာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရဲ့ အဆုံးအဖြတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တောင်းဆိုပြီးတော့ ဆုံးဖြတ်ချက်ကို မပြင်ရင် အတည်ပဲ။ ဒီသဘောလေး ပြဋ္ဌာန်းထားတယ်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ အယူခံမှာ တက်လာတဲ့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ ဆုံးဖြတ်ချက်က အပြီးအပြတ်ဖြစ်တယ်လို့ ပြဋ္ဌာန်းထားတာပါ။ ၂၀၁၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲ လုပ်ခဲ့တယ်။ ၂၀၁၂ ခုနှစ်မှာ ကြားဖြတ်ရွေးကောက်ပွဲလုပ်ခဲ့တယ်။ ၂၀၁၅ ခုနှစ်မှာ အထွေထွေ ရွေးကောက်ပွဲလုပ်တယ်။ ၂၀၁၇ ခုနှစ်မှာလည်း ကြားဖြတ်ရွေးကောက်ပွဲလုပ်တယ်။ ဒီရွေးကောက်ပွဲတွေမှာ ခုနကလို ပုံစံ ၃ နဲ့ လျှောက်ထားလို့၊ ပုံစံ ၄ နဲ့ ကန့်ကွက်လွှာတင်လို့၊ ပုံစံ ၄ (ဂ)နဲ့ ပြင်ဆင်လွှာတင်မလို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေရဲ့ ဆုံးဖြတ်ချက်ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကို အယူခံတက်ရတယ်လို့ မရှိခဲ့ဖူးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပုံစံမျိုးနဲ့ တောင်းဆိုတာ၊ ကန့်ကွက်တာတွေကို စိစစ်ပြီး ဆောင်ရွက်ခဲ့တယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွေရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်လို့ အယူခံတက်ရတယ်လို့ တစ်ကြိမ်မှ မရှိခဲ့ဖူးပါဘူး။

အခု ကြားဖြတ်ရွေးကောက်ပွဲမှာတော့ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေနဲ့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေ ပြုစုထားတဲ့ မဲစာရင်းခန့်မှန်းခြေကတော့ ရှစ်သိန်းကိုးသောင်းကျော်ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာ ရှစ်သိန်းသုံးသောင်းကျော်လောက်ရှိတယ်။ ခန့်မှန်းခြေပြုစုထားတဲ့ စာရင်းအရပေါ့။ မဲစာရင်းကြေညာပြီး မဲဆန္ဒရှင်တွေက ပြင်ဆင်ဖြည့်စွက်တာတွေရှိမယ်ဆိုရင် အပြောင်းအလဲ ရှိနိုင်တာပေါ့နော်။

**ဒေါ်ဝင်းသော်သော်လှိုင်။** ။ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်း တစ်ယောက်ဟာ သန်းတစ်ရာတန်တယ်၊ နှစ်ရာတန်တယ် ဒီလိုမျိုးရေးသားဖော်ပြမှုမျိုး တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာအနေနဲ့ အများပြည်သူ သိရှိအောင် ရှင်းပြပေးပါဦး။

**ဦးမြင့်နိုင်။** ။လွှတ်တော်ကိုယ်စားလှယ်လောင်းကို သန်းတစ်ရာတန်တယ်၊ နှစ်ရာတန်တယ်ဆိုပြီး ရေးကြတယ်။ ရွေးကောက်ပွဲတစ်ခုမှာ ကုန်ကျတဲ့ငွေတွေနဲ့ ရွေးကောက်ပွဲဝင် လွှတ်တော်ကိုယ်စားလှယ်နဲ့ စားလိုက်တဲ့အခါ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အတွက်ဆိုရင် ငွေက ဒီလောက်ကုန်ကျပါတယ်။ ဒါကြောင့်မို့ ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်က သန်းတစ်ရာတန်တယ်၊ နှစ်ရာတန်တယ်ဆိုပြီး ပြောကြတာပေါ့။ ဒါနဲ့ ပတ်သက်ပြီး ကင်ညာနိုင်ငံမှာ လေ့လာခဲ့တာကို ဆွေးနွေးချင်ပါတယ်။ သူတို့ကျတော့ ရွေးကောက်ပွဲမှာ ကုန်ကျတဲ့ငွေတွေကို ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ သူတွေနဲ့ စားလိုက်တယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့သူ တစ်ယောက်အတွက် ၂၇ ဒေါ်လာကျတယ်။ မြန်မာငွေနဲ့ဆိုရင် သုံးသောင်းကျော်ပေါ့။ အဲဒါကို သူတို့က ကြည်နူးတယ်၊ ဂုဏ်ယူတယ်။ မဲဆန္ဒရှင်တစ်ယောက်ကို ၂၇ ဒေါ်လာ အကုန်အကျခံပြီးတော့ ဒီမိုကရေစီ နည်းလမ်းတွေ၊ ရွေးကောက်ပွဲ မဲပေးတဲ့ နည်းလမ်းတွေ ဒါတွေကို လေ့ကျင့်ပျိုးထောင်ပေးတယ်ဆိုပြီး ဂုဏ်ယူတယ်။

ကျွန်တော်တို့ဆီမှာလည်း ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ လစ်လပ် ၁၃ နေရာရှိတယ်။ ကုန်ကျမယ့်ငွေကို ခန့်မှန်းရင် ၁ ဒသမ ၂ ဘီလီယံဝန်းကျင် ကုန်သွားမယ် ဆိုပါတော့၊ သူတို့လို စားမယ်ဆိုရင်တော့ မဲဆန္ဒရှင်တစ်ယောက်ကို ငွေကျပ် ၁၅၀၀ ဝန်းကျင်ကျတယ်။ အဲဒီတော့ ငွေကျပ် ၁၅၀၀ ပဲကုန်ပြီး ရွေးကောက်ပွဲပညာရပ်တွေ လေ့ကျင့်ပျိုးထောင်ပေးရတယ်လို့ ဒီလိုတွက်သင့်တာပေါ့။ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ကုန်ကျငွေကို လွှတ်တော်ကိုယ်စားလှယ်လောင်း အရေအတွက်နဲ့ စားပစ်တော့ သန်းတစ်ရာတန်တယ်၊ နှစ်ရာတန်တယ်ဆိုပြီး မဖြတ်စကောင်းဘူးပေါ့။ တကယ်တော့ ငွေကြေးနဲ့ တန်ကြေးဖြတ်ဖို့ မသင့်ဘူးလို့ ထင်ပါတယ်။

ဒါကြောင့်မို့ ကင်ညာနိုင်ငံက မဲဆန္ဒရှင်တွေ ဂုဏ်ယူသလိုမျိုးပေါ့။ ဒီမိုကရေစီစနစ်မှာတော့ နိုင်ငံရေးပါတီတွေ ရှိလာမယ်၊ ရွေးကောက်ပွဲတွေ ရှိလာမယ်။ ရွေးကောက်ပွဲတွေရှိလာရင် ပြည်သူတွေက ကိုယ်တိုင်လည်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိတယ်။ ရွေးကောက်ပွဲဝင်ရောက်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းကိုလည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိတယ်။ နိုင်ငံတော်က ဒီမိုကရေစီ အလေ့အကျင့်ရအောင် ရွေးကောက်ပွဲတွေ ကျင်းပပေးတဲ့အတွက်ကြောင့် မဲဆန္ဒရှင်တွေ ကိုယ်တိုင် မဲစာရင်းကြည့်စေလိုတယ်။ ကိုယ်တိုင် မကြည့်နိုင်ရင်တော့ မိသားစုဝင်ထဲတစ်ယောက်က ကြည့်ဖြစ်အောင် ကြည့်ဖို့လိုတာပေါ့။ ကြည့်ဖို့ တာဝန်ရှိတာပေါ့။ ကြည့်ပြီးတော့ ပြင်ဆင်ရမှာတွေ ပြင်ဆင်မှုလည်း မဲစာရင်းကလည်း တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုပြည့်စုံလာမှာပါ။ ဇူလိုင်လမှာ မဲစာရင်းကပ်ပြီး ပြင်ဆင်တာတွေ လုပ်မယ်။ ပြင်ပြီးတော့ အောက်တိုဘာလမှာ မဲစာရင်းထပ်ကပ်မယ်။ အဲဒီမှာလည်း ပြင်နိုင်တယ်၊ ပြင်ဖို့အခွင့်အရေး တစ်ကြိမ်ရသေးတယ်။ အောက်တိုဘာလအထိ မဲစာရင်းပြုစုတာ၊ အောက်တိုဘာလ ပြင်ပြီးရင်တော့ ဖိုင်နယ်မဲစာရင်းဖြစ်သွားပြီ၊ ဒါတွေကို ပြည်သူတွေကိုလည်း သိစေချင်တယ်။ အသိပညာလေးတွေကို မျှဝေပေးဖို့ တိုက်တွန်းလိုပါတယ်။ အားလုံးကလည်း ပူးပေါင်းပါဝင်ပေးကြပါလို့ ဆန္ဒပြုပါတယ်။ ကျေးဇူးတင်ပါတယ်။ ။ **ရှင်မင်း**

> **“ဒီမိုကရေစီစနစ်မှာတော့ နိုင်ငံရေးပါတီတွေ ရှိလာမယ်၊ ရွေးကောက်ပွဲတွေ ရှိလာမယ်။ ရွေးကောက်ပွဲတွေရှိလာရင် ပြည်သူတွေက ကိုယ်တိုင်လည်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိတယ်။ ရွေးကောက်ပွဲဝင်ရောက်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းကိုလည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိတယ်။ နိုင်ငံတော်က ဒီမိုကရေစီအလေ့အကျင့်ရအောင် ရွေးကောက်ပွဲတွေ ကျင်းပပေးတဲ့အတွက်ကြောင့် မဲဆန္ဒရှင်တွေကိုယ်တိုင် မဲစာရင်းကြည့်စေလိုတယ်”**

# ကချင်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၄

**ကချင်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးဖုန်ဆန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



ကချင်ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးဖုန်ဆန်း

**ယုံကြည်ချက်**

တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြသော ကျွန်ုပ်တို့၏ နိုင်ငံတော်ကို ပင်လုံစိတ်ဓာတ်နှင့်အညီ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်၍ တိုင်းရင်းသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ပြည်သူများအားလုံး အချင်းချင်းယုံကြည်မှုရှိခြင်း၊ တန်းတူအခွင့်အရေးရရှိခြင်း၊ လွတ်လပ်ခြင်း၊ ဒီမိုကရေစီစနစ် ကျင့်သုံးခြင်းနှင့် မွေးရာပါလူ့အခွင့်အရေး အပြည့်အဝရရှိခြင်းတို့ကို ခံစားနိုင်ခွင့်ရှိမှသာ ထာဝရငြိမ်းချမ်းသာယာဝပြောဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာမည်။ ကချင်ပြည်နယ်သည်လည်း အထက်ပါ အချက်အလက်များနှင့် ပြည့်စုံပြီး ပြည်နယ်သူ/သားများအားလုံး အချင်းချင်း လူမျိုးဘာသာ မခွဲခြားဘဲ သွေးစည်းညီညွတ်ကြလျက် ပြည်နယ်၏ တိုးတက်ရာ တိုးတက်ကြောင်း၊ ကောင်းကျိုးအဖြာဖြာ ပေါ်ထွန်းလာရေးအတွက် လက်တွဲဆောင်ရွက်ကြမည်ဆိုပါလျှင် သာယာဝပြောသော ပြည်နယ်တစ်ခုအဖြစ် ပေါ်ထွန်းလာနိုင်မည်ဟု ကချင်ဒီမိုကရက်တစ်ပါတီက အခိုင်အမာယုံကြည်သည်။

**ပါတီ၏အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်**

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ**

KDP ပါတီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအချက်(၄)ချက်အပေါ် အခြေခံထားသည်။

(၁) ကချင်ဒီမိုကရက်တစ်ပါတီသည် ပြည်သူလူထုအားလုံးကို ကိုယ်စားပြုထားသောပါတီဖြစ်သည်။

(၂) ကချင်အမျိုးသားများနှင့် ပြည်နယ်သူ/သားအားလုံး ပါဝင်နိုင်ရေးကို ရည်ရွယ်ပြီး စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ တန်းတူရည်တူ၊ တရားမျှတမှုကို အခြေခံသော ကချင်ဒီမိုကရက်တစ်ပါတီဖြစ်သည်ဟု ခံယူပါသည်။

(၃) ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံး လူမျိုး၊ ဘာသာမခွဲခြားဘဲ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်သည်။

(၄) ကချင်ပြည်နယ်တွင် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ အပြည့်အဝရရှိရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ပါတီ၏ မူဝါဒ**

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ**

နိုင်ငံရေးပါတီတစ်ရပ်တွင် ပြည်သူလူထု၏ လူမှုဘဝနှင့် သက်ဆိုင်သော ကိစ္စအဝဝတို့ကို တာဝန်ယူဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု ခံယူသည်။ ပါတီ၏ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အတိတ်ကာလ၌ ဖြစ်ပျက်ခဲ့မှုများကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်၌ လက်ရှိအချိန်အခါ အခြေအနေနှင့် သဟဇာတဖြစ်အောင်ပြုမူဆောင်ရွက်၍ ကောင်းမွန်တိုးတက်အောင်မြင်သော အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုကို ဖော်ဆောင်ရန်ဖြစ်သည်။ သို့ဖြစ်၍ KDP ပါတီသည် မူဝါဒများကို အောက်ပါအတိုင်း ချမှတ်သည်။

**(က) ပါတီ၏ နိုင်ငံရေးခံယူချက်**

(၁) ကျွန်ုပ်တို့ ကချင်ဒီမိုကရက်တစ်ပါတီသည် ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောရန် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သည်ဟု ခံယူသည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး အပြည့်အဝရရှိရန် တက်ကြွစွာအားပေးပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အပြည့်အဝရရှိလာရန် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားမည်။

(၃) ဒီမိုကရေစီကျင့်စဉ်သည် လူအများစု၏ ဆန္ဒသဘောထားအပေါ် အခြေခံ၍ လူနည်းစုဆန္ဒသဘောထားကို လေးစားသော (Majority Rule And Minority Right) အုပ်ချုပ်ရေးစနစ်ဖြစ်သဖြင့် နိုင်ငံနှင့်အဝန်းတွင် ဒီမိုကရေစီကျင့်စဉ် အပြည့်အဝထွန်းကားလာရန် တွန်းအားပေးဆောင်ရွက်သွားမည်။

(၄) ပြည်ထောင်စုအကျိုးနှင့် ပြည်နယ်အကျိုးကို ဝိုင်းဝန်းသယ်ပိုးရာတွင် အခြားသော နိုင်ငံရေးပါတီများနှင့် ရင်းနှီးပွင့်လင်းစွာ သဟဇာတဖြစ်အောင် လက်တွဲဆောင်ရွက်သွားမည်။

(၅) ပြဿနာတစ်စုံတစ်ခု ပေါ်ပေါက်လာမည်ဆိုပါက တွေ့ဆုံဆွေးနွေး၍ ဖြေရှင်းသော နည်းနာကို ကျင့်သုံးသွားမည်။

(၆) လူသားတိုင်း၏ မွေးရာပါ အခြေခံလူ့အခွင့်အရေးများကို ကာကွယ်မြှင့်တင်ဆောင်ရွက်သွားမည်။

(၇) လူနည်းစုများ၏ အခွင့်အရေးများကို ဥပဒေဘောင်အတွင်းမှ ကာကွယ်စောင့်ရှောက်ပေးသွားမည်။

**(ခ) ပါတီ၏ စီးပွားရေးခံယူချက်**

(၁) လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် (Free Marketing System) ကို ထောက်ခံအားပေးသွားမည်။

(၂) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီသော သိပ္ပံနည်းစနစ်များဖြင့် အစားထိုးအသုံးပြုနိုင်ရန် အားပေးမြှင့်တင်သွားမည်။

(၃) ပုံမှန်ကူးသန်းရောင်းဝယ်ရေး (Normal Trade) ကို အားပေးမြှင့်တင်သွားမည်။

(၄) ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ သယံဇာတများကို စနစ်တကျ တူးဖော်သုံးစွဲရေးမှုကို အားပေးထောက်ခံသွားမည်။

(၅) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပုဂ္ဂလိကလုပ်ငန်းများ ပိုမိုရှင်သန်တိုးတက်လာအောင် အားပေးမြှင့်တင်သွားမည်။

(၆) ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ငန်းများကို အားပေးမြှင့်တင်သွားမည်။

(၇) ဌာနေ/ဒေသခံတိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာရေးကို အားပေးသွားမည်။

(၈) စီးပွားရေးလုပ်ငန်းအသစ်များကို ရှာဖွေဖော်ထုတ်ရာ၌ အားပေးကူညီဆောင်ရွက်သွားမည်။

**(ဂ) ပါတီ၏ လူမှုရေးအခန်းကဏ္ဍ**

(၁) လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်။

(၂) ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြစ်သော စား၊ ဝတ်၊ နေရေး ဖူလုံရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလာရန် ဆောင်ရွက်သွားမည်။

(၃) ပြည်သူလူထု၏ ကျန်းမာကြံ့ခိုင်ရေးနှင့် စာရိတ္တကောင်းမွန်ရေးဆိုင်ရာ လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားမည်။

(၄) ခေတ်မီတိုးတက်သော ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(၅) တရားမျှတသော ဥပဒေပေါ်ပေါက်၍ ယင်းဥပဒေကို လူတိုင်းလေးစားလိုက်နာရေးနှင့် လူတိုင်းကိုယ်ကျင့်တရား ကောင်းမွန်ရေးကို အထူးအလေးထား ဆောင်ရွက်သွားမည်။

(၆) တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ၊ စာပေနှင့် ယဉ်ကျေးမှုအနုပညာများကို အားပေးမြှင့်တင်သွားမည်။

**ပါတီ၏ရှေ့လုပ်ငန်းစဉ်**

(၁) ကချင်ပြည်နယ်အတွင်း တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိပြီး ဖွံ့ဖြိုးတိုးတက် သာယာဝပြောသည့် ပြည်ထောင်စု၏ခိုင်မာသော ပြည်နယ်တစ်ခုဖြစ်လာရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၂) ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာ အေးအတူပူအမျှ ပေါင်းဖက်နေထိုင်သွားနိုင်ရန် အမျိုးသားရင်ကြားစေ့ရေးကို မဖြစ်မနေ တည်ဆောက်သွားမည်။




(၃) ကချင်ပြည်နယ်တွင် ပါတီစုံဒီမိုကရေစီစနစ် ပိုမိုပီပြင်ရှင်သန်လာရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၄) စီးပွားရေးကဏ္ဍကို အထက်တွင် ဖော်ပြခဲ့သော ပါတီ၏ ခံယူချက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

**(၅) ပါတီ၏ ဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍ**

ကချင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးအတွက် အောက်ပါလုပ်ငန်းများကို အဓိကအားပေးလုပ်ဆောင်သွားမည်။

(က) လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(ခ) စိုက်ပျိုးမွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် အားပေးမြှင့်တင်သွားမည်။

(ဂ) လျှပ်စစ်စွမ်းအားဖူလုံရေးကို အားပေးမြှင့်တင်သွားမည်။

(ဃ) ပညာရေးကဏ္ဍ၌ မူလတန်းအဆင့်အထိ အခမဲ့ မသင်မနေရပညာရေးစနစ်ကို ပြဋ္ဌာန်းကျင့်သုံးရန်နှင့် တိုင်းရင်းသားစာပေများကို အစိုးရကျောင်းများ၌ တရားဝင်သင်ကြားခွင့်ရှိရမည်။

(င) ကျန်းမာရေးကဏ္ဍ၌ ဆေးရုံ၊ ဆေးပေးခန်းများကို ဒေသအနှံ့တည်ဆောက်ပေး၍ လိုအပ်သော ဝန်ထမ်းများ၊ ဆေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများကို လုံလောက်စွာ ခန့်ထားဖြည့်ဆည်းပေးရမည်။

(၆) ကချင်ပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ အားပေးဆောင်ရွက်သွားမည်။ သစ်တောနှင့် မြစ်ချောင်းအင်းအိုင်များကို မပျက်စီးရန် ထိန်းသိမ်းထားရမည်။ အထူးသဖြင့် ဧရာဝတီမြစ်ကို နဂိုမူလအတိုင်း သဘာဝအလျောက် ဆက်လက်စီးဆင်းနိုင်အောင် ကာကွယ်ထိန်းသိမ်းရမည်။

(၇) အခြားနိုင်ငံရေးပါတီများနှင့် နားလည်မှုရှိစွာ ဆက်ဆံသွားမည်။ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးအတွက် မည်သည့် တရားဝင်အဖွဲ့အစည်းနှင့်မဆို လက်တွဲဆောင်ရွက်သွားမည်။

(၈) တောင်သူလယ်သမားရေးရာနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်သွားမည်။ မတရားသိမ်းပိုက်ယူခြင်းများရှိခဲ့လျှင် ဥပဒေကြောင်းဖြင့် တရားနည်းလမ်းကျစွာ ဖြေရှင်းပေးရမည်။ တောင်သူလယ်သမားများသည် မိမိပိုင်လယ်ယာမြေများတွင် လွတ်လပ်စွာစိုက်ပျိုးမွေးမြူပြီး ထုတ်လုပ်သည့် သီးနှံ၊ သား၊ ငါး တို့ကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိရမည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲသွားနိုင်ရန် မြှင့်တင်သွားရမည်။

(၉) အလုပ်သမားရေးရာနှင့် ပတ်သက်၍ အလုပ်သမားများ လုပ်ငန်းခွင်၌ လွတ်လပ်၊ တက်ကြွပျော်ရွှင်စွာ လုပ်ကိုင်နိုင်စေရမည်။ အလုပ်သမားများအတွက် သက်သာချောင်ချိရေးကို စနစ်တကျ ဆောင်ရွက်ပေးရမည်။ မိမိတို့၏ လုပ်အားအပေါ်ရပိုင်ခွင့်နှင့် ခံစားခွင့် အပြည့်အဝရရှိစေရမည်။ လုပ်ငန်းခွင်၌ တရားမျှတမှု ရှိစေရမည်။ လုပ်ငန်းခွင်စည်းကမ်းလိုက်နာထိန်းသိမ်းသော လုပ်သားကောင်းများကို မွေးထုတ်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်ပေးသွားမည်။

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁။ | ကြွေကြွေခြုံလွှာပြဇာတ် | သခင်ဘသောင်း | ၁၇၀၀ | စိတ်ကူးချိုချို |
| ၂။ | ညရေပြင်မှာ ...‘လ’သံစဉ်သီကာဖွဲ့ပါလို့ | ထက်မြတ်နိုင်ဇင် | ၂၃၀၀ | စိတ်ကူးချိုချို |
| ၃။ | Second Call | ဆန်းကျော်စွာဝင်း | ၃၀၀၀ | ကိုလတ်စာပေ |
| ၄။ | ပီတာဂျိမ်းတို့နှင့်ကလေးတို့အတူတူ ကစားကြမယ် | ဆရာထိန်လင်း | ၂၀၀၀ | မဇ္ဈိမစာပေ |
| ၅။ | ပီတာဂျိမ်းတို့နှင့်ကလေးတို့အတူတူ သွားကြမယ် | ဆရာထိန်လင်း | ၂၅၀၀ | မဇ္ဈိမစာပေ |
| ၆။ | ပညာရေးကြောက်ခေတ်ကို ဖြတ်သန်းခြင်း | ဦးမျိုး(မကွေး) | ၂၀၀၀ | ဇွန်ပွင့်စာပေ |
| ၇။ | ဗလာပလိန်း | ကိုး | ၁၅၀၀ | နှစ်ကာလများ |
| ၈။ | မန္တလေးမျှဉ်းဖြောင့်များ | ဆူးငှက် | ၂၅၀၀ | ခူဝံစာပေ |
| ၉။ | ကိုယ်ဝန်ဆောင်မိခင်များအတွက် မေးလိုရာမေး မေ့ရင်သွေး | ဒေါက်တာမြသီတာ | ၂၅၀၀ | ယဉ်မျိုး |
| ၁၀။ | ရွှေဖားငွေဖားပုံပြင်များ | လင်းလက်ကြယ်စင် | ၂၇၀၀ | စိတ်ကူးချိုချို |
| ၁၁။ | သူများထက်နှာတစ်ဖျားသာတဲ့အစွရေး | အောင်ခင် | ၅၀၀၀ | Myanmar Heritage |
| ၁၂။ | ဇာတ်ညွှန်းနှင့်လူ့ဘဝ | မောင်ဒေး | ၄၀၀၀ | နှစ်ကာလများ |
| ၁၃။ | စစ်သားမဟုတ်သော စစ်ဗိုလ်၊ စစ်ဗိုလ်မဟုတ်သော စစ်သားနှင့် --- | ဝေလွင်မောင် | ၄၀၀၀ | မျိုးဆက်သစ် |
| ၁၄။ | ကြောင်တွေဘာကြောင့် ညောင်ညောင်အော်ကြသလဲ | လင်းလက်ကြယ်စင် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၅။ | ပါပဟိန်ပြဇာတ် | ဦးကြင်ဥ | ၁၆၀၀ | စိတ်ကူးချိုချို |
| ၁၆။ | စကားပန်းလေးတွေ | သျှင်မီးအိမ်(ပန်းတနော်) | ၁၇၀၀ | ခုနှစ်စင်ကြယ် |
| ၁၇။ | မြူ (အက်ဆေးများ) | ကလောင်စုံ | ၂၅၀၀ | လင်းသစ်ရောင်စဉ် |
| ၁၈။ | မြို့စားကတော် | စိုးသိဏ်း | ၅၅၀၀ | ရန်ကုန်လမ်းမများ |
| ၁၉။ | ဒေါက်တာနာဇီနှင့် အခြားဝတ္ထုတိုအချို့ | မိုးသက်ဟန် | ၂၀၀၀ | နှစ်ကာလများ |
| ၂၀။ | ပျဉ်းမပန်းတွေရဲ့ အိပ်မက်ထဲက အိမ်အပြန် | သွေး (စစ်ကိုင်း) | ၂၅၀၀ | ၇၇၇၇ စာပေ |
| ၂၁။ | ABN / 4219 ကဗျာစုစည်းမှု | ကလောင်စုံ | ၁၅၀၀ | ဆိပ်ကမ်းသာ |
| ၂၂။ | အသီးအပွင့်ကင်းသောနှစ်များ | မိုယ်းဇော် | ၁၈၀၀ | စိတ်ကူးချိုချို |
| ၂၃။ | မလွယ်တဲ့ခေတ် | ညီဆူးသစ် | ၂၀၀၀ | ယဉ်မျိုး |
| ၂၄။ | ရောသမရာသီဆောင်းပါးများ | မောင်ထွန်းလွင် | ၃၃၀၀ | ချြူးချြူး |
| ၂၅။ | ကဗျာအကြောင်း ပြောရအောင် | သစ္စာနီ | ၂၅၀၀ | စိတ်ကူးချိုချို |
| ၂၆။ | ကဗျာအလင်းခတ်အား ချဉ်းကပ်ပုံဖော်ခြင်းနှင့် ဂန္ထဝင်ကဗျာရေးဖွဲ့နည်း အခြေခံနိယာမများ | ရဲရင့်အောင် | ၃၀၀၀ | စာပေနန်းတော် |
| ၂၇။ | အင်္ဂလိပ်သဒ္ဒါရှုထောင့် | ဦးမိုးမြင့် | ၂၀၀၀ | မျိုးမြန်မာ |
| ၂၈။ | အလှူအမျိုးမျိုး အကျိုးအထွေထွေ | ဆင်တော်မြေအရှင်ဥတ္တမ | ၂၀၀၀ | ဓမ္မသံတော်ဆင့် |
| ၂၉။ | ကရင်ဗမာသွေးစည်းရေး | ကလောင်စုံ | ၁၅၀၀ | လူငယ်တစ်ယောက် |
| ၃၀။ | ဆန္ဒတစ်ခုကဗျာများ | လွင်မောင်မောင် | ၁၅၀၀ | ယဉ်မျိုး |
| ၃၁။ | ပဋ္ဌမဏ္ဍိုင်နှင့် အိုနာသေတိုင်းပြည် | အရှင်ပညိန္ဒ | ၃၀၀၀ | ယဉ်မျိုး |
| ၃၂။ | အနောက်တိုင်းမော်ပညာမှတ်တမ်း | စောလင်းဦး (ရေးသု) | ၄၀၀၀ | မျိုးမြန်မာ |
| ၃၃။ | မှားတတ်သောသတ်ပုံနှင့် မမှားသင့်သောသတ်ပုံများအနှစ်ချုပ် | ရွှေဒါးမောင်မြင့်ထွန်း | ၈၀၀ | အောင်သပြေစာပေ |




# ရိုးရာလက်ဝှေ့ တိုကျိုပွဲတွင် ထွန်းလွင်မိုးက အီခါယူစိုးဂျွန်ကို အလဲထိုးအနိုင်ရ

**ရန်ကုန် စက်တင်ဘာ ၁၄**

အပြည်ပြည်ဆိုင်ရာ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် (ဂျပန်)က နှစ်လတစ်ကြိမ်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအမှတ်စဉ်(၉)ကို စက်တင်ဘာ ၁၃ ရက်က ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲက ဂျပန်နိုင်ငံ တိုကျိုမြို့ကို လခုအန်ခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် တွဲဆိုင်းခြောက်ဆိုင်းအနက် မြန်မာလက်ဝှေ့ကျော်များက တွဲဆိုင်းငါးဆိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် ၆၄ ကီလိုတန်းတွင် မြန်မာမှ ထွန်းလွင်မိုးက ဂျပန်ဘုန်းတော်ကြီး အီခါယူစိုးဂျွန်ကို တတိယအချီတွင် အလဲထိုးအနိုင်ရခဲ့သည်။ ၆၁ ကီလိုတန်းတွင် ဂျပန်နှစ်ဦးဖြစ်သော လီကာနှင့် မာကိုတို၊ ၆၂ ကီလိုတန်းတွင် တောက်ရှား (မြန်မာ)နှင့် ရှိမိဇု (ဂျပန်)၊ ၇၂ ကီလိုတန်းတွင် ရှမ်းကို (မြန်မာ) နှင့် ကေးလ်ချုပ် (အမေရိကန်)၊ ၇၃ ကီလိုတန်းတွင် စောမင်းအောင်(မြန်မာ)နှင့် တိုခဲရှီ(ဂျပန်)၊ အမျိုးသမီး ၆၀ ကီလိုတန်းတွင် ဘရောနီကာ (မြန်မာ)နှင့် မာရီနာ (ဂျပန်)တို့ ပွဲစဉ်များ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်ကြသော်လည်း သရေကျခဲ့ပြီး ပရိသတ်အကြိုက်တွေ့ခဲ့သည်။ ဂျပန်နိုင်ငံတွင် မြန်မာ့ရိုးရာလက်ဝှေ့အမှတ်စဉ်(၁၀)ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ယခု ပွဲစဉ်ကိုလည်း MNTV မှ စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက် ည ၉ နာရီတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**



ထွန်းလွင်မိုး(မြန်မာ)၏ ညာခြေကန်ချက်ကို အီခါယူစိုးဂျွန်(ဂျပန်)က ကာကွယ်ထားစဉ်။

❖ *ကျော့ဖုံးမှ*

ရိုးရာလက်ဝှေ့ပွဲပေါင်းကိုးပွဲ ယှဉ်ပြိုင်ထိုးသတ်ထားရာ ငါးပွဲနိုင် လေးပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသူတစ်ဦး ဖြစ်သလို အသည်းမာဇွဲပါလှသော လက်ဝှေ့ကျော်တစ်ဦးလည်းဖြစ်သည်။

Lethwei Nation Championship (မြန်မာ-ထိုင်း အထူးစိန်ခေါ်ပွဲ) တွင် အထူးစိန်ခေါ်ပွဲအနေဖြင့် ခနဲကို (ခ) ရွှေကို(သတ္တိကလပ်)နှင့် ထိုင်းနိုင်ငံမှ မွေထိုင်းလက်ဝှေ့ကျော် ဖစ်(ခ) San Kom တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အခြားပွဲစဉ်များမှာ ရဲသွေးနီ(တောင်ကလေး)နှင့် ခင်မိုအင်တာမန်း(ထိုင်း)၊ စောဖိုးထွန်း(သတ္တိကလပ်)နှင့် ရောဝီထရာ(ထိုင်း)၊ စောထွန်းမြိုင်(ရွှေမိုးထိ) နှင့် ချစ်ဆူးငယ်(ရွှေသထုံ)၊ ထက်လင်းဦး (တိုက်ဂါး)နှင့် သန့်ဇင်ဦး (ရွှေဘားလား)၊ ထွန်းလင်းခန့်(စစ်ကိုင်း)နှင့် ထွန်းတောက်ကြယ်(မုဒုံစတား)၊ စောဆဝါး(ဒို့ရိုးရာ) နှင့် စိုးမောင်ဦး (ရတနာပုံ)၊ အမျိုးသမီး အထူးစိန်ခေါ်ပွဲအဖြစ် နော်ဥမ္မာစိုး(ဖီးနစ်) နှင့် စုလှိုင်ဦး(ရွှေသထုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

“ဒီလက်ဝှေ့ Lethwei Nation Championship (မြန်မာ- ထိုင်းအထူးစိန်ခေါ်ပွဲ)ကြီးကို ကျွန်တော်တို့ ပွဲစီစဉ်သူတွေအနေနဲ့ ရုံဝင်ကြေးကိုလည်း တတ်နိုင်သမျှ လျှော့ယူသွားမှာပါ။ ခုနောက်ပိုင်း ရိုးရာလက်ဝှေ့ပွဲတွေမှာ လာရောက်ကြည့်ရှုသူက သိသိသာသာ လျော့နည်းလာတာကိုတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပွဲစီစဉ်သူတွေအနေနဲ့ အမြတ်အစွန်းကို အဓိကမထားဘဲ ပွဲဖြစ်မြောက်ရေးကိုသာ အာရုံစိုက်ကြိုးစားစီစဉ်နေရပါတယ်။ အထူးသဖြင့်တော့ လက်ဝှေ့ပြိုင်ပွဲတစ်ပွဲ ဖြစ်မြောက်ဖို့ ဝါသနာရှင်၊ လုပ်ငန်းရှင်များရဲ့ ကူညီထောက်ပံ့ပေးမှုနဲ့သာ စီစဉ်နေရတာဖြစ်ပြီး ရုံဝင်ကြေးကို မှီခိုလို့မရဘူးဆိုတာ အများလည်း သိကြပါတယ်။ ဒါကြောင့် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွေကို ကူညီထောက်ပံ့ပေးနေတဲ့ လုပ်ငန်းရှင်တွေလည်း အထူးကျေးဇူးတင်ရမှာဖြစ်ပါတယ်”ဟု ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်က ယနေ့ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ Lethwei Nation Championship (မြန်မာ-ထိုင်းအထူးစိန်ခေါ်ပွဲ)တွင် ရုံဝင်ကြေးအနေဖြင့် ရိုးရိုးတန်း ငွေကျပ် ငါးထောင်၊ အထူးတန်း ငွေကျပ်တစ်သောင်းနှုန်း သတ်မှတ်ပေးထားပြီး ယင်းပြိုင်ပွဲများကို MRTV-4 မှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**




**Lethwei Nation Championship** (မြန်မာ- ထိုင်းအထူးစိန်ခေါ်ပွဲ)ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။

ဓာတ်ပုံ-မင်းထက်

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- အာဆင်နယ်နည်းပြ အမ်မရီသည် အသက် ၃၂ နှစ်အရွယ် စပိန်ဗဟိုခံစစ်ကစားသမား နာချိုမွန်ရီရယ်အား ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း အသင်းတွင် ဆက်လက်ထိန်းသိမ်းထားရန် ဆုံးဖြတ်ထားကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- တော့တင်ဟမ်နည်းပြ ပိုချက်တီနိုသည် ၎င်းအနေဖြင့် ယခုနှစ်ရာသီတွင် အသင်း၏ အဓိက တိုက်စစ်ကစားသမား ဟယ်ရီကိန်း၏ ခြေစွမ်းအပေါ် ယခုအချိန်အထိ စိုးရိမ်ပူပန်မှုမရှိကြောင်း ပြောကြားလိုက်သည်။ အသက် ၂၅ နှစ်အရွယ် အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်းသည် ယခုနှစ်ရာသီ တော့တင်ဟမ်အသင်းအတွက် လေးပွဲကစားထားရာတွင် နှစ်ဂိုးသာသွင်းယူထားနိုင်သေးကြောင်း talksport တွင် ဖော်ပြထားသည်။
- ဂျာမနီကွင်းလယ်ကစားသမား ဆာမီ ခီဒီရာသည် ဂျူဗင်တပ်စ်အသင်း၌ နှစ်နှစ်သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအနေဖြင့် ဖာဘရီဂတ်စ်၏ စာချုပ်သက်တမ်း ရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် အင်တာမီလန် သို့မဟုတ် အေစီမီလန်တစ်သင်းသင်းထံသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဆုံးရှုံးရမည့် အခြေအနေရှိနေကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။
- လီဗာပူးအသင်းသည် အသက် ၂၀ အရွယ် အင်္ဂလန်တိုက်စစ်ကစားသမား ဒိုမီနစ် ဆိုလန်ကီအတွက် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဟတ်ဒါဖီးလ်၊ မစ်ဒယ်ဘရော့၊ အက်စတွန်ဗီလာ၊ ရိန်းဂျားနှင့် လိုင်ယွန်အသင်းတို့၏ ကမ်းလှမ်းမှုများအား ပယ်ချခဲ့ကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။
- အင်္ဂလန်တိုက်စစ်ကစားသမား ရာဟင်စတားလင်း (၂၃ နှစ်) သည် မန်စီးတီးအသင်း၌ ၎င်း၏ တစ်ပတ်လုပ်ခအား တိုးမြှင့်တောင်းခံလိုက်ကြောင်း သည်တိုင်းမ်စ်၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်နှင့်ရေမိုင် လှည့်ကင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူး အောင်မျိုးဇော်လွင် ဦးစီးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) နယ်ခြားစောင့်တပ် PBGM Tumbru ကင်းစခန်းမှ Naib Subedar Md. Abdul Hakim ဦးစီးတပ်ဖွဲ့ဝင်များ၊ စကားပြန်/လမ်းပြတို့သည် စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်မှ ၁၁ နာရီ ၅၅ မိနစ်အထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၃၄ မှ ၃၆ အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့သည်။

အလားတူ မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေနယ်မြေ ရုံးကွပ်ကဲမှုအောက်ရှိ မှတ်တိုင် ၄၈ ကင်းစခန်းမှ ဒုရဲအုပ် ဝင်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များ၊ စကားပြန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) နယ်ခြားစောင့်တပ် Bhalukhaiya ကင်းစခန်းမှ Naib Subedar Md. Abu Hanif ဦးစီးတပ်ဖွဲ့ဝင်များနှင့် စကားပြန်/လမ်းပြတို့သည် ၁၀ နာရီ မိနစ် ၅၀ မှ ၁၁ နာရီ မိနစ် ၅၀ အချိန်ထိ မိမိတို့ နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၄၈ မှ ၄၉ အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့သည်။

ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်က မောင်တောမြို့ နယ်မြေ(၅)၊ အမှတ်(၂)နယ်ခြားစောင့်တပ်ဖွဲ့ခွဲ ငါးခူရနယ်မြေရုံးမှ ဒုတိယရဲမှူး ထွန်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ် နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB(2)မှ Naib Subedar Mohamood Ali ဦးဆောင်သည့် အဖွဲ့ဝင်များသည် စက်တပ်ရေယာဉ် နှစ်စင်းဖြင့်လည်းကောင်း၊ စံပယ်ပင်ရင်းချောင်းဝထိပ် နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၁၁)၌ တွေ့ဆုံပြီး နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေယာဉ် လေးစင်းဖြင့် နတ်မြစ်ကြောင်းအတိုင်း ရေမိုင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မံစီ၊ မိုးညှင်း၊ သိန်နီ၊ မိုင်းဆတ်နှင့် ဖျာပုံမြို့နယ်တို့မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၄

**မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီခန့် က မံစီမြို့နယ် စီခမ်းကြီး-မန်သာ-ဟန်ထက်ကျေးရွာသွား ကားလမ်းတွင် ကျော်ဦး(ခ)ဖိုးဖြူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၀ ကိုလည်းကောင်း၊ အလားတူ မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ ဝန်းခမ်းကျေးရွာထိပ် လမ်းမပေါ်တွင် ဘရန်ဆန်နှင့် ဒွဲလာတို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ လွယ်ဂျယ်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ဒွဲလာ၏ ဆိုင်ကယ်ပြင်ဆိုင်ကို ရှာဖွေရာ အိပ်ခန်းရှိ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။**



အလားတူ ယင်းနေ့ ညပိုင်းက မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် မော်ဟန် - နမ္မချီသွားလမ်းတွင် မြင့်ဦး မောင်းနှင်ပြီး ထွန်းလင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၃၄ ခွက် (ဘိန်းဖြူအလေးချိန် ၃၄၀ ဂရမ်) ကို လည်းကောင်း။

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၃ ရက်က သိန်နီမြို့ အိုရီယမ်တယ်တိုးဂိတ် အနီး မူဆယ်-မန္တလေးသွားကားလမ်းတွင် လောချန် မောင်းနှင်ပြီး ကွေကြည်(ခ)ရှောက်ယိ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းစိမ်း ၃၆ ထုပ် (ဘိန်းစိမ်းအလေးချိန် ၉၀ ကီလို) ဝဲနှင့် ယာဘော်ဒီအံ့ဝှက်အတွင်းတို့မှ ဘိန်းစိမ်း ၂၂ ထုပ် (ဘိန်းစိမ်းအလေးချိန် ၂၂ ကီလို) စုစုပေါင်း ဘိန်းစိမ်း ၁၁၂ ကီလိုကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၉)မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းဆတ်-တာချီလိတ်သွား ကားလမ်းပေါ်တွင် အားဆော် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူပါအချိုရည် ပုလင်း ၅၀ (ဘိန်းဖြူ အလေးချိန် ၁ ဒသမ ၁၅ ကီလို) ကိုလည်းကောင်း။

ထို့အတူ ညနေ ၄ နာရီ က မူးယစ်တပ်ဖွဲ့စု (၅၀)ဖျာပုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖျာပုံမြို့ အမှတ်(၄)ရပ်ကွက်နေ ဖိုးဇော် (ခ) ဇော်ဇော်ဟိန်း၏ နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၅ ပြား၊ ငွေကျပ် ၅၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖျာပုံမြို့ အမှတ်(၂)ရပ်ကွက် သော်တာလမ်းရှိ သီဟအောင်(ခ) အောင်ကြီး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၁၅ ပြား၊ ဘိန်းဖြူ ၁ ဒသမ ၀၅ ဂရမ်၊ ဆေးခြောက် ၅ ဒသမ ၂၈ ဂရမ်၊ အိုက်စ် ၁၅ ဒသမ ၉၄ ဂရမ်၊ ငွေကျပ် ၁၀၁၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၅ . ၉. ၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၁၅ - News Watch TV
- ၁၀း၃၀ - လုံမမှတ်စု (၅၃)
- ၁၁း၂၅ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "လက်တွေ့အသုံးချဆေးနည်းတိုများ" (အပိုင်း - ၁၃)
- ၁၁း၃၅ - ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၃း၄၅ - "ဟိုဘက်အိမ်ကမီးထိန်ထိန်" (ဇော်ဦး၊ ဇင်ဝိုင်း၊ နေယံ၊ မေသဥ္ဇာဦး၊ ခင်မို့မို့အေး၊ သင်ဇာမြင့်မိုရ်)(ဒါရိုက်တာ-အောင်သြဘာ)

**ညပိုင်း**

- ၁၅း၄၅ - Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Magwe FC အသင်း Vs GFA FC အသင်း)
- ၁၈း၂၀ - ဇာတ်လမ်းအတိုအထွာပြုံးစရာ "နောက်တီးနောက်တောက်"(ဆလိုင်းလွမ်း၊ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ စန်းစန်းမော်)(ဒါရိုက်တာ-ဆလိုင်းမျိုးဝင်းအောင်)
- ၁၈း၃၅ - Tasty Trip
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၂၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း
- ၂၀း၃၅ - **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်** "ရခိုင်အမျိုးသားပါတီ"
- - Britain's Got Talent (24)

# နေပြည်တော်တွင် သတင်းအရ စောင့်ကြပ်ဖမ်းဆီးစဉ် ဓားဖြင့်ပြန်လည်ခုခံသဖြင့် လုံးထွေးဖမ်းဆီး

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် သတင်းအရ ရဲတပ်ဖွဲ့မှ စောင့်ကြပ်ဖမ်းဆီးစဉ် ရဲတပ်ဖွဲ့ဝင်များအား ဓားရှည်ဖြင့် ပြန်လည်ခုခံသဖြင့် လုံးထွေး သတ်ပုတ်ဖမ်းဆီးရာမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၄ ရက် နံနက် ၀၀ နာရီ ၃၃ မိနစ်က နေပြည်တော်ရဲတပ်ဖွဲ့ မူးယစ်အထူးအဖွဲ့ငယ်မှ ရဲအုပ်သန်းကျော်ဌေးနှင့် ပူးပေါင်းအဖွဲ့သည် သတင်းအရ အောင်ဇမ္ဗူရပ်ကွက် ဇီဇဝါပန်းအဝိုင်းအနီးတွင် စောင့်ဆိုင်းနေစဉ် VEGA ဆိုင်ကယ်ကို အမျိုးသားတစ်ဦး စီးလာပြီး ဇီဇဝါပန်းအဝိုင်း အရှေ့မြောက်ထောင့် ပလက်ဖောင်းဘေး ရေမြောင်းအနီးတွင် ခေတ္တရပ်၍ ဆက်လက်မောင်းလာစဉ် အဝိုင်းအနီး ယာဉ်ထိန်းဂိတ်ရှေ့အရောက် ဖမ်းဆီးရာ ထိန်လင်း(၄၁)နှစ်ဖြစ်ပြီး ဖမ်းဆီးစဉ် ၎င်းတွင် အသင့်ပါလာသော အရိုးအသွားအရှည် ၂၀ လက်မခန့်ရှိ ဓားရှည်ဖြင့် ပြန်လည်ခုခံသဖြင့် လုံးထွေးဖမ်းဆီးခဲ့ကြောင်း၊ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉ ပြားပါအထုပ်ကို မြက်တောအတွင်း ပစ်ချစဉ်တွေ့ရှိရပြီး ၎င်းခေတ္တရပ်နားခဲ့သည့် နေရာကို ဆက်လက်ရှာဖွေရာ ရေထွက်ပေါက်အဝတွင် စိတ်ကြွရူးသွပ် ဆေးပြား ၁၀ ပြားစီကို ငွေမှင်ရောင်စက္ကူဖြင့် ပတ်လျက် ၁၂ လိပ် တွေ့ရှိ သိမ်းဆည်းခဲ့ပြီး ၎င်းအား ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်ထားသည်။

ထို့အတူ ထိန်လင်းနေထိုင်သည့် နယ်မြေ(၁) ဘောဂဝတီတိုးချဲ့ရပ်ကွက် ပျဉ်းမနားမြို့နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀ တွေ့ရှိသဖြင့် ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၇၄ စီး သွင်းကုန် ၆၅၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၉၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၀၄၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၉၉၇ သန်းခန့် စုစုပေါင်းတားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၀၄၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ AD Van ယာဉ်တစ်စီးနှင့် ခရီးသည်တင်ယာဉ် တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Screw ငါးဗာ၊ မြက်ရိတ်လက်ဆွဲကာဘာအုံ ၁၉ ဗာ၊ ကျင်တွယ် (လက်သမားသုံး) ၂၆ ဗာ၊ ပိုက်ဂိုက်ကြီး ၁၀ ဗာ၊ ဝူရှူးဓား(ဓားမောက်+နှစ်ဖက်သွား) ကိုးခုနှင့် Hunting Rifle Scope (Sport & Recretional Optics) ၁၀ ခု စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၀၄၉ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆွာချောင်းတမံ ရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှု ဖြစ်စဉ်တွင် ငါးဦးမြောက် သေဆုံးသူအလောင်း တွေ့ရှိ

**ရေတာရှည် စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ရေစီးနောက် မျောပါပျောက်ဆုံးသူများအနက် ကိုယ်ဝန်ရှစ်လရှိ အမျိုးသမီးတစ်ဦးအပါအဝင် လူသေအလောင်း လေးလောင်းတွေ့ရှိခဲ့ရပြီး ယနေ့ နံနက် ၉ နာရီက ဆွာမြို့အရှေ့ဘက် ငါးကြီးကွေ့အုပ်စု ထောက်ကြန့်ကွင်းကျေးရွာနှင့် ဆွာချောင်းတံတားအကြား ကွန်ကရစ်လမ်းမြောက်ဘက် ကိုက် ၁၀၀ ခန့်အကွာ လယ်ကွက်ထဲတွင် လူသေအရိုးစုတစ်ခု တွေ့ရှိခဲ့ရသဖြင့် စုစုပေါင်းသေဆုံးသူ အလောင်း ငါးလောင်း တွေ့ရှိခဲ့ပြီဖြစ်သည်။

**ရေနောက်မျောပါ**

ဆွာနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်နေလင်းအောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဝတ်ဆင်ထားသော အဝတ်အစားများအရ သေဆုံးသူအရိုးစုမှာ ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာနေ မောင်သူရအောင်(၁၁)နှစ်ဖြစ်ကြောင်း သိရသည်။ ဆွာဆည်မှ ရေများလျှံထွက်လာကြောင်း သတင်းအရ အေးသာယာကျေးရွာမှ ရထားလမ်းအတိုင်း ပြေးလာကြစဉ် တံတားကြီးကျေးရွာနှင့် ဆွာမြို့ကြားအရောက် ရေဦးနှင့် ပက်ပင်းတိုးကာ ရေနောက်မျောပါသွားသူများအနက် ဒေါ်စိုးသန်း (၄၃)နှစ် (ကိုယ်ဝန်ရှစ်လ) နှင့် အမျိုးသမီးသုံးဦး၊ ကလေးသုံးဦးတို့ ရေနောက်မျောပါသွားခဲ့ရာတွင် ဒေါ်စိုးသန်းနှင့် မောင်သူရအောင်တို့ သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ရေနောက်မျောပါသေဆုံးသွားသူများအနက် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၂ နာရီ ခန့်တွင် ဆွာမြို့တောင်ဘက် (၂) မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၉၉/၀ အနီး၌ ဆွာတိုးဂိတ်တည်ဆောက်ရေး ပန်းရန်လုပ်သား ကျော်လေး(၁၇)နှစ် အင်းတကော်မြို့ အမှတ်(၂) ရပ်ကွက်နေသူကို လည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီခန့် ဆွာမြို့အရှေ့ဘက်(၂)မိုင်ခန့် ငါးကြီးကွေ့ကျေးရွာအနီး ဆွာချောင်းအတွင်းမှ ကိုယ်ဝန်ဆောင်မိခင်ဖြစ်သူ ဒေါ်သန်းစိုး(၄၃)နှစ် အေးသာယာကျေးရွာ ဆွာမင်းလမ်းအုပ်စုနေသူကို လည်းကောင်း၊ ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် ဆွာတိုးဂိတ်တည်ဆောက်ရေးမှ ပန်းရန်လုပ်ကိုင်သူ ကိုတင်မျိုးအောင်(၃၈)နှစ် ကြို့တန်းကျေးရွာ လယ်ဝေးမြို့နယ်နေသူတို့ကို တွေ့ရှိခဲ့သည်။

**ရှာဖွေတွေ့ရှိခြင်းမရှိ**

ဩဂုတ် ၃၁ ရက်နေ့ နံနက် ၇ နာရီခွဲခန့်က ငါးကြီးကွေ့ကျေးရွာအုပ်စု ထောက်ကြန့်ကွင်းကျေးရွာအရှေ့ဘက် လယ်ကွင်းအတွင်းမှ ဇင်လင်းဖြူ(၂၈)နှစ် ရေနီမြို့ မြောက်ပိုင်း(၂)ရပ်ကွက်နေသူကို တွေ့ရှိရသည့်အတွက် ဖြစ်စဉ်များနှင့်ပတ်သက်၍ ဆွာနယ်မြေရဲစခန်းမှ သေမှုသေခင်းဖွင့်ကာ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။ ဩဂုတ် ၂၉ ရက်က ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ရေစီးအားကြောင့် မျောပါပျောက်ဆုံးသူ ခုနစ်ဦးခန့်ရှိပြီး ရေဘေးကယ်ဆယ်ရေး ကနဦးဆောင်ရွက်ရန် ကြိုးပမ်းခဲ့သည့် ဗိုလ်မှူးမြတ်စံ (ဒုတပ်ရင်းမှူး) ဆွာမြို့နေသူမှာ ယခုတိုင် ရှာဖွေတွေ့ရှိခြင်းမရှိသေးကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ နှစ်နိုင်ငံပူးတွဲဆက်ဆံရေးရုံးဖွင့်လှစ်



**ဆိုးလ် စက်တင်ဘာ ၁၄**

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံပူးတွဲဆက်ဆံရေးရုံးကို မြောက်ကိုရီးယားနိုင်ငံ ခဲဆောင်းမြို့၌ သောကြာနေ့က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လာမည့်သီတင်းပတ်အတွင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း ပြုံယမ်းသို့ လာရောက်ရန်ရှိရာ ထိုခရီးစဉ်မတိုင်ခင် နှစ်နိုင်ငံပို၍ ရင်းနှီးမှုရှိစေရန် ထိုသို့ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ယနေ့သည် သမိုင်းစာမျက်နှာသစ်ဖွင့်နိုင်သော နေ့တစ်နေ့ဖြစ်ကြောင်း တောင်ကိုရီးယားမှပြန်လည်ပေါင်းစည်းရေး ဝန်ကြီး ချိုမြောင်ဂွန်းက ပြောသည်။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားကြား ငြိမ်းချမ်းရေးဖန်တီးနိုင်မည့် နောက်ထပ်သင်္ကေတ တစ်ခုဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ မြောက်ကိုရီးယားကိုယ်စားလှယ် ရီဆွန်ဂွမ်ကလည်း တောင်နှင့်မြောက်မှ ပြည်သူများအတွက် အောင်မြင်ဖြစ်ထွန်းမှုအသီးအပွင့်ပင်ဖြစ်ကြောင်း ပြောသည်။ စစ်မဲ့ဇုန်တွင် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့ ဧပြီလ အတွင်း တွေ့ဆုံစဉ်ကတည်းက ပူးတွဲလုပ်ငန်းများလုပ်ဆောင်ရန် စိတ်အားထက်သန်ခဲ့သည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် မြောက်ကိုရီးယားခေါင်းဆောင်နှင့် တတိယအကြိမ် တွေ့ဆုံမှုအဖြစ် လာမည့်အင်္ဂါနေ့တွင် မြောက်ကိုရီးယားမြို့တော် ပြုံယမ်းသို့သွားရောက်မည်ဖြစ်ပြီး သုံးရက်ကြာမြင့်မည်ဟု သိရသည်။

ယခုဖွင့်လှစ်လိုက်သည့်ပူးတွဲဆက်ဆံရေးရုံးမှာ စစ်မဲ့ဇုန်အနီးတွင် တည်ရှိကြောင်း နှစ်နိုင်ငံဆက်သွယ်ရေးမြှင့်တင်ရန်နှင့် စစ်ဘက်တင်းမာမှုများကို လျှော့ချရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နှစ်နိုင်ငံစလုံးမှအရာရှိ ၅၀ ခန့်သည် အဆိုပါရုံးတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

အဆိုပါမြို့တွင် နှစ်နိုင်ငံစက်မှုဇုန်ကိုလည်း ဖွင့်လှစ်ခဲ့ဖူးပြီး ၂၀၁၆ ခုနှစ်က မြောက်ကိုရီးယားဘက်မှ နျူကလီးယားဒုံးကျည်လက်နက်စမ်းသပ်မှုကြောင့် အဆိုပါ စက်မှုဇုန်ကို ပိတ်လိုက်ရသည်။

**အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**

## မက်ဆာချူးဆက်ပြည်နယ်တွင် ဓာတ်ငွေ့ပေါက်ကွဲမှုအကြိမ်များစွာ ဖြစ်ပွားရာ ပျက်စီးဆုံးရှုံးမှုများရှိ




အမေရိကန်နိုင်ငံ ဘော့စတွန်မြို့တွင် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကောင်းကင်ယံတွင် မီးခိုးပြာများ လွှမ်းခြုံထားသည်ကို တွေ့ရစဉ်။

**ဝါရှင်တန် စက်တင်ဘာ ၁၄**

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ဘော့စတွန်မြို့မြောက်ပိုင်းတွင် စက်တင်ဘာ ၁၃ ရက်က ဓာတ်ငွေ့ပေါက်ကွဲမှု အကြိမ်ပေါင်းများစွာ ဖြစ်ပွားခဲ့ရာ ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

မက်ဆာချူးဆက်ပြည်နယ် ရဲတပ်ဖွဲ့က လက်ရှိအချိန်အထိ ပေါက်ကွဲမှု ၃၉ ကြိမ် ဖြစ်ပွားခဲ့ကြောင်း အတည်ပြုခဲ့ပြီး ဓာတ်ငွေ့ပေါက်ကွဲသည့် အကြိမ်အရေအတွက်မှာ ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေကို သတင်းထုတ်ပြန်ဖော်ပြထားခြင်း မရှိသေးကြောင်း သိရသည်။

ရဲတပ်ဖွဲ့အကြီးအကဲ ဂျိုးဇက်ဆိုလိုမွန်က ပေါက်ကွဲမှုကြောင့် မီးအကြီးအကျယ်လောင်ကျွမ်းနေကြောင်း၊ မီးခိုးပြာများ ဖုံးလွှမ်းနေသဖြင့် ကောင်းကင်ယံကို ရှင်းလင်းစွာ မမြင်တွေ့ရကြောင်း ပြောခဲ့သည်။

ထို့အပြင် ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို ထုတ်ပြန်ရန် ခိုင်လုံသည့် သတင်းအချက်အလက်များ စုဆောင်းနေသဖြင့် လူထုသို့ ထုတ်ပြန်ရန်စောလွန်းနေသေးကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

ယင်းဖြစ်ရပ်ကြောင့် ဘော့စတွန်မြို့ မြောက်ပိုင်း မိုင် ၃၀ အကွာရှိ လောရန့်စ်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ခန့်မှန်း နေအိမ်အလုံး ၂၀ မှ ၂၅ လုံးအထိ ပျက်စီးသွားကြောင်း ရဲအရာရှိက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အသံလှိုင်းဖြင့် တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အမေရိကန်နှင့် ကျူးဘားအရာရှိများ ဝါရှင်တန်၌ တွေ့ဆုံ

**ဝါရှင်တန် စက်တင်ဘာ ၁၄**

အမေရိကန်နှင့် ကျူးဘားအရာရှိများသည် အမေရိကန်သံတမန်များအသံလှိုင်းဖြင့် တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ ဆွေးနွေးရန် ကြာသပတေးနေ့က ဝါရှင်တန်၌ တွေ့ဆုံခဲ့ကြသည်ဟု အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

အမေရိကန်ဘက်မှ ဆေးပညာရှင်များကလည်း အဆိုပါဆွေးနွေးပွဲသို့တက်ရောက်ခဲ့ကြကြောင်း၊ အမေရိကန်သံတမန်များ ကြုံတွေ့ခဲ့ရသော ဆေးပညာဆိုင်ရာ ပြဿနာအချို့ကို ဆွေးနွေးရန် ရည်ရွယ်၍ ဆွေးနွေးပွဲတက်ရောက်ခဲ့ကြောင်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ ဟီသာနော့က ပြောသည်။ ဆွေးနွေးပွဲ အသေးစိတ်အချက်အလက်များကို ဖော်ပြရန်မူ ပြောရေးဆိုခွင့်ရှိသူ ဟီသာက ငြင်းဆိုခဲ့သည်။

ယခုအချိန်အထိ အသံလှိုင်းဖြင့် တိုက်ခိုက်မှု ဖြစ်ပွားရသည့်အကြောင်းရင်းကို မသိရသေးကြောင်း၊ ယင်းဖြစ်ရပ်တွင် မည်သူ့၌ တာဝန်ရှိသည်ကိုလည်း မသိရသေး ကြောင်း ၎င်းက ဆက်ပြောသည်။

ဝါရှင်တန်ဘက်ကမူ ဟာဗားနားရှိ အမေရိကန်သံတမန် ၂၅ ဦးသည် နိုဝင်ဘာ ၂၆ ရက်မှစ၍ အသံလှိုင်းဖြင့် တိုက်ခိုက်ခံရကြောင်း အစောပိုင်းက ပြောခဲ့သည်။ ကျူးဘားနိုင်ငံဘက်ကမူ အဆိုပါ တိုက်ခိုက်မှုနှင့် ပတ်သက်၍ အစောပိုင်းကာလကပင် ငြင်းဆိုခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ စွပ်စွဲချက်အတွက် သက်သေပြရန်လည်း တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ ဓာတုစက်ရုံပေါက်ကွဲမှုဖြစ်ပွားရာ သေဆုံးသူ ခုနစ်ဦးအထိရှိလာ

**နယူးဒေလီ စက်တင်ဘာ ၁၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ဗုဒ္ဓဟူးနေ့က ဓာတုစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ခုနစ်ဦးအထိရှိလာပြီဖြစ်ကြောင်း သောကြာနေ့တွင် ရဲများက ပြောသည်။

မီသိန်းဓာတ်ငွေ့ဘွိုင်လာကန်ထဲတွင် လူသေအလောင်းတစ်လောင်း ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။ ဓာတ်ငွေ့များ သိုလှောင်ကန်ပေါက်ကွဲမှုမှာ ဘစ်ဂျ်နော ခရိုင်အတွင်း ရှိ မိုဟစ်ဓာတုပစ္စည်းစက်ရုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် ခြောက်ဦးသေဆုံးခဲ့ပြီး ကြာသပတေးနေ့မှ နောက်ထပ်အလောင်းတစ်လောင်း ထပ်မံတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ရှာဖွေမှုများကို ရပ်တန့်လိုက်ပြီဖြစ်ကြောင်းလည်း သိရသည်။

ဒဏ်ရာရရှိသွားသူနှစ်ဦးမှာဆေးရုံပေါ်တွင် တက်ရောက်ကုသခဲ့ပြီးနောက် ယခု အခါသက်သာလာပြီဟု ရဲများက ပြောသည်။ စက်ရုံပိုင်ရှင်ကို လူသေစေမှုအတွက် တရားစွဲဆိုထားကြောင်းလည်း သိရသည်။

အိန္ဒိယနိုင်ငံ၌ စက်ရုံငယ်များတွင် မီးလောင်မှု၊ ပေါက်ကွဲမှုများ မကြာခဏ ဆိုသလို ဖြစ်ပေါ်လေ့ရှိပြီး အဓိကအကြောင်းအရာမှာ လုံခြုံရေးဆိုင်ရာအခြေခံစံနှုန်း များကင်းမဲ့မှု၊ စက်ရုံများတွင် အရေးပေါ်မီးသတ်ပစ္စည်းများ မထားရှိခြင်းတို့ကြောင့် ဖြစ်သည်။

**ဆင်ဟွာ**

## ဂျေဘီးမုန်တိုင်းကြောင့် ပိတ်ထားခဲ့ရသော ကန်ဆိုင်းလေဆိပ် ဂိတ်-၁ ကို ပြန်လည်ဖွင့်လှစ်ပေး

**တိုကျို စက်တင်ဘာ ၁၄**

လွန်ခဲ့သည့် ၁၀ ရက်က ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် တိုက်ခတ်ခဲ့သော ဂျေဘီးမုန်တိုင်းကြောင့် ပိတ်ထားခဲ့ရသော ကန်ဆိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို တစ်စိတ်တစ်ပိုင်းပြန်လည် ဖွင့်လှစ်ပေးလျက်ရှိရာ နောက်ထပ် ဂိတ်-၁ ကို စက်တင်ဘာ ၁၄ ရက်က ပြန်လည် ဖွင့်လှစ်ပေးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြခဲ့သည်။




လေဆိပ်တောင်ပိုင်း ဂိတ် - ၁ ကို စက်တင်ဘာ ၁၄ ရက်ကပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း ဂျေဘီးကြောင့် စက်တင်ဘာ ၄ ရက်က ရေလွှမ်းမှုဖြစ်ပွားခဲ့သည့် ယင်းလေဆိပ်၏ တောင်ဘက်ပိုင်းဂိတ်ကို လေဆိပ် လုပ်ငန်းများပုံမှန်လည်ပတ်ရန် ပြန်လည် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းလေဆိပ်ရှိ ပြည်တွင်းနှင့် ပြည်ပ လေကြောင်းလိုင်းများကို လွန်ခဲ့သည့် စနေ၊ တနင်္ဂနွေနေ့ကတည်းက ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် လေယာဉ်ပြေးလမ်းဘီကို အသုံးပြုခဲ့ကြောင်း၊ ဂိတ်-၂ ကိုလည်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယခုဖွင့်လှစ်လိုက်သော ဂိတ်-၁ကို ယခင်ကဖွင့်လှစ်ပေးခဲ့သော ဂိတ်-၂ ထက် ပိုမိုအသုံးများကြောင်း သိရသည်။

နိုင်ငံတကာလေကြောင်းလိုင်းများ အတွက်ခရီးသည်များလည်း ဂိတ်-၁တွင် စတင်ကာ ပြန်လည်စည်ကားနေပြီဖြစ်ကြောင်း သိရသည်။

ခင်ပွန်းရှိရာ စင်ကာပူသို့သွားမည့် ကလေးတစ်ယောက်နှင့် ခရီးသည် အမျိုးသမီးက "အခုလေကြောင်း လိုင်းတွေ ပုံမှန်ထွက်ခွာမှပဲ ကျွန်မလည်း စိတ်ချမ်းသာတော့တယ်" ဟု ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၄ ရက် တစ်ရက်တည်းတွင် ပြည်တွင်းလေကြောင်းလိုင်း ၃၆ လိုင်းနှင့် ပြည်ပလေကြောင်းလိုင်း ၇၉ လိုင်း စုစုပေါင်း လေကြောင်းလိုင်း ၁၁၅ လိုင်း ဂိတ်-၁နှင့်လေယာဉ်ပြေးလမ်း ဘီကိုအသုံးပြုမည်ဟု ခန့်မှန်းရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

**နိုင်ငံတကာ သတင်းတိုထွာ**

## မော်ရိုကိုနိုင်ငံတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရန် ဥပဒေပြဋ္ဌာန်း

**ရာဘတ် စက်တင်ဘာ ၁၄**

မော်ရိုကိုနိုင်ငံတွင် အမျိုးသမီးများအား အကြမ်းဖက်မှုသည် ပြစ်မှုမြောက်ကြောင်း ဥပဒေသစ်တစ်ရပ်အား မကြာသေးမီက ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၄ ရက်က လွှတ်တော်မှ အတည်ပြုလိုက်သော ဥပဒေသစ်သည် အမျိုးသမီးများအား အကြမ်းဖက်မှုပုံစံ အမျိုးမျိုးကျူးလွန်သူများအတွက် ပြင်းထန်သော အပြစ်ဒဏ်သတ်မှတ်ထားခြင်းဖြစ်သည်။

ယင်းဥပဒေသည် အမျိုးသမီးများအား အတင်းအကျပ်လက်ထပ်စေခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းအား ပထမဆုံးအကြိမ်အဖြစ် ပြစ်ဒဏ်သတ်မှတ်လိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သည့်လအနည်းငယ်က အမျိုးသမီးများအား အကြမ်းဖက်မှုဖြစ်ရပ်များစွာ ဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ထိရောက်သော ဥပဒေများပြဋ္ဌာန်းပေးရန် အစိုးရအား ဖိအားပေးရန်နှင့် အများပြည်သူနေရာများတွင် အမျိုးသမီးများအတွက် လုံခြုံသောနေရာဖန်တီးပေးရန် ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## အာဖဂန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၂၅ ဦးသေဆုံး

**ကဘူးလ် စက်တင်ဘာ ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ တာလီဘန်များ သိမ်းပိုက်ထားသော မဂတ်စ်နီပြည်နယ်တွင် အာဖဂန်အစိုးရတပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွ ၂၅ ဦးသေဆုံးခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောသည်။

မူကွာခရိုင်တွင် စစ်သွေးကြွများ ပုန်းအောင်းနေသည်ဟု ထောက်လှမ်းရေးဘက်မှ သတင်းရရှိသည့်အခါ လေကြောင်းမှတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

စစ်သွေးကြွများ၏ မော်တော်ယာဉ်တစ်စီးနှင့် သေနတ်များ အမြောက်အမြားကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ ဩဂုတ်လ အစောပိုင်းကလည်း တာလီဘန်များသည် ဂဇ်နီမြို့ကို သိမ်းပိုက်ခဲ့ကြသည်။

ငါးရက်ကြာတိုက်ပွဲအတွင်း အရပ်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်သွေးကြွများစွာ သေဆုံးခဲ့ရသည်။

ဆင်ဟွာ

# ခိုလှုံခွင့်ရရှိဖို့ ဂျဲဂျူကျွန်းကိုရောက်ရှိလာတဲ့ ယီမင်နိုင်ငံသားများ

◆ **ခြူးစန္ဒီနွေး** ◆

**ဂျဲဂျူကျွန်းဆိုတာ တောင်ကိုရီးယားနိုင်ငံက အင်မတန်လှပပြီး ဟန်နီးမွန်းထွက်သူတွေအတွက် အဓိကဆွဲဆောင်မှုအရှိဆုံးကျွန်းအဖြစ် နေရာယူထားတဲ့ ကျွန်းတစ်ကျွန်းပါ။ တရုတ်ပြည်နဲ့ အရှေ့တောင်အာရှက ခရီးသွားတွေအတွက် ဆွဲဆောင်မှုအရှိဆုံး ကျွန်းတစ်ကျွန်းလည်းဖြစ်ပါတယ်။**



ဂျဲဂျူကျွန်း၌ ရွှေ့ပြောင်းအခြေချနေထိုင်သူများကို ကန့်ကွက်ဆန္ဒပြနေကြသော ဒေသခံများအား ဇွန် ၃၀ ရက်က တွေ့ရစဉ်။

### ထူးဆန်းသောခရီးသွားများ

မကြာသေးမီကာလကပဲ ဂျဲဂျူကျွန်းကို ထူးဆန်းတဲ့ခရီးသွားတွေ ရောက်လာခဲ့ပါတယ်။ သူတို့ကတော့ အခြားမဟုတ်ပါဘူး။ ယီမင်စစ်ပွဲကနေ ထွက်ပြေးလာတဲ့ ခိုလှုံခွင့်တောင်းခံသူတွေပဲဖြစ်ပါတယ်။ ယီမင်မှာလုံခြုံတဲ့ နေရာတစ်နေရာမှမရှိဘူးလို့ အသက် ၃၇ နှစ်အရွယ် ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဟာနီအယ်ဂျန်အေ့က ပြောပါတယ်။ သူဟာ ယီမင်စစ်ပွဲသတင်းတွေကို ပေးပို့နေတဲ့ဂျာနယ်လစ်တစ်ဦးလည်း ဖြစ်တယ်။ ယီမင်နိုင်ငံအတွင်း အစိုးရတပ်နဲ့ လက်နက်ကိုင် သူပုန်တွေကြား တိုက်ပွဲတွေကြောင့် ကုလသမဂ္ဂက ယီမင်စစ်ပွဲကို အဆိုးရွားဆုံးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာလို့ သတ်မှတ်ခဲ့ပါတယ်။ ဂျန်အေ့ဟာလည်း ယီမင်စစ်ပွဲသတင်းတွေ ပေးပို့တဲ့အတွက် လက်နက်ကိုင် အုပ်စုတွေက သူ့ကို အငြိုးထားပါတယ်။ ဒါကြောင့်လည်း တိုင်းပြည်အတွင်းကနေ ထွက်ပြေးလာရတာဖြစ်တယ်။သူဟာ တောင်ကိုရီးယားနိုင်ငံ ဂျဲဂျူကျွန်းကို မေလကတည်းက ရောက်ရှိလာတာဖြစ်ပြီး ဒုက္ခသည်အဖြစ် ခိုလှုံ ခွင့်ရရေး တောင်ကိုရီးယားအာဏာပိုင်တွေဆီက ခွင့်ပြုချက်ကို စောင့်ဆိုင်းနေဆဲဖြစ်ပါတယ်။

### ကန့်ကွက်မှုတွေ ပေါ်ပေါက်လာ

တောင်ကိုရီးယားကို ယီမင် ဒုက္ခသည် ရာပေါင်းများစွာ ရောက်ရှိလာတဲ့ အခါမှာတော့ ကန့်ကွက်မှုတွေလည်း ပေါ်ထွက်လာတယ်။ ခိုလှုံသူတွေကို ဆန့်ကျင်တဲ့လှုပ်ရှားမှုတွေ ပထမဦးဆုံး ပေါ်ပေါက်လာတယ်။ ပြီးခဲ့တဲ့ဇွန်လ ၃၀ ရက်တုန်းက ကျွန်းပေါ်မှာ ဒုက္ခသည်အယောင်ဆောင်ထားသူတွေကို မောင်းထုတ်ပစ်ဆိုတဲ့ ကြွေးကြော်သံနဲ့အတူ လူထုစုဝေးပွဲတွေဖြစ်လာပါတယ်။ ရွှေ့ပြောင်းနေထိုင်သူတွေကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုအစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့တယ်။ ဂျဲဂျူကျွန်း၊ ဆိုးလ်မြို့အပါအဝင် အခြားသောနေရာတွေမှာလည်း ပေါ်ပေါက်လာတယ်။ အွန်လိုင်းကနေ သမ္မတ မွန်ဂျယ်အင်းထံ ခိုလှုံသူတွေ လက်ခံတာ ရပ်တန့်ဖို့ အသနားခံစာတင်ရာမှာလည်း ထောက်ခံသူအရေအတွက် ၇၁၄၀၀၀ အထိ ရှိလာပါတယ်။

### ခိုလှုံခွင့်တောင်းခံသူတွေ ဝင်ရောက်လာရာလမ်းစ

ဘာလို့ ဂျဲဂျူကျွန်းကို ခိုလှုံခွင့် တောင်းခံသူတွေ ဝင်ရောက်လာကြတာလဲ။ တောင်ကိုရီးယားနိုင်ငံအတွင်းမှာ ဝင်ငွေမြင့်တက်လာတာနဲ့ အမျှ နိုင်ငံခြားအလည်အပတ်ခရီးစဉ်တွေ သွားလာကြတဲ့အတွက် ပြည်တွင်းက ခရီးသွားတွေ ဂျဲဂျူကျွန်းကို ဝင်ရောက်တာ လျော့ကျလာတယ်။ ဂျဲဂျူကျွန်းမှာ ခရီးသွားလုပ်ငန်း ပြန်လည်မြင့်တက်လာဖို့အတွက် ၂၀၀၂ ခုနှစ်မှာ နိုင်ငံခြားခရီးသွားတွေအတွက် ဗီဇာမလိုဘဲ လာရောက်လည်ပတ်ခွင့် ပြုခဲ့တယ်။ ဒါကြောင့်လည်း ဟိုတယ်တွေမှာ တရုတ်နိုင်ငံသားတွေနဲ့ အရှေ့တောင်အာရှက ခရီးသွားတွေနဲ့ပြည့်လာတယ်။ အဲအေးရှ လေကြောင်းလိုင်းကလည်း မလေးရှားနိုင်ငံ ကွာလာလမ်ပူကနေ ဂျဲဂျူကျွန်းကို တိုက်ရိုက်ပျံသန်းတယ်။ ဒါကြောင့်လည်း ယီမင်နိုင်ငံက ခိုလှုံသူတွေဟာ ဂျဲဂျူကျွန်းကို မျက်စိကျလာတယ်။ ကိုရီးယားပြည်တွင်းကိုဝင်ရောက်ဖို့အတွက် ခြေချစရာနေရာအဖြစ် သတ်မှတ်လာကြတယ်။ ယီမင်ဒုက္ခသည်အများစုဟာ တိုင်းပြည်အတွင်းကနေ မလေးရှားနိုင်ငံအတွင်းကို ဝင်ရောက်ကြတယ်။ ဒါပေမယ့်လည်း မလေးရှားနိုင်ငံအတွင်းမှာ ရက်ပေါင်း ၉၀ ထက်ကျော်ပြီး နေလို့မရဘူး။ ဒါကြောင့် မလေးရှားကနေ ဂျဲဂျူကျွန်းကို ဝင်ရောက်ဖို့ ကြိုးပမ်းကြတာဖြစ်တယ်။ ယခုနှစ်ရဲ့ ပထမငါးလအတွင်းမှာပဲ ဂျဲဂျူကျွန်းကို ရောက်ရှိလာတဲ့ ယီမင်အရေအတွက်ဟာ ၅၆၁ ဦးအထိရှိလာတယ်။ မစ္စတာဂျန်အေ့ဟာ မေလ ၂၉ ရက်နေ့မှာ ဂျဲဂျူကိုရောက်ရှိလာခဲ့တယ်။ သူရောက်လာတာ အချိန်ကိုက်လို့ ဆိုရမယ်။ ဘာလို့လဲဆိုတော့ ဇွန်လ ၁ ရက်နေ့မှာပဲ တောင်ကိုရီးယားအစိုးရဟာ ယီမင်နိုင်ငံသားတွေကို ဗီဇာလိုအပ်တဲ့ နိုင်ငံ ၁၁ နိုင်ငံအတွင်းမှာ ထည့်သွင်းလိုက်တယ်။ အရင်လို ဗီဇာမလိုဘဲ လွယ်လွယ်နဲ့ ဂျဲဂျူကိုလာလို့ မရတော့ဘူး။

### ကောင်းမွန်တဲ့အနာဂတ်အတွက် ရောက်ရှိလာ

ဧပြီလ ၃၀ ရက်နေ့မှာ ဂျဲဂျူကျွန်းကိုရောက်ပြီးသား ယီမင် ၄၈၇ ဦးကို သူတို့ရဲ့ ခိုလှုံခွင့်တောင်းခံတဲ့အချက်အလက်တွေကို စိစစ်နေဆဲ အချိန်အတောအတွင်းမှာ ဂျဲဂျူမှာပဲဆက်လက်နေထိုင်ဖို့ ကိုရီးယားပြည်တွင်းထဲကို မဝင်ရောက်ဖို့ တားမြစ်ခဲ့တယ်။ ယီမင်နိုင်ငံသား အသက် ၄၃ နှစ်အရွယ် ယခင်စိုက်ပျိုးရေး အရာရှိဟောင်းတစ်ဦးဖြစ်တဲ့ မစ္စတာ ဂျမဲ နာဆီရီကတော့ ဇနီးဖြစ်သူရယ် သမီး ငါးဦးရယ်ကိုခေါ်ဆောင်ပြီး ဂျဲဂျူကျွန်းကို လာခဲ့တာပါ။ ဂျဲဂျူကျွန်းဟာ သူတို့အတွက် အကောင်းဆုံးရွေးချယ်မှုလို့ ပြောပါတယ်။ "ကျွန်တော်တို့ဟာ လူသားတွေဖြစ်တဲ့အတွက် ကောင်းမွန်တဲ့ အနာဂတ်လိုချင်ပါတယ်။ သမီးတွေကိုလည်း ကျောင်းကောင်းကောင်းမှာထားချင်တယ်" လို့ မစ္စတာဂျမဲက ပြောပါတယ်။ ယီမင်နိုင်ငံက ထွက်ပြေးလာတဲ့ မူဒတ်ဂယ်လာ မိုဟာမက်အယ်ရာဇီးကလည်း ကိုယ်ဝန်ဆောင် ဇနီးဖြစ်သူကို ခေါ်ဆောင်ပြီး ဂျဲဂျူကျွန်းကို ရောက်လာတာပါ။ မလေးရှားကနေ ဒေါ်လာ ၁၅၀ နဲ့ ဂျဲဂျူကျွန်းကို ဝင်ရောက် လာခဲ့ပါတယ်။ "ယီမင်မှာဆိုရင် နေရာတိုင်းမှာ ဗုံးတွေပေါက်ကွဲနေတယ်။ ရေလည်းမရှိ၊ လျှပ်စစ်မီးလည်း မရှိ၊ အလုပ်လည်း မရှိ၊ ကျောင်းလည်းမရှိ၊ ဘာဆိုဘာမှမရှိပါဘူး။ သားအတွက် ကောင်းမွန်တဲ့ဘဝတစ်ခု လိုချင်တယ်။ ဂျဲဂျူကျွန်းဟာ ကောင်းမွန်တဲ့ အခွင့်အလမ်းဖြစ်မယ်လို့ကြားလို့ လာခဲ့တာပါ" လို့ ၎င်းကပြောပါတယ်။

### ဒေသခံများရဲ့စိုးရိမ်စိတ်

ဂျဲဂျူကျွန်းမှာဆိုရင် လူဦးရေ ခြောက်သိန်းခြောက်သောင်းကျော်ရှိပါတယ်။ ဂျဲဂျူကိုရောက်လာတဲ့ ယီမင်လူဦးရေကတော့ အင်မတန်နည်းပါတယ်။ ဒါပေမယ့် ဒေသခံတွေကတော့ ဒီပမာဏကိုပဲ ကြောက်ရွံ့နေကြပါတယ်။ ဒီလူတွေဟာ ဘာမှအန္တရာယ်မပေးဘူးဆိုတာသေချာရင် ဘာလို့အစိုးရက ဒီလူတွေကို ကိုရီးယားပြည်တွင်းကို ရွှေ့ပြောင်းခွင့်မပြုဘဲ ဂျဲဂျူမှာပဲထားရတာလဲလို့ ဂျဲဂျူမြို့ဆန္ဒပြပွဲမှာပါဝင်ခဲ့တဲ့ ကင်ဂျင်ရီက ပြောပါတယ်။ ၂၀၁၃ ခုနှစ်မှာ လူ့အခွင့်အရေးအုပ်စုတွေရဲ့ဖိအားပေးမှုအောက်မှာ တောင်ကိုရီးယားဟာ ဒုက္ခသည်တွေကို အကာအကွယ်ပေးဖို့အတွက် ဥပဒေအသစ် လက်ခံခဲ့ပါတယ်။ ခိုလှုံသူအဖြစ် လျှောက်ထားတဲ့ ဒုက္ခသည်အရေအတွက်ဟာလည်း ၉၉၄၂ ဦးအထိ မြင့်တက်လာခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ကဆိုရင် အရေအတွက်ဟာ ၂၈၉၆ ဦးအထိပဲ ရှိခဲ့တာပါ။ အရေအတွက် တိုးလာတာနဲ့အမျှ ပြည်သူတွေရဲ့ စိုးရိမ်ကြောက်ရွံ့မှုဟာလည်း တိုးလာပါတယ်။ ခိုလှုံခွင့်တောင်းခံသူတွေဟာ တရားမဝင် ဝင်ရောက်လာသူတွေဖြစ်ပြီး ဒေသခံတွေဆီက အလုပ်အကိုင်အခွင့်အလမ်းတွေကို ခိုးယူမယ့် လူတွေလို့ ဆန္ဒပြပွဲမှာ ဒေသခံတွေက ကြွေးကြော်ကြပါတယ်။ အမေရိကန်ပြည်ထောင်စုကတောင် သူတို့ရဲ့နယ်စပ်တံခါးကို ပိတ်ထားချိန်မှာ ဘာကြောင့် တောင်ကိုရီးယားက ဒီလူတွေကို လက်ခံပေးရမှာလဲလို့ ပြောကြပါတယ်။

### ကြောက်ရွံ့စိတ်ကို ဖြေဖျောက် မပေးနိုင်သေး

ယီမင်ကနေ ခိုလှုံခွင့်တောင်းခံဖို့ရောက်လာတဲ့ လူ ၉၀ ရာခိုင်နှုန်းဟာ အမျိုးသားတွေဖြစ်ပါတယ်။ သူတို့ဟာ လုံခြုံစိတ်ချရတဲ့နေရာတစ်ခု လိုချင်လို့ လာခဲ့တယ်လို့ပြောပေမယ့် ဒေသခံကျွန်းသူကျွန်းသားတွေကတော့ သူတို့ကလေးတွေကို အိမ်ပြင်ထွက်ဆော့ကစားစေဖို့တောင် မရဲကြတော့ပါဘူး။ ဒေသခံအမျိုးသမီးတွေဟာလည်း ဒီလူတွေကို ကြောက်ရွံ့နေကြတယ်။ ဆာနားကထွက်ပြေးလာတဲ့ အသက် ၃၈ နှစ်အရွယ် မာဝန်းဆာအိဒ်ကတော့ ပါလာတဲ့ပိုက်ဆံကုန်သွားတဲ့အခါမှာတော့ ရွက်ဖျင်တဲမှာပြောင်းနေရပါတယ်။

သူဟာ ဂျဲဂျူကျွန်း အပြင်ဘက်ကို ထွက်ချင်ပေမယ့် သွားလာခွင့်မရဘူးဖြစ်နေတယ်။ သူတို့ဟာ လူသားတွေဖြစ်တဲ့အတွက် တိရစ္ဆာန်တွေလို ပိတ်လှောင်ထားလို့ မရဘူး၊ တခြားနေရာကို ပြောင်းရွှေ့သွားလာခွင့်ပေးသင့်တယ်လို့ သူက ပြောပါတယ်။

အစိုးရဟာလည်း ယီမင်ဒုက္ခသည်တွေအတွက် ယာယီအလုပ်အကိုင်ရဖို့ ငါးဖမ်းလှေ၊ စားသောက်ဆိုင်တွေမှာလုပ်ကိုင်ခွင့်ရဖို့ ကြိုးစားပေးနေတယ်။ ဒါပေမယ့်လည်း ဒေသခံတွေရဲ့ ကြောက်ရွံ့စိတ်ကိုတော့ မဖြေဖျောက်ပေးနိုင်သေးပါဘူး။

**ကိုးကား -နယူးယောက်တိုင်းမ်စ်**

> **"ခိုလှုံခွင့်တောင်းခံသူတွေဟာ တရားမဝင် ဝင်ရောက်လာသူတွေဖြစ်ပြီး ဒေသခံတွေဆီက အလုပ်အကိုင်အခွင့်အလမ်းတွေကို ခိုးယူမယ့်လူတွေလို့ ဆန္ဒပြပွဲမှာ ဒေသခံတွေက ကြွေးကြော်ကြပါတယ်။ အမေရိကန်ပြည်ထောင်စုကတောင် သူတို့ရဲ့နယ်စပ်တံခါးကို ပိတ်ထားချိန်မှာ ဘာကြောင့် တောင်ကိုရီးယားက ဒီလူတွေကို လက်ခံပေးရမှာလဲလို့ ပြောကြပါတယ်။"**

# ချိုမြိန်သော အဆိပ်

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**ယနေ့ မျက်မှောက် စားသောက်ကုန်လောကတွင် ဟင်းလျာများကို အရသာထူးကဲစေသော ဟင်းခတ်အချိုမှုန့်များသည် အမှတ်တံဆိပ်အမျိုးမျိုး၊ ထုပ်ပိုးမှုပုံစံအမျိုးမျိုး၊ ဆွဲဆောင်မှုအမျိုးမျိုးဖြင့် ဈေးကွက်တစ်ခုလုံး၏ အဓိကကျသောအခန်းကဏ္ဍ၌ ကျယ်ကျယ်ပြန့်ပြန့် နေရာယူလျက်ရှိနေကြသည်။ အချို့သော အမှတ်တံဆိပ်များက အချိုမှုန့်ဟူ၍လည်းကောင်း၊ ဟင်းချိုမှုန့်ဟူ၍လည်းကောင်း အမည်တပ်ထားကြသလို အချို့ကမူ အသားမှုန့်ဟူ၍လည်းကောင်း၊ သဘာဝဟင်းခတ်မှုန့်ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးနှုန်းကာ ဈေးကွက်တင် ရောင်းချလျက်ရှိနေကြသည်။**



ယင်းကဲ့သို့ အမည်နာမအမျိုးမျိုးတပ်၍ ထုတ်လုပ်ရောင်းချနေကြသော ဟင်းခတ်အချိုမှုန့်များသည် မိသားစုတစ်စု၏ မီးဖိုချောင်တွင် မရှိမဖြစ် အရေးကြီးလှသော ဟင်းခတ်ပစ္စည်းတစ်ခုအဖြစ် ပိုင်ပိုင်နိုင်နိုင် နေရာယူထားကြသည်။ ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် ပါမောက္ခတစ်ဦးက တီထွင်ကြံဆ ရှာဖွေဖော်ထုတ်ခဲ့သော ဓာတုပစ္စည်းတစ်မျိုးသည် ဟင်းခတ်အချိုမှုန့်အဖြစ် ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့ရောက်ရှိသွားခြင်းဖြစ်သည်။

**မြန်မာနိုင်ငံနှင့် အချိုမှုန့်**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများသည် ရှေးအစဉ်အဆက်ကပင် ဟင်းလျာနှင့် စားသောက်ဖွယ်ရာများကို အရသာထူးကဲစေရန်အတွက် ငါး၊ ပုစွန်၊ ငါးပိ၊ ဆား၊ ဟင်းသီးဟင်းရွက်တို့ကိုသာ သုံးစွဲပြီး ချက်ပြုတ်လာခဲ့ကြရာမှ ဓာတ်ခွဲခန်းတွင် ဖန်တီးပြုလုပ်ထားသည့် အချိုမှုန့်များကို ပြောင်းလဲသုံးစွဲလာခဲ့ကြသည်။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်ခန့်တွင် စီးပွားရေးမြို့တော်များနှင့် အုပ်ချုပ်ရေးရုံးစိုက်ရာ မြို့ကြီးများတွင် အချိုမှုန့်ကို စတင်သုံးစွဲလာခဲ့ကြသည်။

ထိုစဉ်ကာလများက တစ်ဦးနှင့်တစ်ဦး လက်ဆောင်ပေးရာ၌ပင် အချိုမှုန့်အထုပ်ကြီးများကို ထူးကဲသောလက်ဆောင်ပစ္စည်းတစ်ခုအနေဖြင့် အသုံးပြုခဲ့ကြသည်။ ၁၉၇၅ ခုနှစ်ဝန်းကျင်တွင် မော်လမြိုင်-ရန်ကုန် မှောင်ခိုပစ္စည်း ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အချိုမှုန့်ထုပ်များသည် ပမာဏအများအပြား ဝင်ရောက်လာခဲ့သည်။

မြန်မာနိုင်ငံသားတို့သည် အချိုမှုန့်ကို စတင်စမ်းသပ်သုံးစွဲခဲ့ကြစဉ်က မြည်းစမ်းသည့် သဘောမျှသာ ရှိခဲ့ကြပြီး ဟင်းလျာများ ချက်ပြုတ်သည့်အခါတိုင်း အချိုမှုန့်ကို အမြဲသဖြင့် သုံးစွဲခြင်းမရှိခဲ့ကြပေ။ အဆောတလျင်ဖြင့် အလျင်အမြန် ချက်ပြုတ်ရန်လိုအပ်သော အခြေအနေမျိုး၌သာ အချိုမှုန့်ကို ယာယီအထောက်အကူပြုပစ္စည်း တစ်မျိုးအဖြစ် အသုံးပြုခဲ့ကြပြီး ပုံမှန်အားဖြင့် ငါး၊ ပုစွန်၊ ငါးပိ စသည်တို့ကိုသာ ဟင်းခတ်ပစ္စည်းအဖြစ် အဓိကထားသုံးစွဲခဲ့ကြသည်။

သို့ရာတွင် တစ်နေ့တခြား လူဦးရေတိုးပွားလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာခြင်း၊ မိသားစု စားဝတ်နေရေးအတွက် ခက်ခက်ခဲခဲကြိုးပမ်းလာရခြင်း၊ သွားလာရေးအတွက် အချိန်ပိုမိုပေးရခြင်း၊ သားငါးဈေးတည်နေရာများ ပိုမိုအလှမ်းဝေးလာခြင်းစသော ဘဝ၏ အခြေခံအကြောင်းတရားများသည် အချိန်တိုအတွင်း၌ အရသာရှိသော ဟင်းလျာတစ်ခွက်ဖြစ်လာစေရေးအတွက် လက်တစ်ကမ်း၌ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်သော အချိုမှုန့်ကို အလေးထားသုံးစွဲရသည့် အခြေအနေတစ်ရပ်ဆီသို့ တွန်းပို့ပေးခဲ့သည်။

မျက်မှောက်ကာလတွင် မြန်မာတစ်နိုင်ငံလုံးရှိ စားသောက်ဆိုင်များ ရာနှုန်းပြည့်နီးပါးသည် အမည်အမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချနေကြသော အချိုမှုန့်များကို သုံးစွဲလျက်ရှိနေကြသလို အိမ်ထောင်စုများအနေဖြင့်လည်း လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အချိုမှုန့်နှင့် ဟင်းချိုမှုန့်များကို သုံးစွဲလျက်ရှိနေကြသည်။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံပြီး ကျန်းမာရေးကို အလေးထားလိုက်စားသည့် အနည်းငယ်မျှသော မိသားစုအချို့တို့ကသာလျှင် အချိုမှုန့်နှင့် ဟင်းချိုမှုန့်များကို ရှောင်ရှားကြပြီး အများစုသော မိသားစုတို့သည် အချိုမှုန့်၏ သံသရာစက်ဝန်းအတွင်းမှ ရုန်းမထွက်နိုင်ဘဲရှိနေကြသည်။

**မိုနိုဆိုဒီယမ်ဂလူတာမိတ်**

အချိုမှုန့်နှင့်တကွ အချိုမှုန့် ထည့်သွင်းပြုလုပ်ထားသော အသားမှုန့်နှင့် ဟင်းခတ်မှုန့်များကို ထုတ်လုပ်သူတို့က သဘာဝပစ္စည်းတစ်မျိုးအဖြစ် ပုံဖော်ပေးလျက်ရှိသည်။ အချိုမှုန့် သို့တည်းမဟုတ် အချိုမှုန့်ထည့်သွင်းပြုလုပ်ထားသော ဟင်းခတ်မှုန့်အမျိုးမျိုးတို့၏ ဓာတုဗေဒအမည်မှာ မိုနိုဆိုဒီယမ်ဂလူတာမိတ် (Monosodium Glutamate) ဖြစ်ပြီး ဂလူတာမစ်အက်ဆစ် (Glutamic Acid) မှတစ်ဆင့် ဓာတ်ခွဲခန်းနည်းပညာဖြင့် ဖန်တီးဖော်ထုတ်ထားခြင်းဖြစ်သည်။

ဂလူတာမစ်အက်စစ်သည် ပရိုတင်းကြွယ်ဝသော အစားအစာများတွင် သဘာဝအလျောက် ပါဝင်နေသည့် အမိုင်နိုအက်ဆစ်တစ်မျိုးဖြစ်ပြီး ယင်းပစ္စည်းကို ပီလောပီနံ၊ ပြောင်းဖူး၊ သကာရည် စသည်တို့မှလည်း ထုတ်လုပ်ရယူနိုင်သည်။ ဂလူတာမစ်အက်ဆစ်သည် သဘာဝပစ္စည်းဖြစ်သော်လည်း မိုနိုဆိုဒီယမ်ဂလူတာမိတ်ကမူ ယင်းမှတစ်ဆင့် ဓာတ်ခွဲခန်းတွင် ဖန်တီးရယူထုတ်လုပ်သော သဘာဝလွန်ဓာတုပစ္စည်းတစ်မျိုးသာလျှင် ဖြစ်သည်။

**အချိုမှုန့်၏ ဆိုးကျိုးများ**

ထို့ကြောင့်ပင် အချိုမှုန့်နှင့် ဟင်းချိုမှုန့်အမျိုးမျိုးတို့ကို ဟင်းလျာများချက်ပြုတ်ရာတွင် ထည့်သွင်းသုံးစွဲမှုကာလကြာရှည်လာသည့်အခါ ရင်ဘတ်အောင့်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ ထုံကျဉ်ခြင်း စသောဝေဒနာများ ဖြစ်ပွားလာနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က သတိပေးထားကြသည်။

အလွန် ဆာလောင်မွတ်သိပ်နေချိန်မျိုး၌ တစ်နည်းအားဖြင့် အစာအိမ်အတွင်း အစာမရှိသည့် အခြေအနေမျိုး၌ အချိုမှုန့်နှင့် ဟင်းချိုမှုန့်များကို လွန်ကဲစွာခတ်ထားသော စွပ်ပြုတ်၊ ဆန်ပြုတ်၊ ဟင်းချို၊ ကြေးအိုးစသော အစားအစာများကို စားသောက်ပါက အချိုမှုန့်၏ ဓာတ်တုံ့ပြန်မှုသည် ပိုမိုမြန်ဆန်ပြီး ဖော်ပြပါ ရောဂါလက္ခဏာများကို ကြုံတွေ့ကြရနိုင်သည်။

တစ်ခါတစ်ရံ ခန္ဓာကိုယ်၏ တစ်နေရာရာ၌ မပြောပလောက်အောင် နာကျင်မှုကလေးများသည် ပေါ်လိုက်ပျောက်လိုက်ဖြင့် မကြာခဏ ဖြစ်လေ့ဖြစ်ထရှိကြခြင်းမျိုးသည်လည်း အချိုမှုန့်စားသုံးမှုပမာဏများပြားလာခြင်း၏ လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။ အချိုမှုန့်ပမာဏ အများအပြားခတ်ထားသော စားသောက်ဖွယ်ရာများကို အားပါးတရဖြင့် များများစားသုံးသည့်အခါမျိုးတွင် ပျို့အန်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မြန်ခြင်းများကို ခံစားကြရလေ့ရှိသည်။

မိုနိုဆိုဒီယမ်ဂလူတာမိတ်ခေါ် အချိုမှုန့်ကို ရေရှည်စားသုံးသူများတွင် အဖြစ်များလေ့ရှိသော ရောဂါတစ်မျိုးမှာ ခေါင်းတစ်ခြမ်းကိုက် ဝေဒနာဖြစ်ပြီး အချိုမှုန့်စားသုံးမှုကို လျှော့ချခြင်းမပြုပါက မကြာခဏဆိုသလို ခေါင်းတစ်ခြမ်းကိုက်တတ်သည့်ဝေဒနာမှာ နာတာရှည်ရောဂါမျိုးကဲ့သို့ စွဲကပ်သွားနိုင်သည်။ အလားတူပင် မောပန်းလွယ်ခြင်း၊ ထိုင်းမှိုင်းခြင်း၊ စိတ်ဓာတ်ကျခြင်းစသော ရောဂါဝေဒနာများလည်း ဖြစ်ပွားလာနိုင်သည်။

အလှူအတန်းကဲ့သို့သော လူအများအပြား စားသုံးရန် ချက်ပြုတ်သည့်အခါမျိုး၌လည်း အချိုမှုန့်နှင့် အချိုမှုန့်ပါဝင်သော အသားမှုန့်များ၊ ဟင်းအနှစ်မှုန့်များကို ပမာဏများများ သုံးစွဲချက်ပြုတ်ပါက စားသုံးသူများအား အော့အန်ခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ချည့်နဲ့ခြင်း စသည်တို့ကို ခံစားကြရစေနိုင်သည်။ အလှူအတန်းများ၌ စီစဉ်ချက်ပြုတ်ရသော ဟင်းလျာအမည် (အမယ်)တို့မှာ များပြားရုံမျှမက ဟင်းအမည် တစ်မျိုးချင်းစီကလည်း ပမာဏများပြားသည့်အားလျော်စွာ ဟင်းလျာချိုမြိန်စေရန်နှင့် စီမံချက်ပြုတ်ချိန်မြန်ဆန်စေရေးအတွက် အချိုမှုန့်ပမာဏ အများအပြားကို သုံးစွဲလေ့ရှိကြသည်။

အချိုမှုန့်၏ သဘောသဘာဝမှာ မိမိကိုယ်တိုင်က အရသာအားဖြင့် အနည်းငယ်မျှသာရှိသော်လည်း ဟင်းလျာများထဲသို့ ခတ်လိုက်သည့်အခါ ထိုဟင်းလျာများကို ထူးထူးကဲကဲအရသာရှိသွားစေသည်။ ထို့ကြောင့်ပင် အချိုမှုန့်သီးသန့်ကို သုံးစွဲသည်ဖြစ်စေ၊ အချိုမှုန့်ထည့်သွင်းပြုလုပ်ထားသော အသားမှုန့်များ၊ ဟင်းချိုခဲများ၊ ဟင်းချိုမှုန့်များ၊ ဟင်းခတ်အနှစ်မှုန့်များ စသည်တို့ကို သုံးစွဲသည်ဖြစ်စေ ဟင်းလျာများကို ထူးကဲစွာ အရသာရှိသွားစေသလို မူလပင်ရင်းဓာတုပစ္စည်းဖြစ်သည့် အချိုမှုန့်၏ အာနိသင်နှင့် ဆက်စပ်ဆိုးကျိုးများကိုလည်း ခံစားရစေနိုင်သည်။

နောက်ဆုံးသုတေသနပြုထားချက်များအရ အချိုမှုန့်ခေါ် မိုနိုဆိုဒီယမ်ဂလူတာမိတ်သည် ဦးနှောက်ဆဲလ်များကို ပျက်စီးစေနိုင်သော အဆိပ်အတောက်တစ်မျိုးဖြစ်ကြောင်း တွေ့ရှိရသည်။ အချိုမှုန့်ကို ကာလကြာရှည်စွာ သုံးစွဲစားသုံးသွားမည်ဆိုပါက မှတ်ဉာဏ်ချွတ်ယွင်းသည့် ဝေဒနာကို ခံစားရနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က သတိပေးထားကြသည်။

မိုနိုဆိုဒီယမ်ဂလူတာမိတ်သည် ကာစီနိုဂျင်ခေါ် ကင်ဆာဖြစ်စေသည့် ဝတ္ထုပစ္စည်းတစ်မျိုးလည်းဖြစ်သောကြောင့် အချိုမှုန့်ပမာဏအများအပြားပါဝင်သည့် ဟင်းလျာများ၊ ဝက်ပေါင်ခြောက်များ၊ ကြက်သားပြားများ၊ အသားချောင်းနှင့် အသားလုံးများ၊ ဝက်အူချောင်းနှင့် ကြက်အူချောင်းများ၊ တို့ဟူးခြောက်ကြော်၊ အာလူးချောင်းကြော်၊ ငါးမုန့်ကြော်နှင့် အသင့်စားအသားကင်များစသည်တို့ကို ရေရှည်စားသုံးသွားမည်ဆိုပါက ကင်ဆာရောဂါဝေဒနာများကို ခံစားကြရနိုင်သည်။

ယခုအခါ မိုနိုဆိုဒီယမ်ဂလူတာမိတ်ကို ထည့်သွင်းထားသော နို့နှင့် နို့ထွက်ပစ္စည်းများသည်လည်း စားသုံးသူတို့၏ လက်တစ်ကမ်းသို့ ရောက်ရှိလာနေပြီဖြစ်သည်။ သဘာဝနွားနို့အနည်းငယ်မျှသာ ပါဝင်ပြီး မိုနိုဆိုဒီယမ်ဂလူတာမိတ်နှင့် မယ်လ်မင်းအမှုန့်များကို ထည့်သွင်းပြုလုပ်ထားသည့် အသင့်သောက်သုံးနိုင်သော နို့ဘူးများ၊ နို့ခဲများ၊ နို့မှုန့်များ၊ အာဟာရဖြည့်စွက်အစားအစာများ စသည်တို့သည် ကြော်ငြာအားကောင်းကောင်းဖြင့် အများပြည်သူတို့ကို ဆွဲဆောင်လျက်ရှိနေကြသည်။

**ချိုမြိန်သောအဆိပ်**

ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို မဆိုထားဘိ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် နို့နှင့် နို့ထွက်ပစ္စည်းအတုများကို တွင်တွင်ကျယ်ကျယ် ဈေးကွက်တင်ရောင်းချလျက်ရှိနေကြသည်။ ထို့ကြောင်ပင်လျှင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၌ မိုနိုဆိုဒီယမ်ဂလူတာမိတ်နှင့် မယ်လ်မင်းအမှုန့်များကို ရောစပ်ထည့်သွင်းပြုလုပ်ထားသည့် နို့နှင့် နို့ထွက်ပစ္စည်းအတုများကို အများပြည်သူအတွင်း ပျံ့နှံ့မသွားစေရေးအတွက် ရှာဖွေဖော်ထုတ်အရေးယူပြီး ဖျက်ဆီးပစ်သည့် သတင်းများကို နိုင်ငံတကာသတင်းမျက်နှာစာများပေါ်၌ မကြာခဏဆိုသလို တွေ့မြင်နေကြရခြင်းဖြစ်သည်။

အရသာမှုန့်အမျိုးမျိုးကို ထုတ်လုပ်ရောင်းချနေကြသော လုပ်ငန်းရှင်များအနက် အချို့တို့သည် မိုနိုဆိုဒီယမ်ဂလူတာမိတ်ကို အခြေခံပစ္စည်းအဖြစ်ထားကာ ပီလောပီနံ၊ ပြောင်းဖူး၊ မုန်လာဥစသော အသီးအနှံများကို အမှုန့်ကြိတ်ပြီး ဓာတုနည်းစဉ်ဖြင့် ရောစပ်ထုတ်လုပ်ရောင်းချလျက်ရှိနေကြရာ အမည်နာမအမျိုးမျိုး၊ တံဆိပ်အမျိုးမျိုး ရိုက်နှိပ်ထားသည့် မိုနိုဆိုဒီယမ်ဂလူတာမိတ် အခြေခံအရသာမှုန့်အမျိုးမျိုးတို့သည် ဈေးကွက်အတွင်း ကျယ်ပြန့်စွာနေရာယူထားလျက်ရှိနေကြပြီဖြစ်သည်။

သဘာဝလွန်ဓာတုပစ္စည်းဖြစ်သော မိုနိုဆိုဒီယမ် ဂလူတာမိတ်ကိုအခြေပြု၍ ထုတ်လုပ်ထားသည့် အချိုမှုန့်၊ ဟင်းခတ်မှုန့်၊ အသားမှုန့်နှင့် ဟင်းအနှစ်မှုန့်များကို လူအများက စွဲလမ်းနှစ်ခြိုက်စွာသုံးစွဲနေကြသော်လည်း ယင်းတို့ကို ထုတ်လုပ်နေသူများကမူ လုံးဝစားသုံးခြင်း မပြုကြပေ။ အဘယ်ကြောင့်ဆိုသော် မိုနိုဆိုဒီယမ်ဂလူတာမိတ် ထုတ်ကုန်ပစ္စည်းဖြစ်သော အချိုမှုန့်အပါအဝင် အရသာမှုန့်အမျိုးမျိုးတို့၏ ဘေးထွက်ဆိုးကျိုးနှင့် ကျန်းမာရေးအန္တရာယ်များကို ထုတ်လုပ်သူတို့က ကောင်းစွာသိရှိထားကြသောကြောင့်ပင် ဖြစ်သည်။

အမြင်လှသော အဖြူရောင်ပုံဆောင်ခဲကလေးများဖြစ်သည့် အချိုမှုန့်သည် ဟင်းလျာများကို အရသာထူးထူးကဲကဲရှိစေသော်လည်း အချိုမှုန့်ကြောင့် ရရှိခံစားကြရမည့် ဘေးအန္တရာယ်တို့ကမူ ကြောက်ခမန်းလိလိ ထိတ်လန့်ဖွယ်ကောင်းလွန်းသည့်အတွက် အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့က အချိုမှုန့်ကို ချိုမြိန်သောအဆိပ်ဟူ၍ပင် တင်စားသုံးနှုန်းလေ့ရှိကြသည်။

ထို့ကြောင့်ပင် ထုတ်လုပ်သူတို့ကိုယ်တိုင်က စားသုံးခြင်းမပြုသော အချိုမှုန့်နှင့် ဟင်းချိုမှုန့်များကို သုံးစွဲနေကြမည့် အစား ဟင်းလျာများချက်ပြုတ်ရာတွင် သဘာဝသကြားညို (Brown Sugar)၊ ဆား၊ အသား၊ ငါးနှင့် ဟင်းခတ်အသီးအရွက်တို့ကိုသာ သုံးစွဲချက်ပြုတ် စားသောက်သွားကြခြင်းအားဖြင့် ကျန်းမာပျော်ရွှင်သော လူမှုဘဝကို တည်ဆောက်သင့်ကြပေသည်။ ။

**“နောက်ဆုံး သုတေသနပြုထားချက်များအရ အချိုမှုန့်ခေါ် မိုနိုဆိုဒီယမ်ဂလူတာမိတ်သည် ဦးနှောက်ဆဲလ်များကို ပျက်စီးစေနိုင်သော အဆိပ်အတောက်တစ်မျိုးဖြစ်ကြောင်း တွေ့ရှိရသည်။ အချိုမှုန့်ကို ကာလကြာရှည်စွာ သုံးစွဲစားသုံးသွားမည်ဆိုပါက မှတ်ဉာဏ်ချွတ်ယွင်းသည့်ဝေဒနာကို ခံစားရနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က သတိပေးထားကြသည်။ မိုနိုဆိုဒီယမ်ဂလူတာမိတ်သည် ကာစီနိုဂျင်ခေါ် ကင်ဆာဖြစ်စေသည့် ဝတ္ထုပစ္စည်းတစ်မျိုးလည်းဖြစ်သောကြောင့် အချိုမှုန့်ပမာဏ အများအပြားပါဝင်သည့် ဟင်းလျာများနှင့် အသင့်စားအသားကင်များ စသည်တို့ကို ရေရှည်စားသုံးသွားမည်ဆိုပါက ကင်ဆာရောဂါဝေဒနာများကို ခံစားကြရနိုင်သည်”**

# ကျေးလက်လမ်းများဖောက်လုပ်ရန်ဝယ်ယူထားသည့် စက်ယန္တရားများအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်အတွင်းရှိ ကျေးလက်လမ်းများ ဖောက်လုပ်ရာတွင် အသုံးပြုရန် ဝယ်ယူထားသည့် စက်ယန္တရားများ ထားရှိရာ ပြည်ကြီးတံခွန်မြို့နယ် လမ်းဦးစီးမှ စက်ယန္တရားပေါင်း ၄၅ စီးကို စက်တင်ဘာ ၁၂ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကြည့်ရှုစစ်ဆေးခဲ့သည်။



အဆိုပါ စက်ယန္တရားများမှာ ဂျပန်နိုင်ငံ၊ ဥရောပနိုင်ငံနှင့် တရုတ်နိုင်ငံများမှ ဝယ်ယူထားသည့် လမ်းဖောက်စက်၊ မြေညှိစက်၊ ဘူဒိုဇာနှင့် အခြားယာဉ်အပါအဝင် စက်ယန္တရားပေါင်း ၄၅ စီးကို ၂၀၁၈ ခုနှစ် ခြောက်လတာ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃ ဒသမ ၈ ဘီလီယံသုံးစွဲ၍ ဝယ်ယူထားခြင်း ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီး ဘတ်ဂျက်ချပေးတဲ့အခါမှာ အဓိကအနေနဲ့ ကျေးလက်လမ်းတွေကို လုပ်ပေးတယ်။ နောက်ပြီး မီးလင်းရေးနဲ့ သောက်သုံးရေကန်တွေကို ဆောက်လုပ်ပေးတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ကျေးလက်လမ်းတွေအတွက် ဘတ်ဂျက်တောင်းခံတာတွေရှိလာတယ်။ ဒါကြောင့် ကျေးလက်ကုန်ထုတ်လမ်း၊ ကျေးရွာချင်းဆက်လမ်းတွေလုပ်ဖို့ စက်ယန္တရားတွေလိုအပ်လာတယ်။ အခုဝယ်ထားတဲ့ စက်ယန္တရား ၄၅ စီးကို လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စည်ပင်နဲ့ မြို့မိမြို့ဖတွေ ပူးပေါင်းလုပ်ဆောင်မှာဖြစ်လို့ အောင်မြင်လာပါလိမ့်မယ်။ စက်ယန္တရားတွေကိုလည်း ဆီဖိုးလုံလောက်စွာသုံးစွဲနိုင်တဲ့ ကျေးရွာတွေကို လွှတ်တော်ကိုယ်စားလှယ်တွေကတစ်ဆင့် ကျေးရွာအရောက် ပို့ပေးမှာဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

အဆိုပါ စက်ယန္တရားများကို ကျေးလက်လမ်းများ လျင်လျင်မြန်မြန်ပေါ်ပေါက်လာစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ပူးပေါင်းကာ ဝယ်ယူထားခြင်းဖြစ်ပြီး စက်ယန္တရားများအား စက်တင်ဘာလကုန်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း နေရာငါးခုခွဲကာ နေရာတစ်ခုလျှင် စက်ယန္တရား ရှစ်စီးနှုန်းဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ငဝန်မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း ကွင်းဆင်းစစ်ဆေး

**လေးမျက်နှာ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၂ ရက်က ငဝန်မြစ်ကူးတံတားဆောက်လုပ်ရေး စီမံကိန်းသို့ ရောက်ရှိရာ တံတားစီမံကိန်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်အောင်က တံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က ပညာရှင်များ၏ သတ်မှတ်စံနှုန်းများအရ အသုံးပြုနိုင်မှု အခြေအနေအပေါ် မူတည်ပြီး ပြည်သူများ ခရီးသွားလာမှုအခက်အခဲကို အလျင်အမြန်ပြေလည်အောင် ဆောင်ရွက်ပေးနိုင်ရေးအတွက် တံတားကို မော်တော်ဆိုင်ကယ်နှင့် ယာဉ်ငယ်များ ယာယီဖြတ်သန်းခွင့်ပြုနိုင်ရေး၊ စတင်အသုံးပြုနိုင်မှု သတ်မှတ်ကာလနှင့် အညီ ဖွင့်လှစ်အသုံးပြုနိုင်ရန် တာဝန်ရှိဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စာရေးကွင်းကျေးရွာအုပ်စုရှိ ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြစိုက်ကွင်းဧက ၃၀၀ သို့ရောက်ရှိရာ ဟင်္သာတခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းဝင်းက စံပြစိုက်ကွင်းရှိ တောင်သူများ၏ မြေပြုပြင်ရေးလုပ်ငန်းအတွက် ဌာနမှ မြေချဉ်ငန်စမ်းသပ်ပြီး ထုံးထည့်သွင်းထားရှိမှု အခြေအနေများ၊ သိပ္ပံနည်းကျ ပျိုးထောင်၍ စိုက်ပျိုးထားရှိမှု အခြေအနေများ၊ အပင်အရည်အသွေးနှင့်အထွက်နှုန်းတိုးနိုင်မည့် အခြေအနေများကိုရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နည်းပညာအသုံးပြု၍ စိုက်ပျိုးထားရှိသည့် စိုက်ကွင်းများတွင် တောင်သူများကို ဖိတ်ကြား၍ လက်တွေ့လေ့လာသိရှိအောင် ဆောင်ရွက်ပေးသွားရန်နှင့် တောင်သူများ၏ လုပ်ကိုင်လိုစိတ်၊ နည်းပညာနှင့် စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲကျင့်သုံးပြီး တောင်သူအချင်းချင်း လက်ဆင့်ကမ်းပြန့်ပွားလာစေရန် အတွက် ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့အပြင်ဝန်ကြီးချုပ်က စိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေးကဏ္ဍတိုးတက်အောင်မြင်ခြင်းဖြင့် တောင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များ ပြောင်းလဲကျင့်သုံးခြင်း၊ အရည်အသွေးမြင့် အထွက်တိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ပညာရှင်များ၏ နည်းပညာပေးမှုများအပေါ် ယုံကြည်လက်ခံ၍ တောင်သူများ၏ အတွေ့အကြုံနှင့်ပေါင်းစပ်ပြီးပူးပေါင်းဆောင်ရွက်ရေး တို့ကို တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာပံ့ပိုးပစ္စည်းများ ပေးအပ်ပွဲနှင့် စုပေါင်းမြေဩဇာကြဲပက်ပွဲကျင်းပ



**ကဝ စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ကြာတောကျေးရွာတောင်သူများအား ဧက ၂၀၀ အတွက် မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ဗက်တီးရီးယားသတ်ဆေးများ ထောက်ပံ့ပေးအပ်ပွဲနှင့် စုပေါင်းမြေဩဇာကြဲပက်ပွဲကို စက်တင်ဘာ ၁၀ ရက်က တောင်သူဦးအောင်ဆန်း၏ ကွင်းအမှတ် ၁၄၈၂ ဦးပိုင် ၁၀၄ လယ်မြေ ၁၉ ဧကတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးလှသန်းနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က မြေဩဇာ ပိုးသတ်ဆေးများကို တောင်သူများအား လွှဲပြောင်းပေးအပ်၍ မြို့နယ်စိုက်ပျိုးရေးမှ ဦးထွန်းထွန်းဝင်းက ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ စံပြကွက်၊ စမ်းသပ်ကွက်များ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ပိုးမွှားရောဂါ သက်ရောက်မှုနှင့် မြေဩဇာအချိုးကျသုံးစွဲမှုအား ရှင်းလင်းပြီး စုပေါင်းမြေဩဇာ ကြဲပက်ပွဲအား ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရောဂါဖြစ်ပွားသည့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ ရောဂါဖြစ်ပွားသည့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ပေးအပ်ခဲ့သည့် အခမ်းအနားကို ယမန်နေ့က နန်းယွန်းမြို့နယ်၊ ရှမ်ဟဲနုတ်ညိုကျေးရွာအုပ်စု၊ လန်းပန်းကျေးရွာ၌ ကျင်းပရာ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက လူဦးရေ ၅၃၂ ဦးအတွက် စောင် ၅၃၂ ထည်၊ အနွေးထည် ၅၃၂ ထည်၊ အာဟာရမှုန့် ၆၅ ဘူးတို့အတွက် ကျပ်သိန်း ၅၀၊ ဆေးဝါးပစ္စည်းများအတွက် ကျပ်သိန်း ၅၀ စုစုပေါင်း ကျပ်သိန်း ၁၀၀ အား စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်နှင့် နန်းယွန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဘိုဘိုကျော်တို့က ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၄-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၆၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၂၀ ကျပ် | ၁၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၃၀ ကျပ် | ၁၀၇၀/၁၀၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၅၅/၉၉၀ ကျပ် | ၁၀၅၅/၁၀၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၀၅/၁၀၃၅ကျပ် | ၁၁၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၀ ⋅ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၀၀ ⋅ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၃ ⋅ ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၉ ⋅ ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၅ ⋅ ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၇ ⋅ ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၄ ⋅ ၉၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ⋅ ၃၇၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၇ ⋅ ၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ ⋅ ၈၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ⋅ ၂၅၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# အကယ်ဒမီခိုင်သင်းကြည်ကို သနပ်ခါးသည်မလေးအဖြစ် မြင်တွေ့ရဦးမည်

သဘာဝကျကျ ဇာတ်ရုပ်များကို ပီပြင်စွာသရုပ်ဆောင်နိုင်သည့် မင်းသမီးတစ်ဦးဖြစ်သူ အကယ်ဒမီခိုင်သင်းကြည်သည် ပုဂံမြို့အာနန္ဒာဘုရားပွဲတွင် ရိုက်ကူးသွားမည့် ၁၂ ပွဲဈေးသည် ဇာတ်ကားကြီးတွင် သနပ်ခါးရောင်းသည့် ဈေးသည်တစ်ဦးအဖြစ် ပါဝင်သွားမည်ဟု သိရသည်။

**မေး ။** ၁၂ပွဲဈေးသည်ရုပ်ရှင်ဇာတ်ကားကြီးကို လက်ခံရိုက်ကူးဖြစ်တဲ့ ကာရိုက်တာကို ပြောပါဦး။

**ဖြေ ။** ကာရိုက်တာကတော့ မခိုင်ကို မြင်နေကျဖြစ်တဲ့ သွက်သွက်လက်လက်နဲ့



ပျော်ပျော်ပါးပါးနဲ့ ဈေးရောင်းရမယ်။ သနပ်ခါးရောင်းတဲ့ဈေးသည်ကာရိုက်တာလေးပါ။၁၂ပွဲဈေးသည်ဆိုတဲ့အတိုင်း ဘုရားပွဲဈေးတန်းမှာ ဈေးရောင်းရမယ်။

ဟိုဘက်က ရွှေမှုံရတီတို့ ကိုလူမင်းတို့ကလည်း ဈေးတွေရောင်းကြတယ်။ မခိုင်ကို ဒီကာရိုက်တာနဲ့ပတ်သက်ပြီး လာငှားတဲ့အချိန်မှာ ကိုယ်ပါဝင်ရတဲ့နေရာကလည်း အထူးတလည်လုပ်ကွက်ပညာပေးပုံစံမဟုတ်ပေမယ့်လည်း ပျော်စရာလည်းကောင်းမယ်။ ကိုယ့်အတွက် Minus ဖြစ်စရာဇာတ်ကွက်တွေလည်းမပါတာမို့ မခိုင်လေး လက်ခံပြီးတော့ ရိုက်ကူးဖြစ်တာပါ။

**မေး ။** ဒီဇာတ်ကားကြီးရိုက်ကူးဖို့အတွက် ပြင်ဆင်မှုလေးတွေကိုလည်း ပြောပေးပါဦး။

**ဖြေ ။** မခိုင်က ဈေးသည်လေးတွေ ဝတ်တဲ့အဝတ်အစားတွေ ကြိုပြင်ဆင်ဖြစ်တယ်။ ဒိုင်ယာလော့ခ်ဆိုရင် ဈေးသည်လေသံဆိုလည်း ဈေးသည်လေသံပေါ့။ ကိုယ်လည်း မြင်တော့မြင်ဖူးပါတယ်။ ဥပမာ-ငါးစိမ်းတန်းမှာ ငါးရောင်းတယ်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက်ကြည့်ပြီး အတုခိုးလိုက်တယ်။မခိုင်က အတုခိုးတာတော့ မြန်တယ်လေ။ အမျိုးတို့ရေဆိုလည်း အမျိုးတို့ရေ...ငါးတွေလတ်တယ်ပေါ့။ သနပ်ခါးသည်တွေ ဘယ်လိုပြောဆိုတယ်ဆိုတာ အတုခိုးပြီး လုပ်ကြည့်ရမှာပေါ့။

**မေး ။** ဇာတ်လမ်းအကြောင်းအရာကရော ဘယ်လိုဖြစ်မလဲ။

**ဖြေ ။** မခိုင်တို့ ဒီကားကတော့ ဖျော်ဖြေရေး သက်သက်ပုံစံမျိုးပါပဲ။ အားလုံးကတော့ သူ့ဆိုင်လေးနဲ့သူ ရောင်းချကြမယ်။ ဘယ်ဆိုင်မှာတော့ ဘယ်လိုရှိတယ်ပေါ့။သူတို့ကျတော့ ဘယ်လိုရောင်းချသလဲပေါ့။ ကိုယ့်အချင်းချင်းဖြစ်ဖြစ်ထိလာရင်မခံဘူး ပြန်ပြောကြမယ်။ စောင်းမြောင်းပြောကြမယ်။ ဖြစ်တတ်တဲ့သဘာဝလေးတွေပေါ့။ ပျော်စရာကြီးပါ။ ကိုယ့်လုပ်ဆောင်နေကျ ကာရိုက်တာလည်း ဖြစ်တယ်။

**ကိုလင်း**

# ဆတ်သေချောင်းရုပ်ရှင်ဇာတ်ကား ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တွင် ရိုက်ကူးမည်

ဂျာကာတာရုပ်ရှင်ထုတ်လုပ်ရေးမှစီစဉ်၍ စာရေးဆရာဖေမြင့်၏ဝတ္ထုကို ဒါရိုက်တာဝင်းထွန်းထွန်း၏ အနုပညာပြချက်ရိုက်ကူးမည့် တစ်ခါက ‘ဆတ်သေချောင်း ’ ရုပ်ရှင်ဇာတ်ကားကြီးကို စက်တင်ဘာလလယ်တွင် ရှမ်းပြည်နယ် နောင်ချိုနှင့် ကချင်ပြည်နယ် ပူတာအိုတွင် ရိုက်ကူးသွားမည်ဟု သိရသည်။

‘ဒီကားမရိုက်ခင် လေးလကြာအောင် အချိန်ပေးပြီးတော့ ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်နဲ့



အခုခေတ်က ပိုသာပါတယ်။ ဟိုတုန်းက ဇာတ်ညွှန်းကို ဒီအတိုင်းပဲ ရိုက်ခဲ့တာ။ အခုကတော့ ဒီဇာတ်ညွှန်းကို လေးလလောက်ကြိုတင်ပြီးတော့ ရေးသားခဲ့တာပါ။ ဇာတ်ကားမှာ သုံးမယ့်ပစ္စည်းတွေအားလုံးကို Skynet က ပံ့ပိုးပေးထားပါတယ်။ ကျွန်တော်လည်း မဝယ်နိုင်ပါဘူး။ အခုတော့ ဒီကားက ကျွန်တော်ရိုက်ခဲ့တဲ့ ဇာတ်ကားတွေထဲမှာ အကောင်းဆုံး ဖြစ်နေရပါမယ်။ အဲ့ဒီအပြင် မိတ်ကပ်ပညာရှင်တွေလည်း စခေါ်ထားပါတယ်။ စုန်းမဆိုပေမယ့် ပရိသတ်ကို ငိုပြရဦးမှာ။ အရင်တုန်းက ဒေါ်ချိုပြုံး လုပ်ပြသွားတဲ့ အိုက်တင်နဲ့ ကျွန်တော်အခုရိုက်ပြမယ့် အိုက်တင်က ကြည့်လိုက်ပါ အများကြီးကွာနေမှာပါ”ဟု ဒါရိုက်တာ ဝင်းထွန်းထွန်းက ပြောသည်။

အဆိုပါ ဇာတ်ကားတွင် အောင်ရဲလင်း၊ မင်းဦး၊ ရဲလေး၊ မိုးယံဇွန်၊ ပြေဇင်၊ အောင်ခိုင်၊ စိုးမြတ်သူဇာ၊ သင်ဇာဝင့်ကျော်၊ ဆုမြတ်နိုးဦး၊ သင်ဇာမြင့်မိုရ်နှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

# Miss Asia Pacific International 2018 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု လီဆူတိုင်းရင်းသူ အလှမယ်အိန်ဂျယ်ရီဆန်း သွားရောက်ယှဉ်ပြိုင်မည်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ အောက်တိုဘာ ၄ ရက်တွင် ကျင်းပမည့် Miss Asia Pacific International 2018 ပြိုင်ပွဲသို့ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် လီဆူတိုင်းရင်းသူ အလှမယ်အိန်ဂျယ်ရီဆန်းက သွားရောက်ယှဉ်ပြိုင်မည်ဟု သိရသည် ။

“ဒီပွဲက ကမ္ဘာ့သက်တမ်းအရင့်ဆုံး ပွဲဖြစ်တယ်။ အာရှမှာပေါ့နော်။ အဲ့ဒါကြောင့် ညီမ ဒီပွဲကိုပြိုင်ချင်လို့ စောင့်ကြည့်နေတာပါ။ ဒီ ၂၀၁၈ မှာ ဖောင်ခေါ်တော့ ဖေ့စ်ဘုတ်ကနေပဲ ဖောင်တင်တယ်။ ညီမ ရွေးချယ်ခံရတယ်။ ဒီ title ကMuawmh Beauty ပေါ့နော်။ ဘယ်အမျိုးသမီးပဲဖြစ်ဖြစ် အလှတွေက တစ်ယောက်နဲ့တစ်ယောက် မတူတဲ့ အလှတွေ အများကြီးရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ညီမကတော့ မိမိဘာသာ၊ မိမိရပ်တည်နိုင်တဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ ဘယ်သူ့ကိုမှအားမကိုးဘူး။ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နိုင်တဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ ညီမအကောင်းဆုံး ယှဉ်ပြိုင်မှာပါ”ဟု အလှမယ်အိန်ဂျယ်ရီဆန်းက ပြောသည်။

အဆိုပါပြိုင်ပွဲကြီးတွင် ဂျပန်၊ ကိုရီးယား၊ ဖိလစ်ပိုင်၊ နယူးဇီလန်၊ ဂျာမနီ၊ အမေရိကန်စသည့် နိုင်ငံပေါင်း ၆၀ နှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အိန်ဂျယ်ရီဆန်းက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဝတ်စုံများကို ဒီဇိုင်နာ စီစီအောင်နှင့် ဒီဇိုင်နာ ဒေးဗစ်တို့က ဖန်တီးချုပ်လုပ်ပေးထားသည်။ talent ပိုင်းပတ်သက်သည့် လီဆူရိုးရာဝတ်စုံကို ပူတာအိုမှ ဒီဇိုင်နာ ဟန်နီက ချုပ်ပေးထားကာ စက်တင်ဘာ ၁၃ ရက်က မြန်မာပြည်မှ ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ၂၀၁၆ ခုနှစ်က စတင်ဝင်ရောက်ယှဉ်ပြိုင်ပြီး Total Image Agency မှ Mark Nyi N က National Director အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် Miss Asia Pacific International Myanmar 2016 အဖြစ် နန်းလှိုင်လှိုင်မိုးနှင့် Miss Asia Pacific International Yangon 2016 အဖြစ် နေခြည်လင်းတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် Miss Asia Pacific International Myanmar 2017 အဖြစ် နန်းသဇင်သင်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ **ကိုလင်း**



# လူဆိုးဂိုဏ်းခေါင်းဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည့် ထူးအယ်လင်း အနုပညာအလုပ်တွေ ဆက်လက်လုပ်ကိုင်မည်



ဝတ္ထု၊ ဒါရိုက်တာ ယုန်လေးရိုက်ကူးသည့် ‘Special 9’ ရုပ်ရှင်ဇာတ်ကားထဲတွင် လူဆိုးခေါင်းဆောင်ကြီး ဇာတ်ကောင်နေရာကနေ ပါဝင်သရုပ်ဆောင်ထားသည့် ရော့ခ်အဆိုတော် ထူးအယ်လင်းက အနုပညာအလုပ်တွေ ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။

“ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ရှက်တယ်။ ယုန်လေးက ကိုယ်နဲ့ ညီအစ်ကိုလိုဖြစ်နေတော့ သူ့ရဲ့ တိုက်တွန်းမှုကြောင့်လည်းပါဖြစ်တာပါ၊ အခက်အခဲတော့ ကြီးကြီးမားမား မရှိပါဘူး။ ကျွန်တော်တို့က နဂိုကတည်းက ဝမ်းတွင်းရှူးပေါ့နော်။ ပြောချင်တာကတော့ ကျွန်တော့် ခေါင်းထဲမှာ ဘာမှမရှိဘူးဗျ။ ဘာမှလည်းမထားဘူး။ လေးတယ်လေ။ ပြောချင်တာက ဒီလိုပါ။ ကျွန်တော်တို့က အသံနဲ့ သရုပ်ဆောင်တယ်။ ဥပမာ- ကိုယ်က အသည်းကွဲပေမယ့်လည်း အပြင်မှာကွဲချင်မှကွဲတာလေ။ ဆိုတဲ့အချိန်မှာတော့ အသည်းကွဲတာပေါ့။ အဲဒီအခါကျရင် အသည်းကွဲတဲ့ မု(ဒ်)ကိုပါအောင်လို့ ကိုယ်ကအသံနဲ့ သရုပ်ဆောင်ရတယ်။ ရုပ်ရှင်ကျတော့လည်း သူတို့ကအရုပ်ပါ ပါတာပေါ့လေ။

“အဲ့ဒီ အရုပ်ရဲ့ခံစားမှုအတိုင်း ရိုက်ကူးရတာပေါ့။ သိပ်တော့လည်း ခက်ခက်ခဲခဲ မရှိပါဘူး။ ဒါပေမယ့် နည်းနည်းလေးတော့ အခက်အခဲရှိတယ်။ ဥပမာ- ကျွန်တော်နဲ့ မြင့်မြတ်အတူတွဲပြီး ရိုက်ကူးကြတယ်။ မြင့်မြတ်ဆိုတာကလည်း တကယ့်ကို ဝါရင့်၊ သမ္ဘာရင့် သရုပ်ဆောင်ကောင်းတစ်ယောက်ပါပဲ။ အဲ့ဒါကြောင့်မို့လို့ ယုန်လေးကို နင်တို့လို အိုက်တင်တွေမရဘူးနော်လို့။ အစ်ကိုကလည်း ချပါဆိုတာနဲ့ လုပ်ဖြစ်ခဲ့တာပါ”ဟု ဆိုသည်။ **ကိုလင်း**

# အဆိုတော် ဝန ကို “တရားသဖြင့်”ဟု အမည်ပေးထားသည့် တစ်ကိုယ်တော်ခွေနှင့်အတူ ဂီတလောကမှာ ထပ်မံတွေ့ရဦးမည်



အနီးဆုံးလူ၊ စိတ်ကူးလေးပါပဲ၊ အမှတ်တရ စသည့်သီချင်းများနှင့် ပရိသတ်ကြားရေပန်းစားခဲ့သည့် အဆိုတော် ဝန က တရားသဖြင့်ဟု အမည်ပေးထားသည့် တေးစီးရီးခွေကို ၂၀၁၈ ခုနှစ် အကုန်တွင် ထွက်ရှိရန် ပြင်ဆင်လျက်ရှိသည်။ လတ်တလောအနေဖြင့် သီချင်းသုံးပုဒ်ဟုအမည်ရသည့် မီနီအယ်လ်ဘမ်ကို အကြိုခံစားနိုင်ရန် ယခုလ ၁၂ ရက်က စတင်ပြီး ထွက်ရှိနေ ကြောင်း သိရသည်။

**မေး။** ဝန ပရိသတ်နဲ့ အလှမ်းဝေးနေတာ ကြာပြီနော်၊ အခုစီးရီးလေး ထွက်ဖြစ်တာက။

**ဖြေ။** အမှန်အတိုင်းဝန်ခံရရင် Mini Album လေးထွက်တယ်ပေါ့ဗျာ။ သီချင်းကလည်း သုံးပုဒ်ပဲပါတယ်ဗျာ။ ဒီသီချင်း သုံးပုဒ်လုံးကို တေးရေးနိုင်လေးကရေးပေးထားတာပါ။ သုံးပုဒ်ထဲဆိုပေမယ့် စိတ်ကြိုက်ဆို၊ စိတ်ကြိုက်ပြန်တီးထားတာဆိုတော့ နည်းနည်းအချိန်တော့ ပေးရပါတယ်၊ မကြိုက်လိုက် ပြန်တီးလိုက်နဲ့ပေါ့၊ အခွေကမထွက်တာ အတော်လေးကြာသွားပြီဆိုတော့ ပရိသတ်ကို ချော့တဲ့အနေနဲ့ ပရိသတ်စိတ်ဆိုးပြေအောင် သီချင်းတစ်ပုဒ်၊ နှစ်ပုဒ်လောက် Single Sound အွန်လိုင်းမှာ တင်လိုက်မယ်ပေါ့၊ ဆိုပြီး စဉ်းစားထားတာ၊ နောင်မှ မထူးပါဘူးဆိုပြီး၊ အခုလို အခွေလေး လုပ်ဖြစ်ခဲ့တာပါ၊ တကယ်တော့ ‘တရားသဖြင့်’ ဆိုပြီး Single Album လည်း နှစ်ကုန်မှာထွက်ဖို့ လုပ်ထားတာပါ။ အခုကျတော့ ပရိသတ်တွေအပေါ် မတရားသဖြင့် ဖြစ်နေတော့ Mini Album လေး လုပ်ဖြစ်လိုက်တာပါ။ **ကိုလင်း**



# ဘာသာခြားစကားလုံးများ မွေးစားသည့်အစဉ်အလာ(၁၁)

**မောင်ခင်မင် (ဓနုဖြူ)**

" အခုပြောပြီးခဲ့တာတွေကတော့ ဘာသာခြားစကားလုံးတွေကို အသံဖလှယ်ပြီး မွေးစားတဲ့အတွက် မြန်မာစကားထဲမှာ မွေးစားစကားလုံးတွေ တိုးပွားလာတဲ့ အကြောင်းလေ၊ ဟုတ်တယ်မဟုတ်လား "

" ဟုတ်ပါတယ်ဆရာ "

" အခုဆက်ပြောရမှာက ဘာသာခြားစကားလုံးတွေကို မွေးစားတာတော့ မွေးစားတာပဲ။ ဒါပေမယ့် အသံလှယ်ပြီး မွေးစားတာတော့မဟုတ်ဘူး။ အဓိပ္ပာယ်တူအောင်၊ ဒါမှမဟုတ် အနီးစပ်ဆုံးဖြစ်အောင် မြန်မာဘာသာပြန်ပြီး မွေးစားတာလေ။ အဲဒီနည်းနဲ့လည်း စကားလုံးသစ်တွေ တိုးပွားလာတာပေါ့ "

" ဟုတ်ကဲ့ပါ "

" ဒီလိုဘာသာပြန်မွေးစားတဲ့ အစဉ်အလာဟာ ပုဂံခေတ်ကတည်းကရှိခဲ့တယ်။ 'သဗ္ဗညုတဉာဏ်' ကို 'သိစပ်မြင်နှံ့' လို့ ဘာသာပြန်တာမျိုးပေါ့။ နှံ့နှံ့စပ်စပ် သိမြင်တဲ့ ဘုရားဉာဏ်တော်ကို ' သိစပ်မြင်နှံ့ ' လို့ ကျစ်ကျစ်လျစ်လျစ် ဘာသာပြန်ထားတာလေ"

" ဟုတ်ကဲ့ပါ "

" အဲဒီလိုပဲ။ အနိစ္စကို ' အတည်မဲ့ '၊ မောဟ၊ ဒေါသ၊ လောဘကို 'အမိုက်အမျက် ရမက် '၊ 'ဇာတိ ဇရာ မရဏ' ကို 'အဖြစ် အိုမင်း သေခြင်း ' ဆိုပြီး ဘာသာပြန်သုံးတာတွေပဲ "

"ဟုတ်ကဲ့ပါ"

"အခုခေတ်မှာ အသုံးတွင်ကျယ်ရုံမက ရိုးတောင်နေတဲ့ 'အမျိုးသား'၊ 'အမျိုးသမီး' ဆိုတဲ့ စကားလုံးတွေလည်း ပါဠိကို မြန်မာပြန်ထားတာတွေပေါ့။ 'ကုလပုတ္တ' ဆိုတာ အမျိုးကောင်းသား၊ 'ကုလဓီတာ' ဆိုတာ အမျိုးကောင်းသမီးပေါ့။ အဲဒီစကားလုံးတွေကို 'အမျိုးသား'၊ 'အမျိုးသမီး' လို့ ပုဂံခေတ်ကတည်းက ဘာသာပြန်ပြီး သုံးတာလေ။ 'နဂရ သောဘိနီ' ကို 'ပြည့်တန်ဆာ'၊ ဂဟ ပတိကို 'အိမ်ရှင်'၊ 'ပါရဂူ'ကို 'တစ်ဖက် ကမ်းခတ်'၊ ပတ္တနိကုဇ္ဇကို 'သပိတ်မှောက်' ဆိုပြီး ဘာသာပြန်သုံးခဲ့ကြတာ၊ နမူနာပြောတာပါ။ အများကြီးရှိပါတယ် "

"စိတ်ဝင်စားစရာ ကောင်းပါတယ်ဆရာ။ ဒါဆိုရင် အင်္ဂလိပ်စကားကို ဘာသာပြန်ပြီး မွေးစားတဲ့ စကားလုံးတွေလည်း ရှိမှာပေါ့နော် "

"ရှိတာပေါ့။ ကိုလိုနီခေတ်ကစပြီး ခုခေတ်အထိ အင်္ဂလိပ်စကားလုံးတွေကို ဘာသာပြန်ပြီးသုံးတာတွေ အများကြီးပါပဲ။ machine gun ကို စက်သေနတ်၊ airport ကို လေဆိပ်၊ airhostress ကို လေယာဉ်မယ်။ red- tapism ကို ကြိုးနီစနစ်စသည်ဖြင့်ပေါ့။ ခပ်စောစောပိုင်းကတည်းက ဘာသာပြန် မွေးစားသုံးတာလေ "

" ဟုတ်ကဲ့ပါ "

" သတိရလို့ပြောရဦးမယ်။ ကိုလိုနီခေတ်တုန်းက တက္ကသိုလ်နဲ့ဆိုင်တဲ့ ဝေါဟာရတွေကို ဆရာကြီးဦးဖေမောင်တင် ဦးဆောင်တဲ့ပညာရှင်တွေက မြန်မာလိုဘာသာပြန်ပြီး မြန်မာဝေါဟာရလုပ်ခဲ့ကြတဲ့ အကြောင်းလေ"

" ပြောပြပါဆရာ "

" ရန်ကုန်တက္ကသိုလ်တည်ထောင်စက ' ရန်ကုန်ယူနီဘာစီတီကောလိပ် ' လို့ခေါ်ကြတယ်။ ' ရန်ကုန်သိပ္ပံကျောင်းတော်ကြီး ' လို့ မြန်မာလိုခေါ်တာလည်းရှိတယ်။ အတည်တကျမဖြစ်ခင် ခေါ်ကြတာပေါ့။ နောက်ပိုင်းမှာ professor ကို 'စာပို့ ဆရာကြီး'၊ Lecturer ကို 'စာပို့ဆရာ ' လို့ ဘာသာပြန်ကြတယ်တဲ့။ စာပေပို့ချတဲ့ အဓိပ္ပာယ်ပေါ့။ နောက်ပိုင်းမှာ စာတိုက်ပေါ်လာတော့ စာတိုက်က စာပို့တဲ့သူနဲ့ ရောရောထွေးထွေး ဖြစ်ကုန်ရော။ ဒါကြောင့် ဆရာကြီးဦးဖေမောင်တင်တို့အဖွဲ့က ယူနီဘာစီတီကို 'တက္ကသိုလ်'လို့ ဘာသာပြန်ဖို့ ဆုံးဖြတ်ကြတယ်။ 'တက္ကသိုလ်'ဆိုတာ အိန္ဒိယမှာရှိတဲ့ Taxila တက္ကသီလဆိုတဲ့ မြို့ကလေးနာမည်ပေါ့။ အဲဒီမြို့က ပညာသင်ကြားပို့ချရာမှာ ထင်ရှားလို့ အဲဒီတက္ကသီလာကို ရှေးစာပေတွေမှာ 'တက္ကသိုလ်' လို့ မြန်မာမှု ပြုခဲ့ကြတယ်။ တက္ကသိုလ်ပြည်က ဒိသာပါမောက္ခ ဆရာကြီးဆီမှာ ပညာသင်တဲ့အကြောင်း ဇာတ်တော်တွေမှာပါတယ် မဟုတ်လား။ အဲဒီ တက္ကသိုလ်ဆိုတဲ့ စကားကိုယူပြီး ယူနီဘာစီတီကို တက္ကသိုလ်လို့ ခေါ်ရာက အခုတော့ တွင်ကျယ်နေပါပြီ "

" အခုဆက်ပြောရမှာက ဘာသာခြားစကားလုံးတွေကို မွေးစားတာတော့ မွေးစားတာပဲ။ ဒါပေမယ့် အသံလှယ်ပြီး မွေးစားတာတော့မဟုတ်ဘူး။ အဓိပ္ပာယ်တူအောင်၊ ဒါမှမဟုတ် အနီးစပ်ဆုံး ဖြစ်အောင် မြန်မာဘာသာပြန်ပြီး မွေးစားတာလေ။ အဲဒီနည်းနဲ့ လည်း စကားလုံးသစ်တွေ တိုးပွားလာတာပေါ့ "

" ဩော်...ဟုတ်ကဲ့ပါ "

"အဲဒီလိုပဲ professor ကို ပါမောက္ခ၊ lecturer ကို ကထိက၊ Arts ကို ဝိဇ္ဇာ၊ science ကို သိပ္ပံစသည်ဖြင့် ဘာသာပြန်ကြတာပေါ့။ ပညာရပ်ဌာနတွေကိုလည်း ရူပဗေဒ၊ ဓာတုဗေဒစသည်ဖြင့် ပါဠိစကားလုံးတွေသုံးပြီး ဘာသာပြန်ကြတယ်။ ဘာသာပြန်ပြီး မွေးစားတာပေါ့"

"ဟုတ်ကဲ့ပါ၊ ခုခေတ်မှာလည်း ဘာသာပြန်ပြီး မွေးစားတဲ့စကားလုံးတွေ အများကြီးပေါ်လာတယ်လို့ ထင်ပါတယ်ဆရာ"

"ပြောပြပါလား၊ ဘယ်စကားလုံးတွေလဲ"

"သိသလောက်ပြောကြည့်ပါ့မယ်ဆရာ။ calculator ကို ဂဏန်းပေါင်းစက်၊ copier ကို မိတ္တူကူးစက်၊ escalator ကို ရွေ့လျားစက်လှေကားလို့ ဘာသာပြန်တာမျိုးတွေပါ"

"ဟုတ်ပါတယ်။ မူလဝေါဟာရကို အခြေခံပြီး ဝေါဟာရအသစ်တွေ ဘာသာပြန်ဖန်တီးပုံတစ်ခုကို သတိထားမိလို့ပါ။ 'လှေကား' ဆိုတာ တို့မြန်မာစကားမှာ ရှေးကတည်းက ရှိခဲ့တာလေ။ အဲဒီလှေကားကို လျှပ်စစ်နဲ့ တက်ရဆင်းရတဲ့ elevator ပေါ်လာတော့ 'ဓာတ်လှေကား' လို့ ခေါ်လိုက်တယ်။ 'ဓာတ်' ဆိုတာ အဲဒီလိုလျှပ်စစ်တို့၊ စက်တို့နဲ့ လှုပ်ရှားတဲ့ ပစ္စည်းတွေကို သုံးတဲ့စကားမဟုတ်လား။ ဓာတ်မီးတို့၊ ဓာတ်စက်တို့၊ ဓာတ်ရထားတို့လိုပေါ့။ နောက်တစ်ခါ စက်နဲ့ရွေ့လျားတဲ့ လှေကားပေါ်လာတော့ 'စက်လှေကား' လို့ နာမည်ပေးတယ်။ အလျားလိုက်ရွေ့တဲ့ escalator ကျတော့ 'ရွေ့လျား စက်လှေကား' တဲ့။ ဘာသာပြန်ပုံ၊ ဝေါဟာရဖန်တီးပုံတွေဟာ စိတ်ဝင်စားစရာကောင်းပါတယ်"

"ဩော်။ ဆရာရှင်းပြမှ ကျွန်တော်တို့ ဒီဝေါဟာရဖန်တီးပုံတွေပါ သတိပြုမိပါတယ်ဆရာ"

"ခုခေတ်မှာ ဘာသာပြန်မွေးစား စကားလုံးတွေ အင်နဲ့အားနဲ့ ပေါ်ပေါက်နေတာလေ။ market economy ကို ဈေးကွက်စီးပွားရေးစနစ်တဲ့၊ open door policy ကို တံခါးဖွင့်ဝါဒတဲ့၊ border trade ကို နယ်စပ်ကုန်သွယ်ရေးတဲ့။ contact lens ကို မျက်ကပ်မှန်တဲ့"

"ဟုတ်ကဲ့ပါ။ new generation ကို မျိုးဆက်သစ်၊ brain drain ကို ဦးနှောက်ယိုစီးမှုလို့ ဘာသာပြန်တာတွေလည်း ရှိပါတယ်ဆရာ"

"ဟုတ်ပဲ့။ ဩော်... အသံဖလှယ်ပြီး မွေးစားတဲ့ စကားလုံးတွေအကြောင်း ပြောတုန်းက အတိုကောက် ဝေါဟာရတွေကိုလည်း အသံလှယ်တဲ့အကြောင်း မပြောမိဘူးထင်တယ်။ မြန်မာစကားမှာသုံးတဲ့ ဖဆပလ တို့၊ နဝတ တို့၊ အထက တို့ ၊ ပြန်ဆက် (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး)တို့၊ အားကာ (အားကစားနဲ့ ကာယပညာ) တို့ သာမက အင်္ဂလိပ်အတိုကောက်တွေကိုလည်း မွေးစားထားတာတွေ ရှိတယ်လေ။ ယူနက်စကိုတို့၊ ယူနီဆက်ဖ်တို့၊ အီးယူတို့၊ အာဆီယံတို့၊ ဘင်းစတက်တို့ဆိုတာတွေ အဖွဲ့အစည်းနာမည်တွေ မဟုတ်လား။ သတင်းစာတွေ၊ ဂျာနယ်တွေမှာ အဲဒီအတိုကောက် မွေးစားစကားလုံးတွေကို တွင်တွင်ကျယ်ကျယ် သုံးနေတာလေ။ အသေးစိတ်တော့ မပြောတော့ဘူး။ စိတ်ဝင်စားရင် သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာ အများကြီးရှိပါတယ်"

"သမီးတို့ ရှာဖွေပြီး လေ့လာပါ့မယ် ဆရာ။ စိတ်ဝင်စားပါတယ်"

"ဒီတော့ ချုပ်ရရင် ဘာသာခြားစကားလုံးတွေကို အသံဖလှယ်ပြီး မွေးစားတာဖြစ်ဖြစ်၊ ဘာသာပြန်ပြီး မွေးစားတာဖြစ်ဖြစ် လုပ်တာဟာ အစဉ်အလာတစ်ခုပါပဲ။ ဘာသာစကားထဲမှာ စကားလုံးတိုးပွားဖို့ အထောက်အကူပြုတဲ့ နည်းလမ်းတွေပါပဲ။ ကဲ... ဒီလောက်ဆိုရင် ဒီအကြောင်းခြုံမိလောက်ပါပြီ"

"ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ် ဆရာ"။


## ဒေါ်ကျိုးကွေ့ဖိန်းနှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းကျော်မင်းနှင့် ဒေါ်ကျိုးကွေ့ဖိန်းတို့သည် ၂၀၁၂ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်ကျိုးကွေ့ဖိန်းသည် လွန်ခဲ့သောသုံးလခန့်တွင် အကြောင်းတစ်စုံတစ်ရာမပြောဘဲ နေအိမ်မှ ထွက်ခွာသွားခဲ့သည်မှာ ယနေ့အထိဖြစ်ပါသည်။ ၄င်းထွက်ခွာသွားသည့်အခါ ၄င်းနှင့်အတူ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ ကျွန်ုပ်မိတ်ဆွေဝယ်ယူထားသော တိုက်ခန်း၏ အရောင်းအဝယ်စာချုပ်(မူရင်း)အား မိမိသဘောအလျောက် ယူဆောင်သွားခဲ့ပါသည်။ ယခုထက်တိုင်လည်း ကျွန်ုပ်၏မိတ်ဆွေနှင့် ဆက်သွယ်ခြင်းမရှိဘဲ ရှောင်တိမ်းနေပါသည်။ သို့ပါ၍ ဒေါ်ကျိုးကွေ့ဖိန်း ယူဆောင်သွားသော တိုက်ခန်းအရောင်းအဝယ်စာချုပ် (မူရင်း)အား အမြန်ဆုံး ကျွန်ုပ်၏မိတ်ဆွေထံ ပြန်လည်အပ်နှံရန် အသိပေးတောင်းဆိုလိုက်ပါသည်။ စာချုပ်ပါလိပ်စာဖြစ်သော အမှတ်(၆၉)၊ မြေညီထပ်၊ ဗိုလ်စိန်မှန်လမ်း၊ ဗိုလ်စိန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဒေါ်ကျိုးကွေ့ဖိန်းမှ ကျွန်ုပ်၏ မိတ်ဆွေခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲဒါန်းခြင်းစသည့် ကိစ္စရပ်များအား (လုံးဝ)မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ကျိုးကွေ့ဖိန်းအနေဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိုက်ခန်းအရောင်းအဝယ်စာချုပ်(မူရင်း)အား ကျွန်ုပ်ထံသို့ လာရောက်ပေးအပ်ရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်သည့်တိုင်အောင် လာရောက်ပေးအပ်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ကျိုးကွေ့ဖိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစိုင်းကျော်မင်း**
**၉/မကန(နိုင်)၀၇၅၅၅၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညွန့်မောင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၄၆၃)**
**အမှတ် ၁၀၆-၄-လွှာ၊ စိတ္တသုခလမ်း၊**
**ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၁၀၄၉၆၆**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋိလ(၄)လမ်း၊မြေကွက်အမှတ်(၈၀၅က/ခ)ပေါ်တွင် ဆောက်လုပ်ထားသောနှစ်ခန်းတွဲ ခြောက်ထပ်တိုက် ၏မြေညီထပ်ခိုးပါ ခြေရင်းခန်း (၁၉ပေ×၅၄ပေ) ၁၄ပေ အမြင့်တိုက်ခန်းကို လက်ရှိပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိသည်ဟု အဆိုပြုသူ (First Mega Group Construction Co.Ltd)မှ Managing Director ဦးတေဇာလှိုင် ၁၂/ပဘတ(နိုင်)၀၀၀၅၆၀ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ဒေါ်မေဆုမွန် ၉/ခမစ(နိုင်)၀၁၄၂၅၉ ကရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်း အဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အရ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေဆုမွန်**
**၄/၆/၁၆ ဦးစလမ်း၊ စိုက်မွေး(၁)ရပ်ကွက်၊ ဒဂုံ(တောင်)**
**ဖုန်း-၀၉-၄၃၀၇၉၄၁၁**

## ဖခင်အမည်မှန်

ရေဦးမြို့နယ်၊ အထက (မုံတိုင်ပင်) အဋ္ဌမတန်း(A)မှ မမာလာဖူး၏ ဖခင်အမည်မှန်မှာ ဦးဇော်မြင့်ဦး ၅/ရဥန(နိုင်)၀၇၀၃၇၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေဦးမြို့နယ်၊ အထက(မုံတိုင်ပင်) အဋ္ဌမတန်း(B)မှ မသွယ်သွယ်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဖိုးဇော် ၅/ရဥန(နိုင်)၀၆၂၆၈၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေဦးမြို့နယ်၊ အထက(မုံတိုင်ပင်) အဋ္ဌမတန်း(B)မှ မောင်ကောင်းမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင် ၅/ရဥန(နိုင်)၀၃၃၈၂၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေဦးမြို့နယ်၊ အထက(မုံတိုင်ပင်) နဝမတန်း(B)မှ မောင်မင်းခန့်စိုး၊ အဋ္ဌမတန်း(B)မှ မောင်အောင်ဖြိုးဖြိုး၊ ပဥ္စမတန်းမှ မမေနှင်းဖြူ၊ အမက(အင်ပင်)တတိယတန်းမှ မစန်းစန်းထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဦး ၅/ရဥန(နိုင်) ၀၃၄၈၀၁ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ငုဝါလမ်း၊ အိမ်အမှတ်- ၅၉၅(က) နေ (အဘ) ဦးအောင်သန်း၊ (အမိ) ဒေါ်တင်ရီတို့၏ သား၊ နိုင်ငံသားစိစစ်ရေးအမှတ် (၁၂/ဥကတ (နိုင်)၀၄၄၃၈၈) ကိုင်ဆောင်သူ ကျွန်တော် ဦးတိုးအောင်၊ အသက် (၅၁)နှစ်၊ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ် (၁)၊ တိုက်အမှတ်(၂၄၃)၊ အခန်းအမှတ်(၁၀)နေ အဘ- ဦးမြထွေး၊ အမိ-ဒေါ်မာမာနိုင်တို့၏ သမီး နိုင်ငံသားစိစစ်ရေးအမှတ် (၁၂/ရကန (နိုင်)၀၃၂၆၉၈) ကိုင်ဆောင်သူ ကျွန်မ ဒေါ်တင်မိုးထက် ၊ အသက် (၅၀)နှစ်၊ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူတို့သည် ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ဇနီးမောင်နှံအဖြစ် နှစ်ဦးသဘောတူ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ပေါင်းသင်းခဲ့ကြပါသည်။

